ကြေးမုံ
The Mirror
၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်
Established in 1957
၁၃၇၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၈ ရက်၊ သောကြာနေ့ (27-9-2013) (၇၆၁၆)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကမ္ဘောဒီးယားဝန်ကြီးချုပ်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော်　　စက်တင်ဘာ　၂၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်အဖြစ် ထပ်မံရွေးကောက်တင်မြှောက်ခြင်းခံရသည့် ဆမ်ဒက် အာခါ မိုဟာ ဆီနာ ပါတိုင်း တဲ့ချိ ဟွန်ဆင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ယနေ့ မာတိကာ

မြန်မာ-ဂျပန်-ထိုင်း သုံးနိုင်ငံညှိနှိုင်း အစည်းအဝေးကျင်းပ
စာမျက်နှာ - ၃

မြန်မာနိုင်ငံအတွင်း ဖော်ဆောင်လျက်ရှိသော ငြိမ်းချမ်းရေး သဘောတူညီချက်များထောက်ခံ
စာမျက်နှာ - ၅

သက်ကြီးရွယ်အိုများ ပြောကြားနေသော ၎င်းတို့၏အနာဂတ်
စာမျက်နှာ - ၆

ပွင့်လင်းမြင်သာမှုရှိလာသည်နှင့်အမျှ တရားရေး ညှိနှိုင်းဆောင်ရွက်မှုများရှိလာ
စာမျက်နှာ - ၁၂

သတင်းအချက်အလက်နှင့် နည်းပညာကဏ္ဍ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ အမြင်ချင်းဖလှယ်

နေပြည်တော်　　စက်တင်ဘာ　၂၆

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် Telenor Group ၏ Chairman of Board of Director ဖြစ်သူ Mr. Svein Aaser ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့်အတူ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးသန့်ကျော်၊ ဦးသောင်းတင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာ၌ မြန်မာနိုင်ငံ သတင်းအချက်အလက်နှင့် နည်းပညာကဏ္ဍ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ၊ မြန်မာနိုင်ငံ၏ တယ်လီဖုန်းသုံးစွဲမှု သိပ်သည်းဆ မြင့်မားလာပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရေးကိစ္စရပ်များ၊ ပြည်တွင်းဆက်သွယ်ရေးဆိုင်ရာ ပညာရှင်များ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိရေးနှင့် Telenor Group မှ ဆက်သွယ်ရေးကဏ္ဍဆိုင်ရာ လုပ်ငန်းနှင့်ဆက်စပ်လုပ်ငန်းများ မြန်မြန်ဆန်ဆန် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

(သတင်းစဉ်)

ဒုတိယသမ္မတ ဦးညဏ်ထွန်း Telenor Group ၏ Chairman of Board of Director ဖြစ်သူ Mr. Svein Aaser အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။
(သတင်းစဉ်)

မြန်မာနိုင်ငံတွင် လေစွမ်းအင်ဖြင့် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ်ထောင်ချီထုတ်လုပ်မည်

ထိုင်းနိုင်ငံ Gunkul Engineering Co., နှင့် တရုတ်နိုင်ငံ China Three Gorges Co., တို့က ပြည်တွင်းရှိ ဒေသအချို့တွင် လေစွမ်းအင်ဖြင့် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ထောင်ချီထုတ်လုပ်ရန် နားလည်မှုစာချွန်လွှာ ရေးထိုးခဲ့ကြောင်း လျှပ်စစ်ဓာတ်အားဝန်ကြီးဌာန လျှပ်စစ်စွမ်းအားဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မျိုးဝင်းက ပြောကြားသည်။

Gunkul Engineering Public Co., က မွန်၊ ကရင်၊ တနင်္သာရီနှင့် ရှမ်းပြည်နယ်တို့ရှိ နေရာခုနစ်နေရာတွင် လျှပ်စစ်ဓာတ်အား ပမာဏ ၂၉၃၀ မဂ္ဂါဝပ်ထုတ်လုပ်နိုင်မည့် လေစွမ်းအင်စက်ရုံများဆောက်လုပ်ရန် လေ့လာမှုများ ပြုလုပ်နေပြီး China Three Gorges Co., က ချင်း၊ ရခိုင်၊ ဧရာဝတီနှင့်ရန်ကုန်တိုင်းဒေသကြီးတို့တွင် လေ့လာမှုများ ပြုလုပ်နေကာ ၁၁၀၂ မဂ္ဂါဝပ် ထုတ်လုပ်နိုင်မည့်လေစွမ်းအင် စက်ရုံများ ဆောက်လုပ်ရန် ရည်ရွယ်ထားကြောင်း အဆိုပါ ဝန်ကြီးဌာနမှ သိရသည်။

"Wind Power Project က MoU ထိုးထားတာ နှစ်ခုရှိတယ်။ ဒါပေမယ့် သူတို့က အခုစမ်းသပ်တုန်းပဲရှိသေးတယ်။ လေစွမ်းအင်က တစ်နှစ်တည်းတိုင်းလို့မှ မရတာ။ စီးပွားဖြစ်တွက်ခြေကိုက်မှ သူတို့ကစမှာ"ဟု ဦးအောင်မျိုးဝင်းက ဆိုသည်။

စာမျက်နှာ ၉ ကော်လံ ၇ သို့ ❍

ဈေးကွက်အတွင်း ငါးပိအချို့ ဓာတ်မြေသြဇာများ ပါဝင်မှုအတည်ပြု

ရန်ကုန်　　စက်တင်ဘာ　၂၆

ငါးပိတွင် ယူရီးယားဓာတ်မြေသြဇာများ ပါဝင်နေသည်ဟု အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန(FDA) ဓာတ်ခွဲခန်းက အဖြေထုတ်စစ်ဆေးပေးခဲ့ကြောင်း မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးအသင်း ဥက္ကဋ္ဌ ဦးဗအုပ်ခိုင်က ပြောကြားသည်။

ရန်ကုန်အခြေစိုက်ဈေးများတွင် ရောင်းချနေသော ငါးပိအချို့ကို နမူနာဝယ်ယူကာ အဆိုပါဓာတ်ခွဲခန်းသို့ ပေးပို့စစ်ဆေးရာ ယင်းကဲ့သို့ တွေ့ရှိရခြင်းဖြစ်သည်။ "ဈေးတွေထဲက အနံ့အသက်မသက်ာတဲ့ ငါးပိတွေကို ခြောက်မျိုးလောက်ဝယ်ပြီး အဲဒီအထဲက သုံးမျိုးကိုသင်္ကေတတွေတပ်ပြီး စစ်ဆေးဖို့ပေးပို့တဲ့အခါ အခုလိုတွေ့ရှိလာရတာဖြစ်ပါတယ်။ အသင်းအနေနဲ့လည်း ဒါကိုဒီနေ့ရက်စွဲနဲ့ သတင်းထုတ်ပြန်သွားဖို့ရှိပါတယ်" ဟု ၎င်းကရှင်းပြသည်။

နမူနာပေးပို့လိုက်သော သုံးမျိုးအနက်က ငါးပိရည်ကျိုတစ်မျိုးတွင် တွေ့ရှိရခြင်းဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီးဘက်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့လာသော ငါးပိဖြစ်ကြောင်း၊ စစ်ဆေးရန်ပေးပို့မှုကို ဩဂုတ် ၂၆ ရက်က တည်းက လုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး တစ်လခန့်အကြာတွင် ယခုလိုသိရှိရခြင်းဖြစ်သည်ဟု ၎င်းကဆက်လက်ပြောကြားခဲ့သည်။

(ထက်ခိုင်-စမ်းချောင်း)

ပြည်သူများ၏ဆန္ဒကို အကောင်အထည်ဖော်နိုင်မှုနှင့် လက်ငင်းအကျိုးသက်ရောက်မှုတို့အပေါ်မူတည်၍ ပြည်သူ့အစိုးရအဖြစ် အသိအမှတ်ပြုမှာဖြစ်

သတင်း စာမျက်နှာ » ၉

ကြေးမုံစာတည်းရှုထောင့် ၂၇-၉-၂၀၁၃ [သောကြာနေ့]

စည်းကမ်းတကျ၊ နည်းလမ်းတကျ

အမှိုက်ဟူသည် လူ့ဝန်းကျင်ကို ဒုက္ခပေးသည့်အရာ။ အားလုံးက ဤအတိုင်းရှုမြင်သဘောထားတတ်ကြသည်။ အမှိုက်သည် စွန့်ပစ်ပစ္စည်း။ လူ့ဝန်းကျင်ကိုအကျိုးမပြုသောအပိုပစ္စည်း။ "အမှိုက်ကစ ပြာသာဒ်မီးလောင်" ဆိုစကား၊ ဆိုးကျိုးပေးတတ်သည့် အမှိုက်၏ပုံရိပ်။ သို့သော် ကျွန်ုပ်တို့သည် ဤအမှိုက်များနှင့်နိစ္စဓူဝ ရှောင်လွှဲမရထွေးရောယှက်တင်ကြုံတွေ့နေကြရသည်။

ကျွန်ုပ်တို့နေ့စဉ်သောက်သုံးနေသော ရေတွင် မျက်စိနှင့်တပ်အပ်သေချာ မမြင်နိုင်သည့် ဓာတ်ပြုပျော်ဝင်အမှိုက်များရှိနေသည်။ မိမိတို့နေ့စဉ်ရှူရှိုက်နေသည့်လေထုတွင်လည်း ကာဗွန်အပါအဝင် အဆိပ်အတောက်ဓာတ်ငွေ့ မြောက်မြားစွာရောနှောပါဝင် ဒုက္ခပေးလျက်ရှိနေသည်။ စားသည့်အစာဟူသမျှတွင်လည်း ဓာတုပစ္စည်းမကင်း။ မတော်လောဘရှိသူတစ်စု၏ လူမဆန်မှုဒဏ်ကို စားသုံးသူပြည်သူများခံနေကြရသည်။ ဤသည်မှာ မိမိတို့၏ နိစ္စဓူဝရှောင်လွှဲ မရဖြစ်နေရသည့် အမှိုက်ကိစ္စများပင်ဖြစ်သည်။

မမြင်ရသည့်အမှိုက်များအပြင် ထင်သာမြင်သာအမှိုက်များလည်း ဒုနှင့်ဒေး။ ဤအမှိုက်များကိုရှင်းလင်းနိုင်ရေး ပညာရှင်များဝိုင်းဝန်းကြိုးစားနေကြရသည်။ တချို့က အမှိုက်ဟူသမျှအပြောင်ရှင်းစနစ်ကျင့်သုံးကြသလို တချို့က အမှိုက်မှ လူသားအတွက် အကျိုးပြုမည့်ရှင်းလင်းရေးစနစ်ကို ကြံဆတီထွင်အသုံးပြုလာကြသည်။ အကောင်းမြင်အပြုသဘောတွေးတောသူများ၏ လောကအကျိုးပြုရလဒ်ကောင်းများကို မိမိတို့နိုင်ငံတွင် မြင်တွေ့လာရတော့မည်။ ကျွန်ုပ်တို့နိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းမှီတင်းနေထိုင်ရာ ကျေးလက်ဒေသမီးလင်းရေးတွင် မဟာဓာတ်အားလိုင်းနှင့် ချိတ်ဆက်လင်းစေရေး။ အလှမ်းဝေးရာတောင်ပေါ် မြေပြန့်ဒေသများတွင် နေစွမ်းအင်၊ ရေစွမ်းအင်များမှ လျှပ်စစ်မီးရရှိရေး ဆောင်ရွက်လျက်ရှိသည်။ နေစွမ်းအင်၊ ရေစွမ်းအင်များအပြင် ကျေးလက်မီးလင်းရေးတွင် ကျေးရွာများရှိ စွန့်ပစ်ပစ္စည်းများမှ လျှပ်စစ်ဓာတ်အားထုတ်ယူသုံးစွဲနိုင်ရေး စီမံဆောင်ရွက်လျက်ရှိနေကြောင်းသိရသည်။ လူ့ဝန်းကျင်မှစွန့်ပစ်အမှိုက်များကို လူသားအကျိုးအတွက်အသုံးချမည့်အစီအစဉ်ဖြစ်သည်။

ကျေးရွာများ၏စွန့်ပစ်ပစ္စည်းများဖြစ်သည့် စပါးခွံ၊ မြေပဲခွံ၊ ကြံဖတ်၊ ဝါစေ့စသဖြင့် ထွက်ရှိသော အမှိုက်သရိုက်များ၊ နွားချေးများအပြင် စက်ရုံများမှ ထွက်ရှိသော ရေဆိုးရေညစ်များကိုနည်းပညာဖြင့်စွမ်းအင်ထုတ်လုပ်၍ ကျေးလက်ဒေသမီးလင်းရေးကိုဆောင်ရွက်ပေးသွားမည်ဟု သိရသည်။ ယနေ့ကမ္ဘာတွင် ရေနံ၊ ဓာတ်ငွေ့လောင်စာများနှင့် စွမ်းအင်ရယူနေရချိန်တွင် ကျေးလက်ဒေသထွက်စွန့်ပစ်ပစ္စည်းအမှိုက်များမှ စွမ်းအင်ထုတ်လုပ်ပြီး ဒေသ၏လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မှုသည် "ငါးကြင်းဆီနှင့် ငါးကြင်းပြန်ကြော်" ခြင်းဖြစ်သည်။ အမှိုက်ကိုတန်ဖိုးရှိစွာအသုံးချနိုင်ရေးအတွက် စွမ်းဆောင်ပေးနိုင်သော နည်းပညာများ၏ကျေးဇူးကြောင့် မိမိတို့နိုင်ငံ၏စွန့်ပစ်အမှိုက်များ ရွှေဖြစ်လာတော့မည်။ နိုင်ငံ၏လောလောဆယ် လျှပ်စစ်ရရှိမှု ၂၆ ရာခိုင်နှုန်းမှသည် ရွှေအမှိုက်၏ စွမ်းအင်ကြောင့် မကြာမီ ၆၂ ရာခိုင်နှုန်း၊ ထိုမှတစ်ဆင့် ရာနှုန်းပြည့်ဖြစ်လာတော့မည်။ နည်းပညာနှင့်အမှိုက်ပေါင်းစပ်ပေးမှု၏ရလဒ်ဖြစ်၏။

အမှိုက်သည်စွန့်ပစ်ပစ္စည်းဆိုငြားလည်း ယခုအခါ စွန့်ပစ်ပစ္စည်းတိုင်းလည်း အမှိုက်ဟူ၍မဆိုသာပြီ။ နည်းပညာခေတ်မှာ အမှိုက်ကရွှေဖြစ်လာခဲ့ပြီ။ သုံးတတ်လျှင် အမှိုက်သည်လည်း လောကကိုအကျိုးပေးသော ဆေးကောင်းတစ်လက် ဖြစ်လာခဲ့ရသည်။ ထို့ကြောင့် အမှိုက်ကို စည်းကမ်းတကျစွန့်ပစ်ရန် လိုသလို အကျိုးရှိရှိ နည်းလမ်းတကျအသုံးချကြရမည် ဖြစ်သည်။ ။

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအကြို ဘိလိယက်နှင့် စနူကာပြိုင်ပွဲဖွင့်

နေပြည်တော် စက်တင်ဘာ ၂၆

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအကြို ဘိလိယက်နှင့်စနူကာပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားရုံ၌ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက အမှာစကားပြောကြားရာတွင် ကမ္ဘာတစ်ဝန်း လူကြိုက်များသည့် ဘိလိယက်နှင့် စနူကာ အားကစားနည်းကို မြန်မာပြည်တစ်ဝန်း တိုးတက်ကျယ်ပြန့်စေရန်အတွက် အာရှနိုင်ငံများမှ အားကစားသမားများကို ဖိတ်ခေါ်၍ ချစ်ကြည်ရေးအဖွဲ့များ ယှဉ်ပြိုင်ကစားခြင်း၊ အင်္ဂလန်အပါအဝင် ဘိလိယက်နှင့် စနူကာအားကစားနည်း ထူးချွန်သော နိုင်ငံများမှ နည်းပြများခေါ် ယူနည်းပြစေခြင်း၊ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌လည်း ဘိလိယက်နှင့်စနူကာ အားကစားနည်းပါဝင်ရေးကို အလေးထားဆောင်ရွက်ခြင်း၊ ယခု Pre- SEA Games Test Match ဘိလိယက်နှင့် စနူကာပြိုင်ပွဲမှ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဘိလိယက်နှင့် စနူကာအားကစားကို အောင်မြင်စွာကျင်းပနိုင်ရေး အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးက ကျူတံထိုး၍ ပြိုင်ပွဲဖွင့်လှစ်ပေးပြီး မြန်မာအသင်းနှင့် စင်ကာပူအသင်းတို့ စနူကာယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးသည်။

ပြိုင်ပွဲတွင် မြန်မာနိုင်ငံနှင့် နိုင်ငံလေးနိုင်ငံမှ ပြိုင်ပွဲဝင် အားကစားသမား ၃၃ ဦး ပါဝင်ယှဉ်ပြိုင်ပြီး ပြိုင်ပွဲအမျိုးအစားလေးမျိုး ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျန်ရှိသည့် သံဝေဇနိယသုံးဌာန ဆက်လက်တည်ဆောက်ပူဇော်ရန်လှူဒါန်းနိုင်

ဂေါတမမြတ်စွာဘုရားအလောင်းတော် ဖွားမြင်ရာ လုမ္ဗိနီဥယျာဉ်၊ သဗ္ဗညုတဉာဏ်တော်ရရှိတော်မူရာ မဟာဗောဓိအောင်မြေ၊ ဓမ္မစကြာတရားဦးဟောတော်မူရာ မိဂဒါဝုန်တောနှင့် ပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရုံအင်ကြင်းတောစသည့် သံဝေဇနိယလေးဌာနအနက်မှ ပွင့်တော်မူရာတစ်ဌာနတို့ တည်ဆောက်ပူဇော်ပြီးစီးခဲ့ပြီး ကျန်ရှိသည့်သံဝေဇနိယသုံးဌာနကို နေပြည်တော်သတ္တဌာနအနီးပတ်ဝန်းကျင်တွင် ဆက်လက်တည်ဆောက်ပူဇော်ရန် စတင်စီမံဆောင်ရွက်နေပြီဖြစ်ရာ ဝန်ကြီးဌာနအလိုက်သော်လည်းကောင်း၊ အဖွဲ့အစည်းအလိုက်သော်လည်းကောင်း၊ တစ်ဦးချင်းစီသော်လည်းကောင်း ပါဝင်လှူဒါန်းလိုသူများအနေဖြင့် ဦးကံချွန်(နေပြည်တော်ကောင်စီဝင်) ဖုန်း ၀၆၇-၄၀၄၂၀၅၊ ဦးသန်းကျော်ထူး (ဒုတိယမြို့တော်ဝန်) နေပြည်တော်စည်ပင် သာယာရေးကော်မတီ ဖုန်း ၀၆၇-၄၃၂၁၁၆၊ ဦးဝင်းဌေး(အတွင်းရေးမှူး) နေပြည်တော်စည်ပင်သာယာရေး ကော်မတီဖုန်း ၀၆၇-၄၃၂၁၁၇၊ အထူးဖွံ့ဖြိုးရေးစီမံကိန်းရုံး ဖုန်း ၀၆၇-၄၁၄၂၀၂၊ ၄၁၄၂၁၄၊ စီမံရေးရာဌာနမှူး ဖုန်း ၀၆၇-၄၁၄၇၅၃ တို့သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်ထားသည်။ **(ကြေးမုံ)**

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် စက်တင်ဘာ ၂၆

ရန်ကုန်	ရွှေဈေး	၆၉၅၀၀၀	-	၆၉၆၀၀၀
မန္တလေး	ရွှေဈေး	၆၉၅၀၀၀	-	၆၉၆၀၀၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၉၂၀ ကျပ်
(ခ)	အောက်တိန်း 95	တစ်လီတာ	၁၀၉၀ကျပ်
(ဂ)	အောက်တိန်း 92	တစ်လီတာ	၉၂၀ ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	= ၉၇၃. ၀၀
(ခ)	ဥရောပ	တစ်ယူရို	= ၁၃၁၅. ၈
(ဂ)	တရုတ်	တစ်ယွမ်	= ၁၅၈. ၉၉
(ဃ)	ထိုင်း	တစ်ဘတ်	= ၃၁. ၁၃၆
(င)	မလေးရှား	တစ်ရင်းဂစ်	= ၃၀၂. ၉၇
(စ)	အိန္ဒိယ	တစ်ရူပီး	= ၁၅. ၅၈၂
(ဆ)	ဂျပန်	တစ်ရာယန်း	= ၉၈၉. ၇၈
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	= ၉၀. ၆၅၉
(ဈ)	ဩစတြေးလျ	တစ်ဒေါ်လာ	= ၉၁၁. ၉၉
(ည)	စင်ကာပူ	တစ်ဒေါ်လာ	= ၇၇၆. ၄၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

နေပြည်တော်ကောင်စီနယ်မြေ ခရိုင်ပြန်/ဆက် ရုံး၌ နေ့စဉ် Wifi အခမဲ့အသုံးပြုနိုင်

နေပြည်တော် စက်တင်ဘာ ၂၆

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ရန်အောင်(၁) မြင်းကျကန်ရပ်ကွက် ရန်ကုန်-မန္တလေး လမ်းဟောင်းဘေးရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ရုံး၌ ဒေသအတွင်းမှ ပြည်သူများ စာပေဗဟုသုတများကို လက်လှမ်းတမီ ကျယ်ကျယ်ပြန့်ပြန့်လေ့လာဖတ်ရှုနိုင်ရန် ခရိုင်ပြည်သူ့စာကြည့်တိုက်ကို အပတ်စဉ် (တနင်္လာနှင့် အင်္ဂါနေ့)မှ အပ ကျန်ရက်များတွင် နံနက် ၉ နာရီခွဲမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထားလျက်ရှိပြီး ပြည်သူများအတွက် အသိပညာဝန်ဆောင်မှု ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အပြင် ယနေ့ခေတ်သည် သတင်းနည်းပညာခေတ်ဖြစ်သည်နှင့်အညီ ပြည်သူများအနေဖြင့် မိမိတို့သိရှိလိုသော သတင်းအချက်အလက်များကို အင်တာနက်မှတစ်ဆင့် အချိန်နှင့်တစ်ပြေးညီလေ့လာသိရှိနိုင်ရန် ခရိုင်စာကြည့်တိုက်အတွင်း၌ Wifi တပ်ဆင်ပေးထားရာ အသုံးပြုလိုသူပြည်သူများလာရောက်၍ အခမဲ့ကြည့်ရှုအသုံးပြုနိုင်ကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

မြန်မာ-ဂျပန်-ထိုင်း သုံးနိုင်ငံညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၆

ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများ အကောင်အထည်ဖော်ရေးဆိုင်ရာ ပထမအကြိမ် မြန်မာ-ဂျပန်-ထိုင်း သုံးနိုင်ငံ ညှိနှိုင်းအစည်းအဝေး၏ အကြိုညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် ရန်ကုန်မြို့၌ပြုလုပ်ရာ ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများ အကောင်အထည်ဖော်ရေး အထူးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန်၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုနှင့် သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအလိုက် ဆပ်ကော်မတီဥက္ကဋ္ဌများ၊ ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့ဝင်ကိုယ်စားလှယ်များ၊ JICA မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ထားဝယ်အထူးစီးပွားရေးဇုန်နှင့် စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အခြေခံမူဝါဒများ၊ စီမံကိန်းအကောင်အထည်ဖော်ရေးဆိုင်ရာ လုပ်ငန်းစဉ်များနှင့် ထားဝယ်အထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံရေးအတွက် ဂျပန်ကုမ္ပဏီများ သိရှိလိုသည့်အကြောင်းအရာများကို အဓိကထား၍ ဆွေးနွေးကြပြီး မြန်မာ-ဂျပန်-ထိုင်း သုံးနိုင်ငံညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၂၇ ရက်တွင် ရန်ကုန်မြို့၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စက်တင်ဘာ ၂၄ ရက် ညနေ ၅ နာရီက ထိုင်းနိုင်ငံ ဗန်ကောက်မြို့ Shukhothai နန်းတော်၌ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ထိုင်းနိုင်ငံ အိမ်ရှေ့မင်းသား မဟာဗာဂျီယာလောင်ကွန်တို့ ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေးကြစဉ်။ *(သတင်းဖော်ပြပြီး)* (သတင်းစဉ်)

လွှတ်တော်ကိုယ်စားလှယ်အဖွဲ့ ထိုင်းနိုင်ငံချစ်ကြည်ရေးခရီးမှ ပြန်လည်ရောက်ရှိ

ရန်ကုန် စက်တင်ဘာ ၂၆

ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ ဦးစိုးနိုင် ခေါင်းဆောင်သော လွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲ ၁ နာရီ ၅၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိလာကြသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

ပထမအကြိမ် ကချင်ပြည်နယ်လွှတ်တော်စည်းဝေး

နေပြည်တော် စက်တင်ဘာ ၂၆

ပထမအကြိမ် ကချင်ပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို စက်တင်ဘာ ၂၅ ရက် နံနက် ၁၀ နာရီတွင် ပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွျန်ငန်ဆိုင်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးရားဝမ်ဂျုံနှင့် လွှတ်တော်ကိုယ်စားလှယ် (၄၇) ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းများ မေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်းကို ဆွေးနွေးဆုံးဖြတ် အတည်ပြုခြင်း၊ အဆိုများတင်သွင်းဆွေးနွေးခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပထမအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်စည်းဝေး

နေပြည်တော် စက်တင်ဘာ ၂၆

ပထမအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ယမန်နေ့ နံနက် ၁၀ နာရီတွင် တိုင်းဒေသကြီးလွှတ်တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်စိုးနှင့် လွှတ်တော်ကိုယ်စားလှယ် (၆၃) ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းများ မေးမြန်းဖြေကြားခြင်း၊ အစီရင်ခံစာများနှင့် ဆောင်ရွက်ချက်များတင်သွင်းဆွေးနွေးခြင်း၊ အဆိုများဆွေးနွေးခြင်းတို့ဆောင်ရွက်ကြသည်။ **(သတင်းစဉ်)**

ပလောင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လွှတ်တော်အတွေ့အကြုံရှင်းလင်းပွဲ ကျင်းပ

နမ့်ဆန် စက်တင်ဘာ ၂၆

ရှမ်းပြည်နယ် (မြောက်ပိုင်း) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဆွေမှ လွှတ်တော်အစည်းအဝေးတက်ရောက်ခဲ့သည့် အတွေ့အကြုံရှင်းလင်းပွဲ အခမ်းအနားကို စက်တင်ဘာ ၂၄ ရက် နံနက် ၉ နာရီက နမ့်ဆန်မြို့နယ် ဒေသဦးစီးရုံးခန်းမ၌ ကျင်းပသည်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဆွေက လွှတ်တော်အစည်းအဝေး အတွေ့အကြုံများကို ရှင်းလင်းဆွေးနွေးပြောကြားပြီးနောက် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရေးကိစ္စရပ်များကို ရပ်မိ ရပ်ဖများနှင့် ဆွေးနွေးညှိနှိုင်းကြသည်။

ထို့နောက် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ခြောက်ဘာသာဂုဏ်ထူးရှင် တစ်ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ကိုးဦးတို့အား ဆုများအသီးသီးချီးမြှင့်ပေးအပ်သည်။ အဆိုပါ လွှတ်တော်အတွေ့အကြုံရှင်းလင်းပွဲသို့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဒေသခံနမ့်ဆန်မြို့နယ် ပြည်သူ ၂၀၀ တက်ရောက်ကြကြောင်း သိရသည်။ **(၂၄၂)**

သတိပြုဆင်ခြင် ရထားတွင်

ရန်ကုန်တိုင်း ဒေသကြီး အတွင်း အင်းစိန်ဘက်မှ လက်ယာရစ်ပတ်သည့် (သ-၄) မြို့ပတ်ရထားပေါ်တွင် စက်တင်ဘာ ၂၆ ရက် နံနက် ၉ နာရီခန့်က ရထားစီး ခရီးသည်တစ်ဦးကို ယခုကဲ့သို့ မြင်တွေ့ရစဉ်။

(ထက်ခိုင်-စမ်းချောင်း)

နျူကလီးယားအရေး အင်အားကြီးနိုင်ငံများနှင့် သဘောတူညီမှု လပိုင်းအတွင်း အီရန်ရလို

အီရန်နိုင်ငံရှိ နျူကလီးယားစက်ရုံကို တွေ့ရစဉ်။

နယူးယောက် စက်တင်ဘာ ၂၆

အီရန်သမ္မတ ဟတ်ဆန်ရူဟာနီက တီဟီရန်၏ နျူကလီးယားအစီအစဉ်အပေါ် ကမ္ဘာ့အင်အားကြီးနိုင်ငံများနှင့် သဘောတူညီမှု သုံးလမှခြောက်လအတွင်းရရှိရန် ဆန္ဒရှိကြောင်း ကြာသပတေးနေ့တွင် ပြောကြားခဲ့သည်။

အမေရိကန်နှင့် အီရန် ဆက်ဆံရေးတင်းမာမှု လျော့ပါးသွားစေရန်မှာ နျူကလီးယားပြဿနာ၏အဖြေက စတင်ရမည်ဟု ၎င်းကရှုမြင်ကြောင်း ရူဟာနီက ဝါရှင်တန်ပို့(စ်)သတင်းစာသို့ ပြောကြားခဲ့သည်။

ထိုပြဿနာကို ဆွေးနွေးညှိနှိုင်းရန်အတွက် အီရန်နိုင်ငံ၏ဦးသျှောင် အယာတိုလာခါမေနီက ၎င်းအားလုပ်ပိုင်ခွင့် အပြည့်အဝ အပ်နှင်းထားသည်ဟုဆိုသည်။

တီဟီရန်၏နျူကလီးယားသန့်စင်ရေးအစီအစဉ်နှင့်ပတ်သက်၍ ကမ္ဘာ့အင်အားကြီးနိုင်ငံများ ၅+၁ နှင့် စက်တင်ဘာ ၂၆ရက်တွင် အီရန်နိုင်ငံက တွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။

မမျှော်လင့်သော ရှားရှားပါးပါးတွေ့ဆုံမှုအဖြစ်အီရန်နိုင်ငံခြားရေးဝန်ကြီး မိုဟာမက်ဂျာဗက်ဇာရစ်သည် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီနှင့်လည်းကောင်း၊ ဗြိတိန်၊ ပြင်သစ်၊ တရုတ်၊ ရုရှားနှင့် ဂျာမနီနိုင်ငံတို့မှ သံတမန်များနှင့်လည်းကောင်း နယူးယောက်မြို့၌ တွေ့ဆုံမည်ဖြစ်သည်။ **ဘီဘီစီ။**

ထိုင်းနိုင်ငံတွင် ရေလွှမ်းမိုးမှုဖြစ်ပွား၊ လူကိုးဦး သေဆုံး

ဗန်ကောက် စက်တင်ဘာ ၂၆

ထိုင်းနိုင်ငံရှိ ပြည်နယ် ၇၇ခုအနက် ၂၉ခုတွင် ရေလွှမ်းမိုးမှုများဖြစ်ပွားလျက်ရှိသဖြင့် သေဆုံးသူ ကိုးဦးရှိပြီဖြစ်ကြောင်း ထိုင်းနိုင်ငံ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနှင့် လျော့ပါးရေးဌာနက စက်တင်ဘာ ၂၆ ရက်တွင် ထုတ်ပြန်ကြေညာသည်။

ထိုင်းနိုင်ငံရှိ ခရိုင် ၁၉၁ခုရှိ ပြည်နယ် ၂၉ ပြည်နယ်တွင် စက်တင်ဘာ ၁၇ ရက်ကတည်းက ရေလွှမ်းမိုးမှု စတင်ဖြစ်ပွားနေခဲ့ကြောင်း၊ ဖြစ်စဉ်ကြောင့် ပြည်သူနှစ်သန်းကျော် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နေကြောင်း သတင်းတွင် ဖော်ပြသည်။

ရေလွှမ်းမိုးမှုကြောင့် လူနေအိမ်ခြေ ၆၉၀၀၊ စိုက်ပျိုးမြေဧက ၄၅၀၀၀၀၊ လမ်းပေါင်း ၂၁၁၀နှင့် တံတား ၁၄၅ စင်း ပျက်စီးခဲ့ရသည်။

ထိုင်းနိုင်ငံတွင် လွန်ခဲ့သည့်ရက်သတ္တပတ်ကတည်းက လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်နေသဖြင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းဖြစ်သည်ဟု သတင်းတွင်ဖော်ပြသည်။

ဆင်ဟွာ။

ဘရာဇီးတွင် မြေဩဇာဂိုဒေါင် မီးလောင်မှုဖြစ်ပွား လူ ၁၀၀ကျော် ဆေးရုံတင်ပို့ရ

ရီယိုဒီဂျနေးရိုး စက်တင်ဘာ ၂၆

ဘရာဇီးနိုင်ငံရှိ မြို့ငယ်တစ်မြို့မှ မြေဩဇာများသိုလှောင်သိမ်းဆည်းထားသော ဂိုဒေါင်တစ်လုံး စက်တင်ဘာ ၂၄ရက် နှောင်းပိုင်းက မီးလောင်ကျွမ်းရာ လူ ၁၀၀ကျော်အား ဆေးရုံသို့တင်ပို့လိုက်ရကြောင်း ဒေသဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များက စက်တင်ဘာ ၂၆ရက်တွင် ပြောကြားသည်။

မြေဩဇာများမီးလောင်ရာမှထွက်ရှိသော မီးခိုးများတွင် အဆိပ်ဓာတ်ငွေ့များပါဝင်ကြောင်း၊ ယင်းမီးခိုးများသည် အနီးရှိရပ်ကွက် ခြောက်ခုသို့ ပျံ့လွင့်သွားကြောင်း၊ အဆိုပါဂိုဒေါင်မှာ ဆန်တာကာတာရီနာပြည်နယ် ဆွာဖရန်စစ္စကိုဒိုဆူးလ်မြို့တွင်ရှိကြောင်း၊ အမိုးနီးယားနိုက်ထရိတ်မြေဩဇာ တန်ချိန် ၄၀ကို သိုလှောင်ထားသောဂိုဒေါင်တစ်လုံးဖြစ်ကြောင်း တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

အန္တရာယ်ဖြစ်နိုင်

အဆိုပါမီးခိုးများတွင်အဆိပ်မပါဝင်ဟု ပြည်နယ်အုပ်ချုပ်ရေးပိုင်းက ကနဦးတွင်ပြောကြားကြောင်း၊ သို့ရာတွင် အလွန်အကျွံ ပြင်းထန်သော အဆိပ်မဟုတ်သော်လည်း အန္တရာယ်ဖြစ်နိုင်သည့်အဆိပ်အနည်းငယ်ပါဝင်ကြောင်း၊ ရှူရှိုက်မိပါက အရေပြားနှင့် မျက်စိများကိုနာကျင်စေခြင်း၊ နှာခေါင်း၊ ပါးစပ်၊ ခန္ဓာကိုယ်အတွင်းပိုင်းတို့ရှိ ချွဲ၊ သလိပ်၊နှပ်၊ နှာရည်ထွက်သော အမြှေးများနှင့် လည်ချောင်းတွင် ကျိန်းစပ်စေခြင်းများ ဖြစ်ပေါ်သဖြင့် လူ ၁၀၀ကျော်ကို ဆေးရုံသို့ တင်၍ ကုသပေးထားရခြင်းဖြစ်ကြောင်း ပြောကြားသည်။ **ဆင်ဟွာ။**

အိန္ဒိယထိန်းချုပ်သော ကက်ရှ်မီးယားဒေသ၌ စစ်သွေးကြွများတိုက်ခိုက်၍ တပ်ဖွဲ့ဝင်နှင့် အရပ်သားများသေဆုံး

နယူးဒေလီ စက်တင်ဘာ ၂၆

အိန္ဒိယနိုင်ငံက ထိန်းချုပ်ထားသည့် ကက်ရှ်မီးယားဒေသတွင် စစ်သွေးကြွများဟု ယူဆရသူများက ရဲတပ်ဖွဲ့စခန်းတစ်ခုနှင့် အိန္ဒိယကြည်းတပ်စခန်းတစ်ခုတို့အား တိုက်ခိုက်ခဲ့ရာ အိန္ဒိယရဲတပ်ဖွဲ့ဝင်လေးဦး၊ကြည်းတပ်သားနှစ်ဦးအပါအဝင် ရှစ်ဦးသေဆုံးခဲ့ကြောင်း ယနေ့ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ယင်းတိုက်ခိုက်မှုသည် ပါကစ္စတန်နိုင်ငံနှင့် ပိုင်းခြားထားသော နယ်စပ်စည်းကြောင်းအနီးရှိ ကက်ဘုအာနှင့် ဆမ် ဘာခရိုင်များ၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး တိုက်ခိုက်မှုအတွင်း စစ်သွေးကြွနှစ်ဦးလည်းသေဆုံးကြောင်း အိန္ဒိယရဲတပ်ဖွဲ့ က ပြောကြားသည်။

ကက်ရှ်မီးယားဒေသအား ၎င်းတို့ပိုင်ဆိုင်ကြောင်းကို အိန္ဒိယနှင့် ပါကစ္စတန်နှစ်နိုင်ငံစလုံးက ထုတ်ဖော်ပြောကြားခဲ့ကြပြီး အိန္ဒိယနိုင်ငံက ထိန်းချုပ်သည့် ကက်ရှ်မီးယားဒေသတွင် ၁၉၈၉ ခုနှစ်ကတည်းက လက်နက်ကိုင် သောင်းကျန်းသူများက ဆန့်ကျင်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြသည်။

အိန္ဒိယနိုင်ငံသည် ၎င်းတို့ထိန်းချုပ်ထားသော ကက်ရှ်မီးယားဒေသ၌ အင်အားကြီးမားသော လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဖြန့်ကြက်ထားပြီး ယင်းဒေသ၌ အိန္ဒိယရဲတပ်ဖွဲ့ဝင်များနှင့် လက်နက်ကိုင် စစ်ရဲတပ်ဖွဲ့ဝင် သောင်းနှင့်ချီ ချထားလျက်ရှိသည်။

စက်တင်ဘာ ၂၆ရက် နံနက်ပိုင်းတွင် အိန္ဒိယတပ်မတော်ဝတ်စုံများ ဝတ်ဆင်ထားသည့် လူသုံးလေးဦးခန့်သည် ကက်ဘုအာခရိုင် ဟီရာနာဂါရှိ ရဲတပ်ဖွဲ့စခန်းသို့ ရောက်ရှိကာ ပစ်ခတ်တိုက်ခိုက်ခဲ့ကြသည်ဟု သတင်းတွင်ဖော်ပြသည်။ **ဘီဘီစီ။**

တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် လုံခြုံရေးစောင့်ကြပ်နေသော အိန္ဒိယတပ်ဖွဲ့ဝင်များ အကာအကွယ်ယူထားသည်ကို တွေ့ရစဉ်။

Passport ... Deposit ... Discount ...
Nice Fare Travel Co., Ltd.

ပတ်စရာ၊ မှတ်စရာ နိုင်ငံတကာရေးရာ ‹ အောဝမ်းစိုး ›

ဆီးရီးယားအရေး တရုတ်နှင့်ရုရှား ပူးတွဲကြေညာချက်ထုတ်ပြန်

တရုတ်နှင့် ရုရှားပါလီမန်နှစ်ရပ်က ဆီးရီးယားအရေးကိစ္စနှင့် ပတ်သက်၍ နှစ်နိုင်ငံပူးတွဲဖြေရှင်းနိုင်မည့် ကြေညာချက်တစ်စောင်ကို စက်တင်ဘာ ၂၆ ရက်တွင် ထုတ်ပြန်ကြေညာလိုက်သည်။ အဆိုပါကြေညာချက်ကို ပါလီမန်နှစ်ရပ်ဖြစ်သည့် တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက်နှင့် ရုရှားဖက်ဒရေးရှင်းကောင်စီတို့၏ ပြည်ပရေးရာကော်မတီများက လက်မှတ်ရေးထိုးခဲ့ကြသည်။ ကြေညာချက်တွင် နှစ်နိုင်ငံစလုံးက ဆီးရီးယားပြဿနာကို အလေးထားလျက်ရှိကြောင်း၊ ဆီးရီးယားနိုင်ငံတွင် ဖြစ်ပွားလျက်ရှိသည့် ကသောင်းကနင်းဖြစ်ပွားမှုများ၊ အရပ်သားသေဆုံးမှုများ၊ ဒုက္ခသည်များတိုးပွားလာမှုများ၊ ရှေးဟောင်းအမွေအနှစ်ပျက်စီးမှုများနှင့် အခြားသောပြဿနာများမှာ ကမ္ဘာ့အဆိုးရွားဆုံး အကျပ်အတည်းဖြစ်ကြောင်း ဖော်ပြထားသည်။ နှစ်နိုင်ငံစလုံးက ဆီးရီးယားနိုင်ငံမှ သွေးထွက်သံယိုမှုများချုပ်ငြိမ်းပြီး အမြန်ဆုံးတည်ငြိမ်မှုရရှိရန်မျှော်လင့်ခဲ့ပြီး ပြည်ပမှစစ်ရေးနည်းလမ်းဖြင့် ဝင်ရောက်ဖြေရှင်းမှုကို လုံးဝလက်မခံဟု ဖော်ပြထားသည်။

ပျားတူတုပ်ခံရမှုကြောင့် တရုတ်နိုင်ငံတွင် လူ ၁၈ ဦး သေဆုံး

တရုတ်နိုင်ငံအလယ်ပိုင်းတွင် ဖြစ်ရိုးဖြစ်စဉ်မဟုတ်သည့် ပျားတူတုပ်ခံရမှုကြောင့် အနည်းဆုံး လူ ၁၈ ဦးသေဆုံးသွားခဲ့သည်။ ရှန်စီးပြည်နယ် အန်ကန်မြို့ ကျန်းမာရေးမှူး ကျိုယန်ဟောင်က လွန်ခဲ့သည့်လများအတွင်း အန်ကန်မြို့ ဗဟိုဆေးရုံတွင် အင်းဆက်တစ်မျိုးဖြစ်သည့် ပျားတူတုပ်ခံရမှုကြောင့် ဆေးရုံသို့ရောက်ရှိလာသူ ၁၀၀ ကျော်ရှိသည့်အနက် ၁၈ ဦးသေဆုံးသွားခဲ့ကြောင်း စက်တင်ဘာ ၂၆ ရက်တွင် ပြောကြားသည်။ ဒေသခံသတင်းစာဟူရှန်ဘိုက သေဆုံးသူ ၂၁ ဦးရှိပြီဟု ဆိုသည်။ အဆိုပါဒေသ၌ ပျားတူတုပ်ခံရမှုကြောင့် သေဆုံးသူ နှစ်စဉ် လေးငါးဦးခန့်ရှိကြောင်း၊ အထူးသဖြင့် သစ်တောဧရိယာများတွင် ဖြစ်သော်လည်း ယခုနှစ်တွင် ယခင်နှစ်များထက် ပိုမိုထူးခြားများပြားနေကြောင်းနှင့် ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်နိုင်ကြောင်း ကျိုယန်ဟောင်က ဆက်လက်ပြောကြားသည်။

ဗြိတိန်တွင် ဆေးလိပ်သောက်မှုနှုန်း ကျဆင်း

ဗြိတိန်နိုင်ငံတွင် လွန်ခဲ့သည့် ကိုးနှစ်အတွင်း အရွယ်ရောက်သူများကြား ဆေးလိပ်သောက်မှုနှုန်း ကျဆင်းသွားကြောင်း အမျိုးသားစာရင်းဇယားကိန်းဂဏန်းအချက်အလက်များဌာနက စက်တင်ဘာ ၂၆ ရက်တွင်ထုတ်ပြန်ကြေညာသည်။ ဗြိတိန်နိုင်ငံတွင် လွန်ခဲ့သည့်နှစ်အတွင်း အသက် ၁၆ နှစ်နှင့်အထက် အရွယ်ရောက်သူ ငါးဦးတွင် တစ်ဦးသာဆေးလိပ်သောက်သည်ဟု လေ့လာမှု စာရင်းဇယားတွင် ဖော်ပြသည်။ ၁၉၇၄ ခုနှစ်နှင့် ၁၉၉၄ ခုနှစ်များတွင် ဆေးလိပ်သောက်မှုနှုန်း အကျဆင်းဆုံးဖြစ်ပြီး ၁၉၉၄ခုနှစ်နှင့် ၂၀၀၇ ခုနှစ်တွင် ဆက်လက်ကျဆင်းနေခဲ့သော်လည်း ၂၀၀၇ ခုနှစ်နှင့် ၂၀၁၂ ခုနှစ်များတွင် ကျဆင်းမှုနှုန်း သိသိသာသာပြောင်းလဲမှုမရှိဟု သတင်းတွင်ဖော်ပြသည်။

The Elders အဖွဲ့က မြန်မာနိုင်ငံအတွင်းဖော်ဆောင်လျက်ရှိသော ငြိမ်းချမ်းရေးသဘောတူညီချက်များကို ထောက်ခံ

ရန်ကုန် စက်တင်ဘာ ၂၆

နိုဗယ် ငြိမ်းချမ်းရေးဆုရှင် အမေရိကန်သမ္မတဟောင်း မစ္စတာဂျင်မီကာတာ၊ နိုဗယ်ငြိမ်းချမ်းရေးဆုရှင် ဖင်လန် သမ္မတဟောင်း Mr. Martti Ahtisaari နှင့် နော်ဝေဝန်ကြီးချုပ်ဟောင်း Gro Harlem Brundland တို့ ပါဝင်သော The Elders အဖွဲ့သည် စက်တင်ဘာ ၂၄ ရက်မှ ၂၆ ရက်အထိ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ခဲ့ပြီး မြန်မာနိုင်ငံအစိုးရအဖွဲ့အကြီးအကဲနှင့် အဖွဲ့ဝင်များ၊ နိုင်ငံရေးခေါင်းဆောင်များ၊ အရပ်ဘက် အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ ယင်းသို့ တွေ့ဆုံခဲ့စဉ် မြန်မာနိုင်ငံအတွင်း ဖော်ဆောင်လျက်ရှိသော ငြိမ်းချမ်းရေးသဘောတူညီချက်များကို ထောက်ခံကြောင်းနှင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ တိုးမြှင့်လုပ်ဆောင်ရန် မြန်မာနိုင်ငံ အဖွဲ့အစည်းအသီးသီးကို တိုက်တွန်းခဲ့ကြောင်းဖြင့် ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ကမ်းနားလမ်းရှိ The Strand ဟိုတယ်၌ ကျင်းပသည့် သတင်းစာရှင်းလင်းပွဲ **(အပေါ်ယာပုံ)**တွင် သတင်းထုတ်ပြန်ခဲ့သည်။

မြန်မာနိုင်ငံသို့ ပထမဆုံးအကြိမ်အဖြစ်လာရောက်ခဲ့သော The Elders အဖွဲ့သည် မြန်မာနိုင်ငံ၏အသွင်ကူးပြောင်းရေး ဆောင်ရွက်နေမှုများအပေါ် လှိုက်လှိုက်လှဲလှဲ အသိအမှတ်ပြုပါကြောင်း၊ နိုင်ငံရေးပြုပြင်ပြောင်းလဲရေးဖြစ်စဉ်များကို အကောင်အထည်ဖော်နေသော ခေါင်းဆောင်များကို ပိုမိုကောင်းမွန်သော တိုးတက်မှုများ ဖြစ်ပေါ်လာစေရန် တိုက်တွန်းပါကြောင်း၊ ပြည်တွင်းပြည်ပမှ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးရရန် ကြိုးပမ်းလုပ်ဆောင်ချက်များကို ကြိုဆိုပြီး ရခိုင်ပြည်နယ်တွင် ဖြစ်ပွားနေသော ပဋိပက္ခများနှင့် ပတ်သက်၍လည်း ဆွေးနွေးခဲ့ကြောင်း အဆိုပါ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဆိုပါအဖွဲ့သည် နေပြည်တော်နှင့် ရန်ကုန်မြို့သို့ ရောက်ရှိခဲ့ပြီး နိုင်ငံတော်သမ္မတကြီး အပါအဝင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဆင့်မြင့်အရာရှိကြီးများ၊ နိုင်ငံရေးခေါင်းဆောင်များ၊ ဘာသာရေးခေါင်းဆောင်များ၊ အမျိုးသမီးအဖွဲ့အစည်းများနှင့်လည်း တွေ့ဆုံခဲ့သည်။

မြန်မာ့နိုင်ငံရေး ဖြစ်စဉ်နှင့် ပတ်သက်၍ အမေရိကန်သမ္မတဟောင်း မစ္စတာဂျင်မီကာတာက မိမိတို့အဖွဲ့အနေဖြင့် မြန်မာ့နိုင်ငံရေးဖြစ်စဉ်တွင် ပါဝင်သူများအားလုံးထံမှ အသံကိုနားထောင်ရင်း ၎င်းတို့အားလုံးကို ထောက်ခံအားပေးရန် လာရောက်ခြင်းဖြစ်ကြောင်း၊ ယခုလက်ရှိဖြစ်ပေါ်နေသော ပြုပြင်ပြောင်းလဲရေး အရွေ့နှုန်းသည် အားရကျေနပ်စရာ ကောင်းကြောင်း၊ မြန်မာနိုင်ငံသည် ပိုမိုပွင့်လင်းသည့် လူ့အဖွဲ့အစည်းတစ်ရပ်အဖြစ် ရပ်တည်နေပြီဖြစ်ကြောင်း၊ နိုင်ငံရေးအကျဉ်းသားများ လွှတ်ပေးခြင်းနှင့် ယခုနှစ်ကုန်ပိုင်းတွင် နိုင်ငံရေးအကျဉ်းသားမရှိတော့အောင် ဆောင်ရွက်ရန် သမ္မတကြီး၏ ကတိစကားကို ယုံကြည်ပါကြောင်း၊ အမျိုးသမီးများအနေဖြင့် အရပ်ဘက်အဖွဲ့အစည်းအသီးသီးတွင် ဦးဆောင်ပါဝင်လာသည်ကို အရေးတယူ သတိပြုမိပါကြောင်း၊ နိုင်ငံရေးဖြစ်စဉ်များတွင် ကိုယ်စားပြုပါဝင်နိုင်မည့် အမျိုးသမီးများ နည်းပါးနေသေးကြောင်း၊ ရှင်သန်တက်ကြွနေသော ဒီမိုကရေစီလူ့ဘောင်တွင် အမျိုးသမီးများ၏ကဏ္ဍ ပေါင်းစုံတန်းတူညီမျှ အခွင့်အရေးနှင့် ပါဝင်မှုမရှိလျှင် ဆက်လက်အောင်မြင်မည်မဟုတ်ကြောင်း၊ ပြည်တွင်းတိုင်းရင်းသား ပဋိပက္ခများကို ဖြေရှင်းနိုင်မည့်၊ အားလုံးပါဝင်ဆွေးနွေးနိုင်မည့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲကိုလည်း မိမိတို့အဖွဲ့အနေဖြင့် တိုက်တွန်းအားပေးပါကြောင်း ပြောကြားသွားသည်။

နယ်စပ်ဒေသတွင် ဖြစ်ပွားနေသော တိုင်းရင်းသားလက်နက်ကိုင်များနှင့် အစိုးရအကြား ငြိမ်းချမ်းရေးဖော်ဆောင်မှုများနှင့်ပတ်သက်၍ ဖင်လန်သမ္မတဟောင်း Martti Ahtisaari က ငြိမ်းချမ်းရေးအတွက် စိန်ခေါ်မှုများကို ရင်ဆိုင်ရာတွင် နှစ်ဖက်မျှတသော စိတ်နေစိတ်ထားများရှိရန် လိုကြောင်းဖြင့် ပြောကြားခဲ့သည်။

ဘာသာရေးခေါင်းဆောင်များအနေဖြင့် မေတ္တာနှင့် သည်းခံခြင်းတရားတို့ကို ရှေ့ထားလုပ်ဆောင်ရန် တိုက်တွန်းလိုကြောင်း၊ အစွန်းရောက်များ၏ အရိုးစွဲနေသော မုန်းတီးမှုများကို ဖျောက်ဖျက်ရန်ကာလအတန်ကြာနိုင်ကြောင်း၊ ရခိုင်ပြည်နယ်ရှိ ကိုးကွယ်ယုံကြည်မှု ခြားနားသော ဒေသခံများအားလုံးအတွက် အခြေခံအခွင့်အရေးများဖြစ်သော စားနပ်ရိက္ခာ၊ ပညာရေး၊ လုံခြုံရေးများ ဖြည့်ဆည်းပေးရန် လိုအပ်ကြောင်းနှင့် လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်ကို အဓိပ္ပာယ်ရှိရှိအကောင်အထည်ဖော်သင့်ကြောင်းဖြင့်လည်း နော်ဝေဝန်ကြီးချုပ်ဟောင်း Gro Harlem Brundland က ပြောကြားသည်။

The Elders အဖွဲ့သည် ၂၀၀၇ ခုနှစ်တွင် နယ်လ်ဆင်မန်ဒဲလားမှ စုစည်းကာ လွတ်လပ်သော ခေါင်းဆောင်များအဖွဲ့ဖြစ်ပြီး ကမ္ဘာတစ်ဝန်းလုံးတွင် ငြိမ်းချမ်းရေး၊ တရားမျှတမှုနှင့် လူ့အခွင့်အရေးများအတွက် ၎င်းတို့အားလုံး၏ အတွေ့အကြုံများနှင့် ဩဇာလွှမ်းမိုးမှုတို့ကို အသုံးပြုကာ ကြိုးပမ်း ဆောင်ရွက်လျက်ရှိသော အဖွဲ့အစည်းဖြစ်ကြောင်း သိရသည်။

(စံကားဝါ)

စပါးခင်းများအတွင်း ငါးမျိုးများစိုက်ထည့်

ချောင်းဆုံ စက်တင်ဘာ ၂၆

တောင်သူလယ်သမားတစ်ဦးချင်းစီ၏ ငါးစားသုံးမှုပိုမိုတိုးတက်စေရန်၊ သဘာဝလယ်ကွက်များတွင် ငါးမျိုးများ ပြန်လည်တည်တံ့စေရန်နှင့် ငါးမျိုးသုဉ်းမှုမှ ကာကွယ်စေရန်၊ ငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက် ရည်ရွယ်၍ချောင်းဆုံမြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ဦးစီးပြီး စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို စက်တင်ဘာ ၂၄ ရက် နံနက် ၉ နာရီခွဲတွင် ချောင်းဆုံမြို့နယ် နတ်မော်ကျေးရွာအတွင်းရှိ ဦးချစ်ပု၏ လယ်မြေအပါအဝင် လယ်ဧက ၈၀ အတွင်းသို့ ငါးခုံးမကြီးသားပေါက်ကောင်ရေ ၄၀၀၀၀ ကို ငါးမျိုးစိုက်ထည့်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ အင်အား ၈၀ ခန့်တက်ရောက်ကြကြောင်း သိရသည်။**ချောင်းဆုံ(ပြန်/ဆက်)**

သက်ကြီးရွယ်အိုများ ပြောကြားနေသော ၎င်းတို့၏အနာဂတ်

ကိုကွေး (ဘူမိဗေဒ)

ယနေ့ကမ္ဘာပေါ်တွင် အဓိကစိန်ခေါ်နေသည့် ပြောင်းလဲမှု နှစ်ခုရှိပါသည်။ ရာသီဥတုပြောင်းလဲမှုနှင့် လူဦးရေအချိုးအစားပြောင်းလဲမှုတို့ဖြစ်ပါသည်။ ကမ္ဘာကြီးပူနွေးလာမှုကြောင့် ရာသီဥတုပြောင်းလဲလာကာ သဘာဝဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုများ ဖြစ်ပေါ်ရသည်။ ဤအန္တရာယ်ဆိုးကြီးကား ကမ္ဘာ့လူသားအားလုံးကို ခြိမ်းခြောက်လျက်ရှိသည်။ နောက်တစ်ခုမှာ လူဦးရေအချိုးအစားပြောင်းလဲမှုပင် ဖြစ်ပါသည်။ ကမ္ဘာနှင့်တစ်ဝန်း ကလေးမွေးဖွားနှုန်း ကျဆင်းနေပြီး လူတို့၏ မျှော်မှန်းသက်တမ်း ရှည်လျားလာမှုကြောင့် လူဦးရေအချိုးအစား ပြောင်းလဲလာသည်။ ကမ္ဘာပေါ်၌ စက္ကန့်တိုင်းတွင် အသက်(၆၀)နှင့် အထက် နှစ်ဦး တိုးပွားနေသည်။ တစ်နှစ်လျှင် သက်ကြီး ၅၈ သန်းခန့် တိုးပွားနေသည်ဖြစ်ရာ လူကိုးဦးတွင် တစ်ဦးမှာ သက်ကြီးရွယ်အိုဖြစ်လာသည်။ လာမည့် ၂၀၅၀ ပြည့်နှစ်တွင် လူငါးဦးတွင် တစ်ဦးမှာ သက်ကြီးရွယ်အိုဘဝသို့ ရောက်လာပေတော့မည်။

သက်ကြီးရွယ်အိုများတိုးပွားလာမှုသည် ကောင်းမွန်သော လက္ခဏာဖြစ်သကဲ့သို့ စိန်ခေါ်မှုတစ်ရပ်ဖြစ်လာသည်။ စောင့်ရှောက်သူအရေအတွက် လျော့နည်းလာပြီး စောင့်ရှောက်ခံဘိုးဘွားများတိုးတက်လာသည်။ ဤအခြေအနေမျိုးတွင် ကမ္ဘာ့နိုင်ငံအတော်များများ၌ ထိုကိစ္စကို ရင်ဆိုင်ရန်အတွက် ဥပဒေများ၊ မူဝါဒများ၊ လုပ်ငန်းအစီအစဉ်များ ခိုင်ခိုင်မာမာမရှိကြသေးပေ။ သို့ဖြစ်၍လည်း သက်ကြီးရွယ်အိုစောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေသူများက လိုအပ်သော အစီအမံများချမှတ်ရန် တောင်းဆိုလျက်ရှိနေကြခြင်းဖြစ်သည်။

"သက်ရွယ်စုံညီ လူ့ဘောင်ဆီသို့" ဟူသော ရည်ရွယ်ချက်သေချာစေရန်အတွက် ဆောင်ရွက်မည့် အစီအစဉ်တိုင်းတွင် လူငယ်လူရွယ်များရော သက်ကြီးရွယ်အိုများပါ ပါဝင်ဆောင်ရွက်ခွင့်၊ ခံစားခွင့်များပေးရမည်ဖြစ်သည်။ ကမ္ဘာပေါ်ရှိ သက်ကြီး အမျိုးသား၊ အမျိုးသမီးများ၏ အသံကိုလည်း အလေးထားရမည်ဖြစ်ပါသည်။ သက်ကြီးရွယ်အိုများအတွက် မူဝါဒများ၊ ဥပဒေများ၊ မဟာဗျူဟာများ ချမှတ်ထားသော်လည်း လိုအပ်ချက်များစွာရှိနေပါသေးသည်။ ပိုမိုပြည့်စုံစေရန် နိုင်ငံတကာသက်ကြီးရွယ်အိုစောင့်ရှောက်ရေးစီမံကိန်း(Madrid International Plan of Action on Ageing-MIPAA)စီမံကိန်းကို အပြည့်အဝ အကောင်အထည်ဖော်ရန် လိုအပ်ကြောင်း ကမ္ဘာ့သက်ကြီးရွယ်အို အစီရင်ခံစာ ၂၀၁၂ တွင် ဖော်ပြထားပါသည်။

သက်ကြီးရွယ်အိုအရေအတွက် တိုးပွားလာမှုမှာ လျင်မြန်လျက်ရှိပြီး ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ပိုမိုများပြားကြောင်း တွေ့ရှိရပါသည်။ ယနေ့ကမ္ဘာပေါ်တွင် လူ့သက်တမ်းနှစ် (၈၀) ကျော်သောနိုင်ငံသည် လွန်ခဲ့သောငါးနှစ်က ၁၉ နိုင်ငံရှိရာမှ ယခုအခါ ၃၃ နိုင်ငံရှိလာသည်။ အသက် (၉၀/၁၀၀)ကျော်သူ အရေအတွက်လည်း ပိုမိုများပြားလာကြောင်း တွေ့ရှိရပါသည်။ ဂျပန်နိုင်ငံတွင် သက်ကြီးအချိုးအစားမှာ ၃၀ ရာခိုင်နှုန်းကျော်ရှိလာပြီး ၂၀၅၀ ပြည့်နှစ်တွင် နောက်ထပ် ၆၄ နိုင်ငံသည် ဂျပန်နိုင်ငံအတိုင်း ဖြစ်လာကြတော့မည်။ ထိုကိစ္စသည် လူ့လောကအတွက် မင်္ဂလာသတင်းတစ်ခုဖြစ်ပါသည်။ သို့ရာတွင် ထိုတိုးပွားလာမှုအတွက် လူမှုစောင့်ရှောက်ရေး၊ စီးပွားရေးအခွင့်အလမ်း၊ လူမှုဘဝဖူလုံရေးနှင့် သက်ကြီးကျန်းမာရေး စောင့်ရှောက်မှုများ စနစ်တကျစီစဉ်မှုများမရှိပါက ကြီးမားသော စိန်ခေါ်မှုတစ်ရပ်ဖြစ်လာနိုင်ပါသည်။ လက်ရှိအခြေအနေတွင်လည်း သက်ကြီးရွယ်အို တိုးပွားမှုကို သေချာစွာပြင်ဆင်မှုမရှိသည့် ကမ္ဘာ့ဒေသများတွင် လူမှုရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုအရ စိန်ခေါ်မှုများကို တစ်ဦးချင်းအလိုက်သော်လည်းကောင်း၊ မိသားစု အလိုက်သော်လည်းကောင်း၊ လူ့အဖွဲ့အစည်းအလိုက်သော်လည်းကောင်း ခံစားနေကြပြီဖြစ်သည်။

ယနေ့ကမ္ဘာပေါ်တွင် ဖြစ်ပွားနေသော ပဋိပက္ခနှင့် ဘေးအန္တရာယ်များကြောင့် စီးပွားရေးပြဿနာများလည်း ဖြစ်ပွားလျက်ရှိသည်။ သက်ကြီးရွယ်အိုများသည် အဆိုပါဒုက္ခကို ပိုမိုခံစားရသူများဖြစ်ကြရာ ဝင်ငွေဖူလုံရေးအတွက် နည်းလမ်းရှာဖွေဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ သက်ကြီးရွယ်အိုများသည် အငြိမ်းစားယူပြီးနောက်တွင်လည်း လုံလောက်သော ဝင်ငွေရရှိရန် လိုအပ်သဖြင့် ၎င်းတို့အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန်နှင့် မည်သည့် အငြိမ်းစားဝင်ငွေမှ မရရှိသော သက်ကြီးများအတွက် လူမှုကာကွယ်စောင့်ရှောက်ရေး အစီအစဉ်များကို ပံ့ပိုးလူမှုရေး ထောက်ပံ့ပေးခြင်းများ ဆောင်ရွက်ပေးရန်လိုသည်။ လူမှုရေးပင်စင်စီမံကိန်းများ ဆောင်ရွက်ပေးခြင်းများသည် သက်ကြီးရွယ်အိုဘဝ အေးချမ်းမှု ရရှိရေးအတွက် အရေးကြီးလှပါသည်။ ကမ္ဘာတစ်ဝန်းတွင် ပုံမှန်အလုပ်များလုပ်ကိုင်ပြီး အငြိမ်းစားလစာရရှိသော သက်ကြီးရွယ်အိုများသည် ကမ္ဘာ့သက်ကြီးဦးရေ၏ တစ်ဝက်မျှပင် မရှိပါ။ သက်ကြီးများအတွက် လူမှုရေးပင်စင်သည် အရေးတကြီးဖော်ဆောင်ရမည့် လုပ်ငန်းတစ်ခုဖြစ်ပါသည်။သက်ကြီးများကို ပုံမှန်ထောက်ပံ့ခြင်းဖြင့် ဖြစ်ပေါ်လာသော ပဋိပက္ခများကြောင့် လျော့နည်းသွားသော အိမ်ထောင်စုများ၏ ဝင်ငွေကို တစ်ဖက်မှကူညီသဖြင့် လူငယ်လူရွယ်များအတွက်လည်း အထောက်အကူရရှိမည်မှာ အမှန်ပင်ဖြစ်ပါသည်။

အရေးကြီးသောအချက်တစ်ခုမှာ သက်ကြီးရွယ်အိုများအတွက် အဆင့်မီကျန်းမာရေးစောင့်ရှောက်မှု ရရှိရေးပင်ဖြစ်ပါသည်။ သက်ကြီးရွယ်အိုများ၏ ရုပ်ပိုင်း၊ စိတ်ပိုင်း၊ ကျန်းမာရေးအတွက် ကြိုတင်ကာကွယ်ရေး၊ ကုသရေးနှင့် ရေရှည်ပြုစုစောင့်ရှောက်ရေးများအပါအဝင် အဆင့်အတန်းမြင့်သည့် ကျန်းမာရေးစောင့်ရှောက်ခံပိုင်ခွင့်ရှိကြသည်။ ၎င်းတို့အတွက် သင့်လျော်သည့် ကျန်းမာရေးအစီအစဉ်နှင့် သတင်းများရရှိအောင် ဆောင်ရွက်ပေးကြရမည်ဖြစ်ပါသည်။ ဘဝတစ်လျှောက်ကျန်းမာရေး အဆင့်မြင့်တင်ပေးခြင်း၊ ရောဂါကြိုတင်ကာကွယ်ရေး၊ မသန်စွမ်းမှုမှ ကာကွယ်ရေးများကို ရရှိလာအောင်ဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။ ထို့အပြင် ကျန်းမာရေးအဆင့်မြင့်စေမည့် လူနေမှုပုံစံများ၊ နယ်ပယ်များနှင့်သုတေသနလုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့်ပတ်သက်၍လည်း မူဝါဒများ ချမှတ်ဆောင်ရွက်ရပါမည်။သက်ကြီးရွယ်အိုများကို ကျန်းမာရေးစောင့်ရှောက်မှုပေးမည့် ပြုစုသူများ၊ ဆေးပညာရှင်များကိုလည်း သက်ကြီးကျန်းမာရေးစောင့်ရှောက်မှုနှင့်ပတ်သက်၍လေ့ကျင့်သင်ကြားပေးထားဖို့လိုပါသည်။ သင်တန်းများပေးရာတွင် အကောင်းဆုံးပြုစုသူများဖြစ်သည့်မိသားစုဝင်များနှင့် ရပ်ရွာအခြေပြုစောင့်ရှောက်သူများ အထူးသဖြင့် ရေရှည်စောင့်ရှောက်မှုပေးသူများ၊ သက်ကြီးသူချင်း စောင့်ရှောက်မှုများကိုပါ လေ့ကျင့်သင်ကြားပေးထားရပါမည်။ သက်ကြီးများအတွက် ကျန်းမာရေးကောင်းမွန်သော စောင့်ရှောက်မှုတွင် သက်ဆိုင်ရာလူ့အဖွဲ့အစည်း၏ ဆောင်ရွက်မှုသည် အဓိကအရေးကြီးပါသည်။ ၎င်းတို့၏ မိသားစုနှင့်လူ့အဖွဲ့အစည်း၏ ဘဝတစ်သက်တာစောင့်ရှောက်မှုပေးနိုင်မှုသည် သက်ကြီးများ၏ ဘဝ သာယာစိုပြည်ရေး အတွက် အဓိကဖြစ်ကြောင်းတွေ့ရှိရသည်။

အရေးကြီးသောနောက်တစ်ချက်မှာ သက်ကြီးရွယ်အိုများအတွက် သင့်တော်သောရုပ်ပိုင်း ပတ်ဝန်းကျင် ဖန်တီးပေးရေးနှင့် လိုအပ်သောနယ်ပယ်များ ပြင်ဆင်ပေးခြင်းဖြင့် ရှင်လန်းတက်ကြွသော သက်ကြီးဘဝရရေးကို ဆောင်ရွက်ပေးခြင်းပင်ဖြစ်ပါသည်။ သက်ကြီးများ၏ လှုပ်ရှားသွားလာမှု အဆင်ပြေစေရေး၊ အကြားအမြင်အာရုံချို့တဲ့သော သက်ကြီးရွယ်အိုများအတွက် နယ်ပယ်အခြေခံအကူအညီများ ဖော်ဆောင်ပေးရေးများလည်း ဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။ သက်ကြီးများအတွက် အိမ်ရာအစီအစဉ်များ၊ သက်ကြီးရွယ်အိုများ မိမိကိုယ်မိမိ ရပ်တည်ဆောင်ရွက်နိုင်စေသည့် သယ်ယူပို့ဆောင်ရေးစနစ်များ၊ လူမှုရေး ဆက်သွယ်ဆောင်ရွက်စေနိုင်သည့် အသုံးအဆောင်ပစ္စည်းများနှင့် ပျော်ရွှင်တက်ကြွသည့် လူ့အဖွဲ့အစည်းဝင်အဖြစ် ရပ်တည်နိုင်စေရေးအတွက် ဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။ သက်ကြီးရွယ်အိုများအား ခွဲခြားဆက်ဆံမှုမရှိစေနိုင်ရေး၊ ညှဉ်းပန်းနှိပ်စက်မှုများကို ကာကွယ်ရေး၊ အထူးသဖြင့် ပို၍ အထောက်အကူပေးရန် လိုအပ်သည့် သက်ကြီးအမျိုးသမီးများအတွက် အလေးထားဆောင်ရွက်ပေးနိုင်ဖို့ လိုပါသည်။

များပြားလှသော ကမ္ဘာ့အစိတ်အပိုင်းများ၊ မိသားစုများသည် မှီခိုသက်ကြီးများစောင့်ရှောက်ရေးနှင့် ငွေကြေးထောက်ပံ့ရန် တာဝန်ရှိနေကြပါသည်။ ထို့ကြောင့် အလုပ်လုပ်သော မျိုးဆက်များ၏ ငွေကြေးစုဆောင်းရေးနှင့် ကုန်ထုတ်လုပ်မှုသည် အရေးကြီးလှပါသည်။ မိသားစုအရွယ်များ သေးငယ်လာခြင်း၊ မွေးဖွားနှုန်းကျဆင်းလာခြင်းတို့ ကြောင့် မိသားစုပုံစံများ ပြောင်းလဲလာရသည်။ ရွှေ့ပြောင်းသွားလာမှုကြောင့်လည်း မူရင်းနေရာများတွင် သက်ကြီးရွယ်အိုနှင့် ကလေးငယ်များသာ ကျန်ရှိနေခဲ့ရာ သက်ကြီးရွယ်အိုများက ကလေးသူငယ် စောင့်ရှောက်သူများအဖြစ် ဆောင်ရွက်နေကြရပါသည်။ ဤသို့သက်ကြီးရွယ်အိုအချိုးအစား ပြောင်းလဲလာမှုကြောင့် အချို့သောနိုင်ငံများနှင့် လူ့အဖွဲ့အစည်းများအတွက် စိန်ခေါ်မှုများ ဖြစ်လာနေသည်ကို တွေ့ရပါသည်။ ထိုစိန်ခေါ်မှုများကို အခွင့်အရေးများအဖြစ် ပြောင်းလဲရန်မူဝါဒများ၊ စီမံကိန်းများ၊ ဥပဒေများ ချမှတ်ဆောင်ရွက်သင့်ကြောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့်လည်း လက်တွဲကူညီဆောင်ရွက်သင့်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားပါသည်။

မြန်မာနိုင်ငံတွင်လည်း အသက်(၆၀)နှင့်အထက်သည် ၉ ဒသမ ၁ ရာခိုင်နှုန်းခန့်ရှိသည်ဟု ခန့်မှန်းထားရာ သက်ကြီးရွယ်အို ငါးသန်းခန့် ရှိနေပြီဖြစ်ပါသည်။ ဘိုးဘွားရိပ်သာ တည်ထောင်စောင့်ရှောက်ရေးကို ၁၉၁၅ ခုနှစ်က စတင်ဆောင်ရွက်ခဲ့ပြီး ယခုအချိန်တွင် ဘိုးဘွားရိပ်သာ ၇၀ ခန့်၌ ဘိုးဘွား ၃၀၀၀ ခန့်ကိုသာ စောင့်ရှောက်ထားရှိပါသည်။ နိုင်ငံတော်အစိုးရသစ်လက်ထက်တွင် ယခင်ထောက်ပံ့ကြေးနှုန်းထက် သုံးဆကျော် ပိုမိုထောက်ပံ့ပေးလျက်ရှိသည်။ ၂၀၀၄ ခုနှစ်က စတင်အကောင်အထည်ဖော်ခဲ့သော ကိုရီးယား-အာဆီယံ စေတနာ့ဝန်ထမ်းအခြေပြု အိမ်တိုင်ရာရောက်သက်ကြီးရွယ်အို စောင့်ရှောက်ရေး စီမံကိန်းဖြင့် မြန်မာနိုင်ငံတွင်လည်း စေတနာ့ဝန်ထမ်း ၂၀၀၀၀ ခန့်က သက်ကြီးရွယ်အို ၂၀၀၀၀ ခန့်ကို လူမှုရေးနှင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများ ပေးလျက်ရှိပါသည်။ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးအဖွဲ့ (HAI)နှင့် ပူးပေါင်းဆောင်ရွက်သည့် သက်ကြီးသူချင်းကူညီစောင့်ရှောက်ရေးအဖွဲ့များ (OPSHG)နှင့် သက်ကြီးဦးဆောင်သည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းတွင် သက်ကြီးနှင့် မိသားစုဝင် ၅၀၀၀၀ ခန့်ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

ထိုစီမံကိန်းများသည် လူမှုရေး၊ ကျန်းမာရေးသာမက ၎င်းတို့၏ ဝင်ငွေဖူလုံရေး အထောက်အကူလုပ်ငန်းများလည်း ပါဝင်ပါသည်။ ထိုစီမံကိန်းများအနက် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ဘော်ကျေးရွာ သက်ကြီးသူချင်းကူညီစောင့်ရှောက်ရေးအဖွဲ့ (OPSHG)က ၎င်းတို့၏ ရန်ပုံငွေမှကျေးရွာရှိ အသက်(၇၅)နှစ်နှင့် အထက်သက်ကြီးများအတွက် ပုံမှန်ထောက်ပံ့ငွေပေးလျက်ရှိပါသည်။ အချို့သော စေတနာရှင်များကလည်း သီးခြားအစီအစဉ်ဖြင့် ထောက်ပံ့မှုများရှိပါသည်။ သို့ရာတွင် စောင့်ရှောက်မှုပေးနိုင်မှုသည် စောင့်ရှောက်ရန်လိုအပ်မှု၏ အစိတ်အပိုင်းအနည်းငယ်သာ ရှိပါသေးသည်။

မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံတော်အဆင့် သက်ကြီးရွယ်အိုဆိုင်ရာ ယန္တရားအစီအစဉ်မရှိသေးသကဲ့သို့ သက်ကြီးများအားလုံး အကျုံးဝင်သော ပုံမှန်လူမှုရေးထောက်ပံ့မှုများလည်း မရှိသေးကြောင်းတွေ့ရမည်ဖြစ်ပါသည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနလက်အောက်ရှိ လူမှုဝန်ထမ်းဦးစီးဌာနသည် သက်ဆိုင်ရာဌာနများ၊ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ပြည်တွင်းအစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ သက်ကြီးရွယ်အိုဆိုင်ရာ အမျိုးသားအဆင့် စီမံကိန်းရေးဆွဲလျက်ရှိနေပါသည်။ ထို့အပြင် သက်ကြီးရွယ်အိုဆိုင်ရာ မူဝါဒနှင့်ဥပဒေများကိုလည်း ရေးဆွဲရန်လေ့လာလျက်ရှိပါသည်။

အမျိုးသားအဆင့်မဟာဗျူဟာရေးဆွဲရာတွင် သက်ကြီးများအတွက် ဝင်ငွေအာမခံရရှိရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ သဘာဝဘေးနှင့် အရေးပေါ်အခြေအနေများတွင် သက်ကြီးရွယ်အိုများ စောင့်ရှောက်ရေး အမှီအခိုကာလအတွင်း အာမခံချက်ရရှိရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်၊ ပြုစုစောင့်ရှောက်ခြင်းနှင့် အထောက်အပံ့ပြုခြင်း၊ ပညာပေးရေးနှင့် လေ့ကျင့်ရေး၊ စောင့်ကြည့်ကြပ်မတ်ခြင်းနှင့် အကဲဖြတ်ခြင်း စသည်တို့ပါဝင်ရမည် ဖြစ်ပါသည်။

မကြာမီကာလအတွင်း တိုးပွားလာတော့မည့် မြန်မာ့သက်ကြီးရွယ်အိုစောင့်ရှောက်ရေးသည် အစိုးရတစ်ဖွဲ့တည်း ဆောင်ရွက်၍မရဘဲ စေတနာရှင်များ၊ စီးပွားရေးနယ်ပယ်မှ ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများ၊ မိသားစုဝင်များ ပါဝင်ဆောင်ရွက်မှသာ အောင်မြင်မည်ဖြစ်ပါသည်။ ၂၀၁၃ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် ထုတ်ပြန်သည့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်း၏ အစီရင်ခံစာတွင် "သက်ကြီးများအတွက် သင့်လျော်သော အလုပ်အကိုင်အခွင့်အလမ်းများဆောင်ရွက်ပေးခြင်း၊ သက်ကြီးများအပေါ် ညှဉ်းပန်းမှုမရှိစေရေးနှင့် အရွယ်လွန် သက်ကြီးများ၏ စိတ်ကျန်းမာရေးကို အထူးဂရုပြုစောင့်ရှောက်ပေးကြပါရန်" ကမ္ဘာ့နိုင်ငံများသို့ တိုက်တွန်းထားကြောင်းတွေ့ရပါသည်။

ဗြဟ္မစိုရ်တရားထွန်းကားပြီး ကောင်းမွန်သော ယဉ်ကျေးမှုအစဉ်အလာရှိသည့် မြန်မာနိုင်ငံတွင် သက်ကြီးရွယ်အိုများကို တန်ဖိုးထားစောင့်ရှောက်လျက်ရှိပါသည်။ သို့ရာတွင် သားထောက်သမီးခံမရှိ ဆွေမျိုးဉာတိနည်းပါးသော သက်ကြီးရွယ်အိုစောင့်ရှောက်ရေးအတွက် အခြားသောနိုင်ငံများနည်းတူ အမျိုးသားအဆင့်ယန္တရား၊ မူဝါဒ၊ ဥပဒေများ၊ အစီအစဉ်များဆောင်ရွက်ရင်း အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်၏အသီးအပွင့်များကို မိမိတို့၏ အဘိုးအဘွားများ ခံစားစံစားနိုင်ရန် အားလုံးပါဝင်ဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းနှိုးဆော်ရင်း အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ကို ဂုဏ်ပြုအပ်ပါသည်။ ။

အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံလုပ်ငန်း၏ ရှမ်းပြည်နယ်ရုံးချုပ်ဖွင့်

တောင်ကြီး စက်တင်ဘာ ၂၆

အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇ အာမခံလုပ်ငန်း(IKBZ Insurance Co.,Ltd.)ရှမ်းပြည်နယ်ရုံးချုပ်ဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၂၆ ရက် နံနက် ၉ နာရီက တောင်ကြီးမြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်း အမှတ် (၁၅၄) ကမ္ဘောဇဘဏ်(၁)တွင် ကျင်းပခဲ့သည်။

အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇ အာမခံလုပ်ငန်း ရှမ်းပြည်နယ်ရုံးချုပ် ဖွင့်ပွဲအထိမ်းအမှတ်ဖဲကြိုးနှင့် မိုးပျံပူဖောင်းများကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးစိုင်းထွန်းရင်၊ ပုဂ္ဂလိကအာမခံလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအေးမင်းသိန်း၊ အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံလုပ်ငန်းဒါရိုက်တာ ဦးကောင်းမြတ်နှင့် ရှမ်းပြည်နယ်ရုံးချုပ်တာဝန်ခံ ဦးကျော်ဇောတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဦးစဝ်အောင်မြတ်နှင့် ဧည့်သည်များကို တာဝန်ရှိသူတို့က ရုံးချုပ်အတွင်းလုပ်ငန်းဆောင်ရွက်နေသည့်ဌာနခွဲများကို လိုက်လံရှင်းလင်းပြသကြသည်။**(ယာပုံ)**

ထို့နောက် ဒုတိယပိုင်းအစီအစဉ်အား တောင်ကြီးမြို့ တောင်ကြီးဟိုတယ်တွင် ဆက်လက်ကျင်းပရာ ယင်းအခမ်းအနားတွင် အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအေးမင်းသိန်းက အဖွင့်အမှာစကားပြောကြားပြီး အပြည်ပြည်ဆိုင်ရာကမ္ဘောဇအာမခံလုပ်ငန်း အုပ်ချုပ်မှုဒါရိုက်တာ ဦးညိုမြင့်က ရှမ်းပြည်နယ်ရုံးချုပ်ဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် "အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံလုပ်ငန်းသည် ပုဂ္ဂလိကအာမခံလုပ်ငန်းလိုင်စင်ရရှိသော ကုမ္ပဏီကိုးခုတွင် အပါအဝင်ဖြစ်ပြီး (၁၂-၆-၂၀၁၃)ရက်နေ့မှစတင်၍ အာမခံလုပ်ငန်းများကို ရန်ကုန်မြို့တွင် လည်းကောင်း၊ (၂၄-၉-၂၀၁၃) ရက်နေ့မှစတင်၍ အထက်မြန်မာပြည်ရုံးချုပ်ကို မန္တလေးမြို့တွင်လည်းကောင်း စတင်ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယနေ့ဖွင့်လှစ်သော ရှမ်းပြည်နယ်ရုံးချုပ်သည် ရှမ်းပြည်နယ်တွင်ရှိ ပြည်သူများ၏ အသက်အိုးအိမ်၊ စည်းစိမ်နှင့် စီးပွားရေး လုပ်ငန်းများအတွက် လိုအပ်သော အာမခံအကာအကွယ်ဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများကို အနီး ကပ် ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း" ရှင်းလင်းတင်ပြသည်။

အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇ အာမခံလုပ်ငန်းသည် ပြည်သူများ၏ အသက်အိုးအိမ်၊ စည်းစိမ်နှင့် စီးပွားရေးလုပ်ငန်းများ ပျက်စီးဆုံးရှုံးခြင်းမှ ပြန်လည်အစားထိုးကာကွယ်ပေးရန်အတွက် မီးအာမခံ၊ အလုံးစုံမော်တော်ယာဉ်အာမခံ၊ ပြည်သူ့ပြည်သားအသက်အာမခံ၊ စုပေါင်းအသက်အာမခံ၊ မြွေအန္တရာယ်အာမခံ၊ အားကစားသမားများ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ၊ ငွေသားလုံခြုံမှုအာမခံ၊ ငွေပို့ငွေသယ်အာမခံနှင့် သမာဓိ အာမခံတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံလုပ်ငန်းဥက္ကဋ္ဌဦးအောင်ကိုဝင်း၊ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြန်မာ့အာမခံလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးအေးမင်းသိန်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရှမ်းပြည်နယ်အတွင်းမှ စီးပွားရေးလုပ်ငန်းရှင်များ၊အာမခံကိုယ်စားလှယ်များနှင့်ဖိတ်ကြားထားသောဧည့်သည်များ၊ ကမ္ဘောဇဘဏ်ဝန်ထမ်းများတက်ရောက်အားပေးကြသည်။ **(ကြေးမုံ)**

၂၀၁၃ ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်ဆောင်းပါး၊ စာစီစာကုံး၊ ကဗျာပြိုင်ပွဲ၊ သင်ထောက်ကူပြိုင်ပွဲနှင့် သုတေသနစာတမ်းပြိုင်ပွဲဆုရသူများကြေညာ

နေပြည်တော် စက်တင်ဘာ ၂၆

၂၀၁၃ ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ဆောင်းပါး၊ စာစီစာကုံး၊ ကဗျာပြိုင်ပွဲနှင့် သင်ထောက်ကူပြိုင်ပွဲ ဆုရသူများစာရင်းကို သက်ဆိုင်ရာက ယနေ့ထုတ်ပြန်ကြေညာသည်။

ဆောင်းပါးပြိုင်ပွဲကို **ပညာအရည်အသွေးမြင့်မားဖို့၊ ဆရာအရည်အချင်းမြှင့်တင်စို့** ခေါင်းစဉ်ဖြင့်ယှဉ်ပြိုင်ခဲ့ရာ အခြေခံပညာမူလတန်းအဆင့် ဆရာ ဆရာမများဆောင်းပါးပြိုင်ပွဲတွင် ပထမဆုကို မိတ္ထီလာမြို့ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)လေတပ်မှ မူလတန်းပြ ဒေါ်သန္တာစိုး၊ ဒုတိယဆုကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် အမှတ် (၁၇)အခြေခံပညာမူလတန်းကျောင်းမှ အငြိမ်းစားမူလတန်းကျောင်းအုပ် ဒေါ်ခင်ဝင်း(ခင်ခင်ဝင်း-ပညာရေး)၊ တတိယဆုကို ပဲခူးမြို့နယ် အခြေခံပညာမူလတန်းကျောင်း(ကျုံပကန်)မှ မူလတန်းပြ ဒေါ်သွယ်မီကြိုင်တို့က ရရှိသည်။

အခြေခံပညာအလယ်တန်းအဆင့် ဆရာဆရာမများဆောင်းပါးပြိုင်ပွဲတွင် ပထမဆုကို ရေနံချောင်းမြို့ အမှတ်(၂)အခြေခံပညာ အလယ်တန်းကျောင်း-သပြေမှ အလယ်တန်းပြ ဦးရီလွင်(မောင်ယုလွင်-သပြေ)၊ ဒုတိယဆုကို ပုသိမ်မြို့ အမှတ်(၈)အခြေခံပညာအထက်တန်းကျောင်းမှ အလယ်တန်းပြ ဒေါ်လှိုင်းဇာလီသိမ့်(ပုသိမ်သူ)၊ တတိယဆုကို အင်းစိန်မြို့နယ် အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်းမှ အလယ်တန်းပြ ဒေါ်မိမိရီ(မိမိရီ-အင်းစိန်)တို့က ရရှိသည်။

အခြေခံပညာအထက်တန်းအဆင့်ဆရာ ဆရာမများဆောင်းပါးပြိုင်ပွဲတွင် ပထမဆုကို ရွှေကျင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း-တံခွန်တိုင်မှ အထက်တန်းပြ ဒေါ်ဝင်းမင်းအေး(ဝင်းမင်း-ရွှေကျင်)၊ ဒုတိယဆုကို ဝါးခယ်မမြို့နယ် အခြေခံပညာအထက်တန်းကျောင်း-ရွှေလောင်းမှ အထက်တန်းပြအငြိမ်းစား ဦးပြေသိမ်း(ပန်းသပြေ-ရွှေလောင်း)၊ တတိယဆုကို ပုသိမ်မြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ အထက်တန်းပြ(ကာယ) ဒေါ်အိအိခိုင်(ဇေကရီ-ကျောင်းကုန်း)တို့က ရရှိသည်။

တက္ကသိုလ်ကောလိပ်ဆရာဆရာမများအဆင့်ဆောင်းပါးပြိုင်ပွဲကို **ပညာအရည်အသွေးမြင့်မားဖို့၊ ဆရာအရည်အချင်းမြှင့်တင်စို့** ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ကြရာ ပထမဆုကို ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် မြန်မာစာဌာနမှ နည်းပြ ဒေါက်တာသန်းမင်းထိုက် (သန်းမင်းထိုက်)၊ ဒုတိယဆုကို မိတ္ထီလာပညာရေးကောလိပ် မြန်မာစာသင်ပြနည်းဌာနမှ လက်ထောက်ကထိက ဦးမြင့်မျိုး(အေးငြိမ်းကို)၊ တတိယဆုကို မုံရွာတက္ကသိုလ် နိုင်ငံတကာဆက်ဆံရေးပညာဌာနမှ နည်းပြ ဒေါ်သက်နွယ်နွယ်ဝင်း(သက်နွယ်-IR)တို့က ရရှိသည်။

အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို **ပွင့်သစ်ပန်းကိုလန်းစေသူ** ခေါင်းစဉ်ဖြင့်ယှဉ်ပြိုင်ခဲ့ရာ ပထမဆုကို ရန်ကုန်မြို့ လသာမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ သတ္တမတန်းကျောင်းသူ မသိမ့်အိချို၊ ဒုတိယဆုကို မုဒုံမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ သတ္တမတန်းကျောင်းသူ မစုချစ်နေမျိုး၊ တတိယဆုကို ပုသိမ်မြို့နယ် အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်းမှ သတ္တမတန်းကျောင်းသား မောင်ငြိမ်းချမ်းလှိုင်တို့က ရရှိသည်။

အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို **ပွင့်သစ်ပန်းကိုလန်းစေသူ** ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ ပထမဆုကို မုဒုံမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ အဋ္ဌမတန်းကျောင်းသူ မဝါဝါပွင့်ဖြူ၊ ဒုတိယဆုကို နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်းခွဲ (ကပစ-၁)မှ နဝမတန်းကျောင်းသူ မဇင်နှင်းသူ၊ တတိယဆုကို ရေနံချောင်းမြို့နယ် အမှတ်(၂)အခြေခံပညာအလယ်တန်းကျောင်း(သပြေ)မှ အဋ္ဌမတန်းကျောင်းသူ မအေးမြတ်မြတ်ခိုင်တို့က ရရှိသည်။

ပညာရေးတက္ကသိုလ်ကောလိပ်အဆင့် စာစီစာကုံးပြိုင်ပွဲကို **နေလပမာမြတ်ဆရာ** ခေါင်းစဉ်ဖြင့်ယှဉ်ပြိုင်ခဲ့ရာ ပထမဆုကို ဘားအံပညာရေးကောလိပ် လုပ်ငန်းခွင်အကြိုဆရာအတတ်ပညာဒီပလိုမာသင်တန်းမှ သင်တန်းသူ မစုမြင့်မြတ်ဇော်၊ ဒုတိယဆုကို မန္တလေးပညာရေးကောလိပ် လုပ်ငန်းခွင်အကြိုဆရာအတတ်ပညာဒီပလိုမာသင်တန်းမှ သင်တန်းသူ မခင်ဆုသျှင်၊ တတိယဆုကို မုံရွာပညာရေးကောလိပ် လုပ်ငန်းခွင်အကြိုဆရာအတတ်ပညာဒီပလိုမာသင်တန်းမှ သင်တန်းသူ မစန္ဒာအောင်တို့က ရရှိသည်။

အခြေခံပညာအလယ်တန်းအဆင့် ကဗျာပြိုင်ပွဲကို **ဘဝလမ်းညွှန် ဆရာသခင်** ခေါင်းစဉ်ဖြင့်ယှဉ်ပြိုင်ခဲ့ရာ ပထမဆုကို ညောင်လေးပင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်းခွဲ (ချောင်းရင်း)မှ သတ္တမတန်းကျောင်းသား မောင်ဇင်မင်းဦး၊ ဒုတိယဆုကို ကျောက်ဆည်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ သတ္တမတန်းကျောင်းသား မောင်စွမ်းစစ်ထက်အောင်၊ တတိယဆုကို ရေနံချောင်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်းခွဲ (လည်ပေါ်)မှ ဆဋ္ဌမတန်းကျောင်းသူ မသူသူစန္ဒီသွင်တို့က ရရှိသည်။

အခြေခံပညာအထက်တန်းအဆင့် ကဗျာပြိုင်ပွဲကို **ဘဝလမ်းညွှန်ဆရာသခင်** ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ ပထမဆုကို စစ်ကိုင်းတိုင်းဒေသကြီး ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်းမှ နဝမတန်းကျောင်းသား မောင်ညီညီဇင်မိုး၊ ဒုတိယဆုကို လှိုင်ကော်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ နဝမတန်းကျောင်းသား မောင်သန့်စင်ထက်အောင်၊ တတိယဆုကို ကချင်ပြည်နယ် မိုးကောင်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း (နမ္မတီး)မှ အဋ္ဌမတန်းကျောင်းသား မောင်စိုးမြတ်မင်းတို့က ရရှိသည်။

ပညာရေးတက္ကသိုလ်၊ ကောလိပ်အဆင့် ကဗျာပြိုင်ပွဲကို **စွမ်းရည်ဂုဏ်ထူးဥယျာဉ်မှူး**ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ ပထမဆုကို မကွေးပညာရေးကောလိပ် လုပ်ငန်းခွင်အကြိုဆရာအတတ်ပညာဒီပလိုမာသင်တန်းမှ သင်တန်းသား မောင်တင့်ဇော်ခိုင်၊ ဒုတိယဆုကို ဘားအံပညာရေးကောလိပ် လုပ်ငန်းခွင်အကြိုဆရာအတတ်ပညာဒီပလိုမာသင်တန်းမှ သင်တန်းသူ မညိမ်းညိမ်းဦး၊ တတိယဆုကို ဘိုကလေးပညာရေးကောလိပ် လုပ်ငန်းခွင်အကြိုဆရာအတတ်ပညာဒီပလိုမာသင်တန်းမှ သင်တန်းသား မောင်ဇူလိုင်တိုးတို့က ရရှိသည်။

ပညာရေးကောလိပ်အဆင့် **သင်ထောက်ကူကားချပ်ပြိုင်ပွဲ**တွင် ပထမဆုကို ပခုက္ကူပညာရေးကောလိပ် နည်းပြ ဦးဘွေကီး၊ ဒုတိယဆုကို မန္တလေးပညာရေးကောလိပ် လက်ထောက်ကထိက ဒေါ်လွင်လွင်စန်း၊ တတိယဆုကို စစ်ကိုင်းပညာရေးကောလိပ် နည်းပြ ဒေါ်မာမာစိန်တို့က ရရှိသည်။

ပညာရေးကောလိပ်အဆင့် သင်ထောက်ကူသေတ္တာပြိုင်ပွဲတွင် ပထမဆုကို ကျောက်ဖြူပညာရေးကောလိပ် လက်ထောက်ကထိက ဒေါ်ဥမ္မာဆွေ၊ ဒုတိယဆုကို ပြည်မြို့ပညာရေးကောလိပ် လက်ထောက်ကထိက ဒေါ်သီသီဝင်း၊ တတိယဆုကို မန္တလေးပညာရေးကောလိပ် နည်းပြ ဒေါ်ဌေးဌေးဝင်းတို့က ရရှိသည်။

ပညာရေးကောလိပ်အဆင့် **သင်ထောက်ကူမှုပုံ**ပြိုင်ပွဲတွင် ပထမဆုကို ရန်ကင်းပညာရေးကောလိပ် လက်ထောက်ကထိက ဒေါ်လွင်လွင်ဦးက လည်းကောင်း၊ ဒုတိယဆုကို စစ်ကိုင်းပညာရေးကောလိပ် လက်ထောက်ကထိက ဦးရန်အောင်က လည်းကောင်း၊ တတိယဆုကို ဘားအံပညာရေးကောလိပ် လက်ထောက်ကထိက ဒေါ်လွဲ့လွဲ့ဝင်းကလည်းကောင်း ရရှိသည်။

ပညာရေးကောလိပ်အဆင့် **သုတေသနစာတမ်း**(Action Research) ပြိုင်ပွဲတွင် ပထမဆုကို မော်လမြိုင်ပညာရေးကောလိပ် လက်ထောက်ကထိက ဒေါက်တာကေသီမော်၊ ဒုတိယဆုကို မြောင်းမြပညာရေးကောလိပ် နည်းပြ ဒေါ်မျိုးစန္ဒာ၊ တတိယဆုကို ဘိုကလေးပညာရေးကောလိပ် လက်ထောက်ကထိက ဒေါ်မာသာမောင်တို့က ရရှိသည်။

ဆောင်းပါးဆုရရှိသူများ၊ သင်ထောက်ကူဆုရရှိသူများနှင့်သုတေသနစာတမ်းဆုရရှိသူများသည် မိမိတို့အစီအစဉ်ဖြင့်လည်းကောင်း၊ စာစီစာကုံးနှင့် ကဗျာဆုရကျောင်းသား ကျောင်းသူများသည် အုပ်ထိန်းသူဆရာ ဆရာမ တစ်ဦးစီဖြင့် လည်းကောင်း အောက်တိုဘာ ၁ ရက်(အင်္ဂါနေ့)ညနေထက်နောက်မကျစေဘဲ နေပြည်တော် အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ကြီး(ဖုန်း-၀၆၇-၄၂၀၁၃၈)ထံ လူကိုယ်တိုင်မပျက်မကွက် သတင်းပို့ကြရမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)



☆ **မြန်မာ့တပ်မတော်မှ**

မြန်မာ့တပ်မတော်ရေးရာများအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အလားတူ နံနက် ၁၁ နာရီတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဗြိတိန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Andrew Patrick အား လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

ဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-ဗြိတိန် နှစ်နိုင်ငံအစိုးရများနှင့် တပ်မတော် နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❖ **မကွေးတိုင်းဒေသကြီးမှ**

သမဝါယမဝန်ကြီးဌာနရှိ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက နည်းပညာ၊ ဈေးကွက်ခိုင်မာရေးနှင့် ကျယ်ပြန့်ရေးတို့အတွက် ပူးပေါင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ် ၂၅ မြို့နယ်မှ မြို့နယ်ဦးစီးအရာရှိများ၊ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌများနှင့် တွေ့ဆုံ၍ လက်ရှိဆောင်ရွက်နေသော သမဝါယမဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များ၊ Microfinance လုပ်ငန်းစဉ်များ၊ သမဝါယမအသင်းများ အဆင့်မြှင့်တင်ရေးလုပ်ငန်းစဉ်များနှင့် အတွေးအခေါ် ပြောင်းလဲရေးကိစ္စများကို ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စင်ကာပူနိုင်ငံသို့ သွားရောက်ခွဲစိတ်ကုသမှုခံယူပြီး မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသော ကိုဝင်းဇော်ဦးအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆို သူများနှင့် အတူ တွေ့ရစဉ်။

ကိုဝင်းဇော်ဦး ခွဲစိတ်ကုသမှုအောင်မြင်၍ ပြန်လည်ရောက်ရှိ

ရန်ကုန် စက်တင်ဘာ ၂၆

စင်ကာပူနိုင်ငံသို့ သွားရောက်ခွဲစိတ်ကုသမှု ခံယူလျက်ရှိသော ကိုဝင်းဇော်ဦးသည် စက်တင်ဘာ ၂၆ ရက် ညနေ ၅ နာရီ မိနစ် ၂၀ တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ခွဲစိတ်ကုသမှုသည် ၁၀၀ ရာခိုင်နှုန်းအောင်မြင်ပြီးစီးပြီး ခွဲစိတ်ရာတွင် အခက်အခဲတစ်စုံတစ်ရာ မရှိကြောင်း အသည်းရောဂါအထူးကု ဆရာဝန်ကြီး ဒေါက်တာဦးခင်မောင်ဝင်းက ပြောကြားသည်။

"ရန်ကုန်ကိုပြန်ရောက်ရောက်ချင်း အမေနဲ့တွေ့ချင်တယ်၊ စင်ကာပူနိုင်ငံက ဆရာဝန်ကြီးတွေက အထူးဂရုစိုက်တယ်၊ ခွဲစိတ်မှုကအချိန်ရှစ်နာရီပဲကြာမြင့်ပါတယ်။ ဇာတိကိုရောက်ရင် ဘာသာရေးအလုပ်တွေကိုပဲ ဆက်လက်လုပ်ဆောင်သွားမှာပါ" ဟု ခွဲစိတ်မှုပြုလုပ်ပြီးသည့် ကိုဝင်းဇော်ဦးက ပြောသည်။

ကိုဝင်းဇော်ဦး၏ ခွဲစိတ်ကုသမှုကို မြန်မာနိုင်ငံတွင် မကဘဲ တစ်ကမ္ဘာလုံးက စိတ်ဝင်စားလျက်ရှိပြီး ခွဲစိတ်မှုကုန်ကျစရိတ် ကျပ်သိန်း ၆၀၀ ကုန်ကျကြောင်း သိရသည်။

(ကေသိန်းဆွေ)

ငွေကြေးကိစ္စစကားများရာမှ တုတ်နှင့် ဝိုင်းရိုက်

နေပြည်တော် စက်တင်ဘာ ၂၆

စက်တင်ဘာ ၂၀ ရက်က တောင်တွင်းကြီးမြို့နယ် အောင်သုခကျေးရွာ တောင်တွင်း-ပြည်ကားလမ်းဘေး၌ ရွာသစ်အရှေ့စုကျေးရွာနေ ဦးစန်းလွင်(၄၅)နှစ်နှင့် တစ်ရွာတည်းနေ ဦးပြေရှိန်၊ သက်နိုင်ဝင်းတို့ နွားရောင်းထားသည့်ငွေကြေးကိစ္စနှင့်ပတ်သက်ပြီး စကားများစဉ် ဦးစန်းလွင်က ဦးပြေရှိန်အား သစ်သားတုတ်ဖြင့် ရိုက်နှက်ခဲ့၍ ဦးပြေရှိန်တွင် ဒဏ်ရာများရခဲ့သည်။ ထိုစဉ် တစ်ရွာတည်းနေ ဦးစန်းလွင်၏ညီဖြစ်သူ ဘအေး(၃၀)နှစ်နှင့် သိန်းစိုး(၃၂)နှစ်တို့ ရောက်ရှိလာပြီး တုတ်ဖြင့် ဝင်ရောက်ရိုက်နှက်သဖြင့် သက်နိုင်ဝင်းတွင် ယာလက်ဖျံဖူးရောင်ဒဏ်ရာတစ်ချက်နှင့် ဝဲလက်ဖျံဖူးရောင်ဒဏ်ရာတစ်ချက်တို့ ရရှိခဲ့သဖြင့် ဦးစန်းလွင်၊ ဘအေးနှင့် သိန်းစိုးတို့ သုံးဦးအား အမှုဖွင့်အရေးယူထားကြောင်းသိရသည်။ **(ရဲပြန်ကြား)**

✻**(၁၁၅)မိုင်မှ**

လမ်းဘေး ပလက်ဖောင်းများနှင့် ပန်းအလှခုံများတွင် ကျူးကျော်ဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချခဲ့ရာ ဆိုင်ခန်းပေါင်း ၁၀၇ ခန်းထိ ရှိလာခဲ့သည်ဟု သိရှိရသည်။

ယင်းသို့ စည်းကမ်းမဲ့ရောင်းချလာမှုကြောင့် ပလက်ဖောင်းနှင့် ပန်းအလှခုံတို့မှ အုတ်ခုံများပျက်စီးခြင်း၊ ဈေးသည်အချင်းချင်းခိုက်ရန်ဖြစ်ပွားခြင်း၊ မီးမွှေးချက်ပြုတ်မှုကြောင့် ယာဉ်များ မီးဘေးအန္တရာယ်ဖြစ်ပေါ်နိုင်ခြင်း၊ ခရီးသည်များ၏ ပစ္စည်းများပျောက်ဆုံးခြင်း၊ ယာဉ်နှင့်ခရီးသည်များ လုံခြုံစိတ်ချရမှုကင်းမဲ့လာခြင်း၊ ယာဉ်တိုက်မှုများ မကြာခဏဖြစ်ပွားခြင်း၊ ခရီးသွားပြည်သူများ စိတ်အနှောင့်အယှက်ဖြစ်ရခြင်းနှင့် ယာဉ်ရပ်နားကွင်း၏ သန့်ရှင်းသာယာလှပမှုကို ထိခိုက်ပျက်စီးစေခြင်း စသည်တို့ဖြစ်ပေါ်လာခဲ့သည်။

ထို့ပြင်ယာဉ်များမှာလည်း ယာဉ်ရပ်နားကွင်းတွင် ကောင်းမွန်စွာ ရပ်နားနိုင်ခြင်း မရှိသောကြောင့် စားသောက်ဆိုင်ကြီးများ၏ ရှေ့ ယာဉ်သွားလမ်းပေါ်တွင် လည်းကောင်း၊ ဆိုင်တစ်ခုနှင့် တစ်ခုအကြားတွင်လည်းကောင်း သွားရောက်ရပ်နားနေကြရသည်ကို တွေ့ရှိရသည်။

ထို့ကြောင့် ဖြူးမြို့နယ်အုပ်ချုပ်ရေးမှူးက ယာဉ်ရပ်နားစခန်းကို စက်တင်ဘာ ၂၅ ရက်တွင် သန့်ရှင်းသာယာလှပအောင် ဆောင်ရွက်ရမည်ဖြစ်၍ လမ်းဘေးပလက်ဖောင်းများ၊ ယာဉ်ရပ်နားကွင်းနှင့် ပန်းအလှခုံတို့တွင် ဖွင့်လှစ်ရောင်းချနေသည့် ဆိုင်ခန်းများအား စက်တင်ဘာ ၁၈ ရက်မှ ၂၄ ရက်အထိ ရက်သတ္တပတ်အတွင်းဖယ်ရှားပေးရန် စက်တင်ဘာ ၁၈ ရက်တွင် အမိန့်ကြော်ငြာစာတစ်ရပ် ထုတ်ပြန်ခဲ့ကြောင်း၊ သို့ဖြစ်၍ ဈေးဆိုင်များက စက်တင်ဘာ ၂၄ ရက်တွင် ၎င်းတို့ဘာသာ ဖယ်ရှားပေးခဲ့ကြကြောင်း သိရှိရသည်။

"ဒီဆိုင်ခန်းတွေက တရားဝင်ဖွင့်ခွင့်ပေးခဲ့တာ မဟုတ်ပါဘူး။ တစ်ယောက်စ၊ နှစ်ယောက်စ ဈေးလာရောင်းရာကနေ ဆိုင်ခန်းတွေနဲ့ ရောင်းတဲ့အထိဖြစ်လာတာပါ။ ဒီဈေးဆိုင်တွေကြောင့် ခရီးသွားပြည်သူတွေအနေနဲ့ ယာဉ်ရပ်တဲ့နေရာကနေ စားသောက်ဆိုင်တွေဆီကို သွားလာတဲ့အခါ အနှောင့်အယှက်ဖြစ်ရပါတယ်။ ကျန်းမာရေးနဲ့မညီညွတ်တာတွေလည်း ဖြစ်လာပါတယ်။

မြန်မာနိုင်ငံကိုလာရောက်ကြတဲ့ နိုင်ငံခြားသားတွေလည်း ဒီလမ်းမကြီးနဲ့ ဒီယာဉ်ရပ်နားစခန်းကို ဝင်ထွက်သွားလာနေကြပါတယ်။ နောက်ပြီး မကြာမီဆီးဂိမ်းပြိုင်ပွဲကြီး ကျင်းပတော့မယ်။ ၂၀၁၄ ခုနှစ်မှာလည်း အာဆီယံအလှည့်ကျ ဥက္ကဋ္ဌတာဝန်ယူရမယ်ဆိုတော့ ဒီလမ်းမကြီးကို နိုင်ငံခြားသားတွေမပြတ်လာရောက်ကြမှာပါ။ အဲဒီလိုအခြေအနေမှာ ဒီဆိုင်တွေက အမြင်မတင့်တယ်သလို ဖြစ်နေပါတယ်။ ဒါကြောင့် သူတို့ရဲ့ ရောင်းကုန်ပစ္စည်းလက်ကျန်လေးတွေ အပြတ်ရောင်းချနိုင်ဖို့ တစ်ပတ်လောက် အချိန်ပေးပြီးမှ ဖယ်ရှားပေးဖို့ မေတ္တာရပ်ခံခဲ့တာပါ" ဟု အမြန်လမ်း ပြုပြင်ထိန်းသိမ်းရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ဈေးဆိုင်ခန်းများရှင်းလင်းသွားပြီဖြစ်သဖြင့် အမြန်လမ်းမကြီးပြုပြင်ထိန်းသိမ်းရေးအဖွဲ့က ယာဉ်ရပ်နားကွင်းအတွင်း ယာဉ်များစနစ်တကျရပ်နားနိုင်ရန် မျဉ်းများပြန်လည်ရေးဆွဲခြင်း၊ ပျက်စီးယိုယွင်းသွားခဲ့သည့် ပန်းအလှခုံများ၊ ပလက်ဖောင်းများ ပြန်လည်ပြုပြင်ခြင်းနှင့် ဆေးသုတ်ခြင်း၊ ညစ်ပတ်ပေရေနေသည်များကို ပြန်လည်ဆေးကြောသန့်ရှင်းခြင်း စသည်တို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

ဥ ပ ဒေ ဘောင် တွင်း နေ ထိုင် ခြင်း ဘေး ကင်း ရန် ကွာ လွန် ချမ်း သာ

ပြည်သူများ၏ဆန္ဒကို အကောင်အထည်ဖော်နိုင်မှုနှင့် လက်ငင်းအကျိုးသက်ရောက်မှုတို့အပေါ် မူတည်၍ ပြည်သူ့အစိုးရအဖြစ် အသိအမှတ်ပြုမှာဖြစ်

နေပြည်တော် စက်တင်ဘာ ၂၆

ပြည်ထောင်စုဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ ဘဏ္ဍာငွေခွဲဝေသုံးစွဲမှုဆိုင်ရာများ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာများ၊ စီးပွားရေးနှင့် စီမံကိန်းဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။(ယာပုံ)**

အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးတင်နိုင်သိန်းနှင့် ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှဝန်ကြီးများ၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနနှင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာနများမှ ညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက စီမံကိန်းများ အကောင်အထည်ဖော်ရန် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရာတွင် တစ်ဆက်တစ်စပ်တည်း ဖွံ့ဖြိုးတိုးတက်အောင် စဉ်းစားဆောင်ရွက်ရန် လိုအပ်ကြောင်း၊ စီမံကိန်းများကိုရေးဆွဲရာတွင် ဒေသခံပြည်သူများ၏ ဆန္ဒနှင့် သဘောထားကို ရယူအကောင်အထည်ဖော်ဆောင်ရွက်သွားရန်နှင့် ပြည်သူများ၏ နေ့စဉ်လိုအပ်ချက်များကို ဦးစားပေးသွားရန် လိုအပ်ကြောင်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် လက်ရှိထုတ်လုပ်မှုများထက် နှစ်ဆတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ သယံဇာတ အရင်းအမြစ်များကို အကျိုးရှိရှိထိရောက်စွာ စီမံခန့်ခွဲဆောင်ရွက်သွားရန် လိုအပ်ကြောင်းဖြင့် မြန်မာနိုင်ငံ၏ စီးပွားရေးဆိုင်ရာ အချက်အလက်များ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများ၊ အာဆီယံရင်းနှီးမြှုပ်နှံမှုနှင့် အခွန်ကောက်ခံမှုဆိုင်ရာလုပ်ငန်းများ၊ ဆက်သွယ်ရေး၊ ဆိပ်ကမ်းနှင့် ကျန်းမာရေးဆိုင်ရာ ကဏ္ဍအလိုက် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၊ နိုင်ငံတော်သမ္မတ၏ လပေါင်း(၃၀)အတွင်း အဓိကဦးစားပေး အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းများနှင့် စီမံကိန်းများရေးဆွဲရာတွင် ဦးစားပေးလုပ်ဆောင်ရန် ကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက မိမိတို့အစိုးရအဖွဲ့ကို ပြည်သူများက ရွေးချယ်ထားခြင်း ဖြစ်ပါကြောင်း၊ ပြည်သူများ၏ ဆန္ဒကို အကောင်အထည်ဖော်နိုင်မှုနှင့် လက်ငင်းအကျိုးသက်ရောက်မှုတို့အပေါ် မူတည်၍ အစိုးရအဖွဲ့၏ လုပ်ငန်း ဆောင်ရွက်ချက်များကို အကဲဖြတ်ကာ ပြည်သူ့အစိုးရအဖြစ် အသိအမှတ်ပြုမှာ ဖြစ်ပါကြောင်း၊ စီမံကိန်းများ ရေးဆွဲရာတွင် ပြည်ထောင်စု အစိုးရအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်များ၏ လိုအပ်ချက်ဆန္ဒများအပေါ် မူတည်ပြီး ရေးဆွဲသွားရမည်ဖြစ်ပါကြောင်း၊ အလားတူ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် မြို့နယ်များ၏လိုအပ်ချက်နှင့် ဒေသခံပြည်သူများ၏ ဆန္ဒများအပေါ် မူတည်၍ စီမံကိန်းများရေးဆွဲသွားရမည်ဖြစ်ကြောင်း၊ ပြည်သူများ၏ အခြေခံလိုအပ်ချက်များနှင့် လတ်တလောလိုအပ်မှုများကို အကောင်အထည်ဖော် ဖြည့်ဆည်းပေးသွားရမည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က အမျိုးသား ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၏ ပထမငါးနှစ်ကာလအတွင်း ပြည်သူဗဟိုပြုဖွံ့ဖြိုးမှုကို အကောင်အထည်ဖော်ရာတွင် ပြည်သူများ၏ လိုအပ်ချက်များကို မည်ကဲ့သို့ အကောင်အထည်ဖော် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည်ကို စဉ်းစားဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ စီမံကိန်းများ ရေးဆွဲရာတွင် မြို့နယ်အဆင့်စီမံကိန်းများ ပီပြင်မှသာလျှင် ပြည်သူများအဆင်ပြေမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး ပြည်နယ်အစိုးရအဖွဲ့များ အနေဖြင့် အဆိုပြု လျာထားချက်များကို သုံးသပ်ရာတွင် လက်ရှိအခြေအနေနှင့်ကိုက်ညီ၍ ထိရောက်မှုရှိသော ရင်းနှီးမြှုပ်နှံရန် လျာထားချက်များကို ဖြစ်ရန်လိုအပ်ကြောင်း၊ ယနေ့ ညှိနှိုင်းရေးဆွဲကြမည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲမှုဆိုင်ရာများ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာများ၊ စီးပွားရေး စီမံကိန်းများ၏ အကျိုးကျေးဇူးကို ၂၀၁၄-၂၀၁၅ ခုနှစ်တို့တွင် ပြည်သူများ တိုက်ရိုက်ထိတွေ့ခံစားနိုင်အောင် အဓိကထားရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများက လုပ်ငန်းပိုင်းဆိုင်ရာလိုအပ်ချက်များကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းနှင့် ဒေါက်တာကံဇော်တို့က တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ဦးသန့်(၁၀၅)နှစ်ပြည့် မွေးနေ့အမီ ဦးသန့်ပြတိုက်ဖွင့်လှစ်မည်

သတင်း-ရဲခေါင်ညွန့်
မြတ်သန္တာမောင်
ဓာတ်ပုံ-ဖိုးထောင်

ရန်ကုန် စက်တင်ဘာ ၂၆

ယခင်ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်နေထိုင်သွားခဲ့သည့် အမှတ်(၃၁) ပန်ဝါလမ်း ကမာရွတ်မြို့နယ် ရန်ကုန်ရှိ နေအိမ်ကို ဦးသန့်ပြတိုက် ဖွင့်လှစ်ရန်စီစဉ်လျက်ရှိရာ ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၂၂ ရက်တွင် ကျရောက်မည့် ဦးသန့်၏ (၁၀၅)နှစ်ပြည့် မွေးနေ့မတိုင်မီဖွင့်လှစ်ရန် စီစဉ်နေသည်ဟု ၎င်း၏ သမီးဖြစ်သူ ဒေါ်အေးအေးသန့်ထံမှ သိရသည်။

နေအိမ်အတွင်းပိုင်း ပြင်ဆင်မှုများပြုလုပ်လျက်ရှိရာ ယခုအခါတွင် ၆၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ကာ လာမည့်အောက်တိုဘာလတွင် ဦးသန့်အိမ်အပေါ်ထပ်ရှိ မျက်နှာကြက်ကိုအပြီးပြင်ဆင်ခြင်း၊ နောက်ဖေးမီးဖိုချောင် ပြင်ဆင်ခြင်း၊ ပန်းဥယျာဉ်အတွင်းပန်းပင်များ စိုက်ပျိုးနေရာချခြင်းများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ဦးသန့်ကွယ်လွန်ခဲ့သည့် နိုဝင်ဘာ ၂၅ ရက်တွင် ဦးသန့်အမှတ်တရပွဲပြုလုပ်ရန်စီစဉ်နေကြောင်းသိရသည်။ ထိုပွဲတွင် ဦးသန့် ကြိုက်နှစ်သက်ခဲ့သော အဆိုတော်မေရှင်၊ ကြည်ကြည်ဌေးတို့၏ မြန်မာသံသီချင်းများ၊ မြန်မာ့ရိုးရာနှင့် အနောက်တိုင်းဂီတ ပေါင်းစပ်ထားသောတေးဂီတများနှင့် ငြိမ်းချမ်းရေးစကားပြောပွဲများ ထည့်သွင်းသွားမည်ဟုသိရသည်။

ထို့ကြောင့် ဦးသန့်နေထိုင်ခဲ့ရာအိမ်ကို ပြတိုက်အဖြစ်ဖွင့်လှစ်ရန် ဦးသန့်၏မိသားစုမှ စီစဉ်ဆောင်ရွက်လျက်ရှိရာ ဦးသန့်၏သမီးဖြစ်သူ ဒေါ်အေးအေးသန့်နှင့် တွေ့ဆုံမေးမြန်းထားသည်များကို ကောက်နုတ်ဖော်ပြအပ်ပါသည်။

မေး။ ။ဦးသန့်ပြတိုက် လုံးဝပြီးစီးမယ့်အချိန်ကို သိပါရစေ။

ဖြေ။ ။ပြင်ဆင်မှုတွေ အကုန်လုံးကတော့ ဒီနှစ်ကုန် ဖေဖေရဲ့(၁၀၅)နှစ်ပြည့် မွေးနေ့အမီ ဇန်နဝါရီလမှာ နောက်ဆုံးထားပြီးဖွင့်နိုင်မယ်ထင်ပါတယ်။ များသောအားဖြင့် လူတွေလာကြတာက နှစ်သစ်ကူးအကုန် အလုပ်တွေ၊ ကျောင်းတွေပိတ်ချိန်မှာ အလာများကြတာမို့ပါ။

မေး။ ။ဒီပြတိုက်ကို ဘယ်လိုခင်းကျင်းပြသမယ်ဆိုတာ သိပါရစေ။

ဖြေ။ ။ပြတိုက်ရဲ့အောက်ထပ်မှာ ဧည့်ခန်း၊ ထမင်းစားခန်းနဲ့ သမိုင်းဝင်ဓာတ်ပုံတွေကို ပြသမယ်။ အပေါ်ထပ်မှာတော့ ဖေဖေရဲ့အိပ်ခန်းရှိမယ်၊ စာကြည့်ခန်းနေရာဟောင်းကို ဘုရားခန်းအဖြစ် ပြောင်းလဲပြင်ဆင်မယ်။ ဖေဖေ့ရဲ့ စာကြည့်ခန်းနေရာမှာ ဘုရားခန်းပြောင်းလုပ်တာက ဖေဖေက ဗုဒ္ဓဘာသာစစ်စစ်ရဲ့အနှစ်ကို မြတ်စွာဘုရားတရားတော်တွေနဲ့အညီ လိုက်နာကျင့်သုံးခဲ့တယ်။ တခြားဘာသာတွေမှာလည်း ဒီလိုမွန်မြတ်တဲ့ တရားတွေရှိတယ်ဆိုတာကို သူနားလည်တယ်။ ဒီအတွေးအခေါ်နဲ့ အကျင့်သီလတွေဟာ သူ့ကို ပန်းတနော်မြို့နယ်က ကျောင်းဆရာဘဝကနေ ၁၄ နှစ်အတွင်းမှာ ကမ္ဘာ့ထိပ်တန်းစင်မြင့်ပေါ် တက်ပြီး ငြိမ်းချမ်းရေးလုပ်နိုင်ခဲ့တာ။ ဒီလိုလုပ်ရာမှာလည်း အောင်မြင်ခဲ့တာကို ဒီကိုလာကြမယ့်လူငယ်တွေ၊ ပြည်တွင်းပြည်ပ ဧည့်သည်တွေကို သူ့ရဲ့ Philosophy ကို နားလည်စေချင်လို့ပါ။

မေး။ ။ဦးသန့်ပြတိုက်မှာ အရင်အိမ်ပုံစံအပြင် ဘယ်လိုမွမ်းမံမှုတွေကော ထည့်သွင်းသွားမှာပါလဲ။

ဖြေ။ ။အန်တီကတော့ ဒီကိုလာကြည့်မယ့်လူငယ်တွေကို ကုလသမဂ္ဂရဲ့ နောက်ခံသမိုင်းကြောင်းနဲ့ ဖေဖေ ဆောင်ရွက်ခဲ့တာတွေကို ပညာရေးအထောက်အကူပြုရုပ်သံအဖြစ်နဲ့ ကြည့်နိုင်အောင်ပြတိုက်ဖွင့်ချိန်အတွင်း ပြသပေးသွားမယ်။ နောက် အင်တာနက်အသုံးပြုနိုင်ဖို့လည်း တပ်ဆင်ပေးနိုင်အောင် စီစဉ်ရမှာပေါ့။ အိမ်အပြင်ဘက်မှာ ပန်းဥယျာဉ်တစ်ခုလုပ်ပြီး ကော်ဖီဆိုင်၊ အမှတ်တရပစ္စည်းအရောင်းဆိုင်နဲ့ တရားအားထုတ်နိုင်မယ့် နေရာတွေ ပြုလုပ်ပေးသွားမယ်။ ဒါတွေအားလုံးပြီးသွားရင် ကုလသမဂ္ဂမှအထိမ်းအမှတ် နိုင်ငံတကာနေ့ (International Day)တွေ၊ အစည်းအဝေးပွဲတွေကို ဒီမှာလာပြီး ပြုလုပ်ဖို့ တောင်းဆိုလာရင်လည်း ခွင့်ပြုပေးသွားမယ်။ အိမ်နေရာကကျဉ်းတော့ လူ ၃၀ လောက်ဆိုအိမ်ပေါ်မှာ လုပ်ခွင့်ပြုမှာပေါ့။ လူများရင်တော့ ဥယျာဉ်ထဲမှာ လုပ်နိုင်ပါတယ်။

မေး။ ။ဒီပြတိုက်အဝင်လမ်းကို ပြုပြင်မယ်ဆိုတာကော ပြီးစီးပါပြီလား။

ဖြေ။ ။ဒီဇူလိုင် ၆ ရက်မှာ ပြတိုက်အကြိုဖွင့်ပွဲလေးလုပ်တော့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြတိုက် အဝင်လမ်းဖြစ်တဲ့ ပန်ဝါလမ်းကို ဦးသန့်လမ်းလုပ်ဖို့ ပြောထားတာရှိတယ်။ အန်တီ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နဲ့ တွေ့ခွင့်တောင်းထားတယ်။ ဝန်ကြီးချုပ်နဲ့ တွေ့တဲ့အခါကျရင် ပန်ဝါလမ်းကို ဦးသန့်လမ်းအဖြစ် ပြောင်းဖို့၊ လမ်းချဲ့ဖို့နဲ့ လမ်းဖာထေးဖို့ပြောမှာပါ။

မေး။ ။ဦးသန့်ပြတိုက်ကို မြန်မာနိုင်ငံမှာ ဖွင့်လှစ်ချင်တဲ့ ရည်ရွယ်ချက်ကို ပြောပြပါ။

ဖြေ။ ။ဖေဖေ့အကြောင်းကို ပြန်ပြောပြတဲ့အခါမှာ သူငြိမ်းချမ်းရေးအတွက် လုပ်တာက တိုင်းပြည်တစ်ပြည်ထဲအတွက်မဟုတ်ဘူး။ ကမ္ဘာကြီးအတွက် ငြိမ်းချမ်းရေးလုပ်ခဲ့တာ။ သူလုပ်ဆောင်ခဲ့တဲ့ ငြိမ်းချမ်းရေးအတွက် မျှော်မှန်းချက်တွေ၊ လုပ်ဆောင်ချက်တွေကို အန်တီကပြန်လည်ပြီး ဖော်ထုတ်ချင်တယ်။

○ **ရွှေဖုံးမှ**

လေစွမ်းအင် ထုတ်လုပ်ခြင်းမှာ လျှပ်စစ်ဓာတ်အား ပမာဏ အမြောက်အမြား ထွက်ရှိလာသော်လည်း ရင်းနှီးမြှုပ်နှံမှုပမာဏ များပြားကြောင်း လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနက အငြိမ်းစားအရာရှိ တစ်ဦးက မှတ်ချက်ပေးသည်။

လက်ရှိတွင် တစ်နိုင်ငံလုံးအနေနှင့် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၂၀၀၀ ခန့် ထုတ်လုပ်လျက်ရှိသည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂၇-၉-၂၀၁၃(သောကြာနေ့)
(၁၃၇၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၈ ရက်၊ ဥပုသ်နေ့)

၆း၀၀	ပရိတ်တရားတော်
၆း၄၅	ဘုတလင်မြို့ ကြောင်ပန်းတောရ "ကျေးဇူးရှင်ပထမဆရာတော် အရှင်ကုန္ဒက၏ တစ်ဘဝ သာသနာထေရုပ္ပတ္တိဖြစ်စဉ်"
၁၁း၃၅	ပျော်ရွှင်စေသောနေ့ရက်များ "နိုင်ငံကျော်ရုပ်ရှင်မင်းသမီး ယောက်ျား" (အပိုင်း-၅) (နေတိုး၊ စိုးမြတ်သူဇာ၊ အေးမြတ်သူ) (ဒါရိုက်တာ-မီးပွား)
၁၂း၂၅	ဆေးရောင်စုံရုပ်ရှင် "တမ်းတခြင်းမှဝေးပါစေ" (ဒွေး၊ ဇော်လင်း၊ မေသန်းနု) (ဒါရိုက်တာ-ကြီးမြင့်)
၃း၁၅	နိုင်ငံခြားဇာတ်လမ်းတွဲ "နိမိတ်ပုံရိပ်" (အပိုင်း-၃၆)
၄း၃၅	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ (ဒုတိယနှစ်) (သမိုင်းအထူးပြု)(သမိုင်း)
၆း၄၀	နိုင်ငံခြားဇာတ်လမ်းတွဲ "ရွှေမင်းသားရဲ့သုခကမ္ဘာ" (အပိုင်း-၃၁)

နည်းပညာသတင်း | TIKILA

အဆင့်မြင့်ဖုန်းများနှင့် ဒစ်ဂျစ်တယ်ကင်မရာငယ်များအတွက် ပုံထွက်အရည်အသွေးမြင့်မားသော မှန်ဘီလူးတစ်မျိုးတီထွင်

အမေရိကန်နိုင်ငံ ဆန်ဒီယေဂိုရှိ ကယ်လီဖိုးနီးယားတက္ကသိုလ်မှ အင်ဂျင်နီယာကျောင်းသားများနှင့် ပညာရှင်များပါဝင်သည့် သုတေသနအဖွဲ့သည် အဆင့်မြင့်ဖုန်းများနှင့် ဒစ်ဂျစ်တယ်ကင်မရာငယ်များတွင် တပ်ဆင်အသုံးပြုနိုင်ရန် ပုံထွက်အရည်အသွေးမြင့်မားပြီး အရွယ်အစားသေးငယ်သည့် မြင်ကွင်းကျယ် ကင်မရာမှန်ဘီလူးတစ်မျိုးကို တီထွင်ဖန်တီးခဲ့ကြောင်း ယင်းတက္ကသိုလ်၏ ပညာရေးပြန်ကြားမှုစာမျက်နှာတွင် တွေ့ရှိရသည်။ လူသားတစ်ဦးတွင်ရှိသော အမြင်အာရုံစနစ်ထက် အဆ ၂၀ခန့် ပိုမိုမြင့်မားနိုင်သည်ဟု အဆိုပါမြင်ကွင်းကျယ်မှန်ဘီလူးကို တီထွင်သည့် အင်ဂျင်နီယာအဖွဲ့ခေါင်းဆောင် ဂျိုးဇက်ဖော့ဒ်က တက္ကသိုလ် ပြန်ကြားရေးဌာနသို့ ပြောကြားသည်။ အဆိုပါမှန်ဘီလူးကို ဓာတုဗေဒ ဖန်သားတစ်မျိုးအသုံးပြုထားပြီး ဓာတ်ပုံရိုက်ကူးရာတွင် ပုံထွက်အရည်အသွေးအထူးကောင်းမွန်၍ ကြည်လင်ပြတ်သားမှုရှိအောင် ရည်ရွယ်ဖန်တီးနိုင်ရန် ယင်းတက္ကသိုလ်၏ ပါမောက္ခတာဝန်ယူထားသူက လမ်းညွှန်အကြံပေးမှုပြုခဲ့သည်ဟု သိရှိရသည်။ အသုံးပြုသူတို့သည် မိမိတို့ရှေ့တွင်ရှိနေသော မြင်ကွင်းများ၏ ၁၂၀ ဒီဂရီအတွင်းရှိသော ပုံရိပ်များကို ကြည်လင်ပြတ်သားစွာ ရိုက်ကူးမှတ်တမ်းတင်နိုင်စွမ်းရှိပြီး ပုံရိပ်ကြည်လင်ပြတ်သားမှုနှုန်းမှာ(30-Megapixel)အထိ ပါဝင်နိုင်ကြောင်း သိရသည်။ ပုံရိပ်အာရုံခံစနစ်သေးငယ်စွာပါဝင်ပြီး ဓာတုဗေဒအဆင့်မြင့်နည်းဖြင့် ပေါင်းစပ်ထားသည့် ဖန်သားကို အသုံးပြုထားသောကြောင့် လာမည့်နှစ်အတွင်း စမ်းသပ်မှုပြီးမြောက်ပါက အဆင့်မြင့်ဖုန်းနှင့် ဒစ်ဂျစ်တယ်ကင်မရာငယ်များတွင် ပါဝင်လာနိုင်ဖွယ်ရှိကြောင်း နည်းပညာစာမျက်နှာများတွင် တွေ့ရှိရသည်။ ယခုလက်ရှိစမ်းသပ်ဆဲကာလတွင် အဆိုပါ ကင်မရာသုံးမှန်ဘီလူးကို မိုဘိုင်းအီလက်ထရွန်နစ်လုပ်ငန်းများသို့ မပို့ဆောင်ပေးနိုင်သေးခြင်းမှာ စမ်းသပ်တီထွင်မှုပြုလုပ်နေချိန်အတွင်း ဓာတုဗေဒနှင့် နည်းပညာအခက်အခဲအနည်းငယ်ကျန်ရှိနေသောကြောင့် လာမည့် ၂၀၁၄ ခုနှစ်အတွင်းမှသာ အသုံးပြုသူများ၏ လက်တွင်းသို့ အမှန်တကယ်ရောက်ရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ

ကင်မရာမှန်ဘီလူးတွင် အသုံးပြုသော ဓာတုဗေဒနည်းပေါင်းစပ်ထားသော ဖန်သားမှာ ကုန်ကြမ်းရှားပါးပြီး တန်ဖိုးကြီးမားသောကြောင့် ဖိုက်ဘာစပ်ဖန်သားအသုံးပြုတီထွင်နိုင်ရန် သုတေသနပြုမှုကို ဆက်လက်လုပ်ဆောင်နေကြောင်း သိရသည်။

၂၀၁၂ ခုနှစ်အတွက် အကောင်းဆုံးမြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအတွက် စိစစ်အကဲဖြတ်ရေးအဖွဲ့ များ ဖွဲ့စည်း၍ ရွေးချယ်လျက်ရှိ

နေပြည်တော် စက်တင်ဘာ ၂၆

၂၀၁၂ ခုနှစ်အတွက် အကောင်းဆုံး မြန်မာ့ရုပ်ရှင် ထူးချွန်ဆုများ ချီးမြှင့်နိုင်ရန်အတွက် ၂၀၁၂ ခုနှစ်အတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ရုံတင်ပြသခဲ့သော ရုပ်ရှင်ဇာတ်ကားများဖြစ်သည့် အချစ်ကွိုင်၊ မေခင်ကညာ၊ ချစ်တယ်ပြောမှလွှတ်မယ်၊ ငါမင်းကို. . .၊ လက်ပံ၊ မော်ကင်းဥဒါန်း၊ သွားလူဆိုး ဒါမျိုးတော့တတ်တယ်၊ နှစ်ပင်လိမ်တဲ့ရည်းစားစာ၊ ဥ၊ ကယန်းအလှ၊ အလန်းလွန် အလွန်လန်း၊ တိမ်မင်းသမီးရဲ့ဒဏ္ဍာရီ၊ ဝိုင်းကြီးပတ်ပတ် ဒူဝေဝေ၊ အမုန်းမီးတောက်၊ အမွေခံထိုက်သူဖြစ်ပါစေ၊ ဟတ်ထိတယ်-၂၊ အထာအသစ်နဲ့နှစ်ခါချစ်မယ် စသည့် ရုပ်ရှင်ကား ၁၇ ကားအား ကြည့်ရှုအကဲဖြတ်ရန် အခြေခံအဆင့် စိစစ်အကဲဖြတ်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။

အဆိုပါအဖွဲ့တွင် ဒါရိုက်တာ ဦးကြည်စိုးထွန်း (ဥက္ကဋ္ဌ)၊ အဖွဲ့ဝင်များအဖြစ် ဒါရိုက်တာ ဦးသက်မောင်မောင်၊ ဒါရိုက်တာ ဒေါ်သင်းသင်းယု၊ ဓာတ်ပုံပညာရှင် ဦးထွန်းလှိုင်၊ ဓာတ်ပုံပညာရှင် ဦးမောင်မောင်မြင့်၊ သရုပ်ဆောင် ဒေါ်ခင်သီတာထွန်း၊ သရုပ်ဆောင် မောင်သန်းဝင်း၊ တည်းဖြတ်ပညာရှင် ဦးတင်ငြိမ်း၊ ဇာတ်ညွှန်းပညာရှင် ဒေါ်ယဉ်ယဉ်လှဲ့၊ ဇာတ်ညွှန်းပညာရှင် ဦးအေးကြူလေး၊ အသံပညာရှင် ဦးဖိုးထောင်၊ အသံပညာရှင် ဦးကြည်မင်းသိမ်း၊ တေးဂီတပညာရှင် ဦးတင်ဝင်းလှိုင်၊ တေးဂီတပညာရှင် ဦးစောနု၊ စာရေးဆရာ နုနုရည် (အင်းဝ)၊ ရုပ်ရှင်အကြောင်းဝေဖန်ရေးသားသူ ဒေါ်ခင်ပန်နှင်းနှင့် ဦးဝင်းသူ (ညွှန်ကြားရေးမှူး၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း) အတွင်းရေးမှူးတို့ ပါဝင်သော ၁၇ ဦးပါ အဖွဲ့ဖြင့် ၂၇-၆-၂၀၁၃ ရက်မှ ၂၉-၇-၂၀၁၃ ရက်အထိ ကြည့်ရှုအကဲဖြတ်ခဲ့သည်။

အဖွဲ့ဝင်များ၏ စိစစ်ကြည့်ရှုအကဲဖြတ်ချက်နှင့်အညီ ထူးချွန်ဆုများ ရွေးချယ်ချီးမြှင့်ရန် ထိုက်တန်သော ဇာတ်ကားများဖြစ်သည့် လက်ပံ၊ မော်ကင်းဥဒါန်း၊ ဥ၊ ကယန်းအလှ၊ တိမ်မင်းသမီးရဲ့ ဒဏ္ဍာရီ၊ အမုန်းမီးတောက်၊ အမွေခံထိုက်သူဖြစ်ပါစေ ဇာတ်ကား ခုနစ်ကားအား စိစစ်အကဲဖြတ်၍ ပဏာမအဆင့် ရွေးချယ်ပေးခဲ့သည်။

အခြေခံအဆင့် စိစစ်အကဲဖြတ်ရေးအဖွဲ့မှ စိစစ်အကဲဖြတ်ပေးခဲ့သော ၂၀၁၂ ခုနှစ်အတွက် ရုပ်ရှင်ထူးချွန်ဆုများ ရွေးချယ်ရန် ထိုက်တန်သော ဇာတ်ကား ခုနစ်ကားအား သတ်မှတ်ချီးမြှင့်လျက်ရှိသည့် ထူးချွန်ဆု ၁၁ ဆုအား အကဲဖြတ်ရွေးချယ်ချီးမြှင့်နိုင်ရန်အတွက် ၂၀၁၂ ခုနှစ်အတွက် အကောင်းဆုံးမြန်မာ့ရုပ်ရှင်ထူးချွန်ဆု ဒုတိယအဆင့် စိစစ်အကဲဖြတ်ရေးအဖွဲ့ကို ဒါရိုက်တာ ဦးနှင်းမိုး(ဥက္ကဋ္ဌ)၊ အဖွဲ့ဝင်များအဖြစ် ဒါရိုက်တာ ဦးဇော်ထက်၊ ဒါရိုက်တာ ဦးမျိုးဇော်အောင်၊ ဓာတ်ပုံပညာရှင် ဦးဖေမြင့်ဦး၊ ဓာတ်ပုံပညာရှင် ဦးဆန်နီတင်၊ ဇာတ်ညွှန်းပညာရှင် ဒေါ်ခင်လေးသိမ့်၊ ဇာတ်ညွှန်းပညာရှင် ဦးချစ်ဦးညို၊ တည်းဖြတ်ပညာရှင် ဦးဆွေဆက်၊ သရုပ်ဆောင် ဦးဋ္ဌေးအောင်၊ သရုပ်ဆောင် စိုးသိမ်းထွဋ်၊ တေးဂီတပညာရှင် ဦးမောင်မောင်လတ်၊ တေးဂီတပညာရှင် ဦးလှဆန်းဦး၊ အသံပညာရှင် ဦးအေးမြင့်၊ အသံပညာရှင် ဦးကိုမြင့်၊ စာပေပညာရှင် ဦးနွမ်ဂျာသိုင်း၊ ရုပ်ရှင်အကြောင်း ဝေဖန်ရေးသားသူ ဦးမြတ်ခိုင်နှင့် ဦးဝင်းသူ (ညွှန်ကြားရေးမှူး၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း) အတွင်းရေးမှူးတို့ပါဝင်သော ၁၇ ဦးပါအဖွဲ့ကို ၁၉-၉-၂၀၁၃ ရက်တွင် ဖွဲ့စည်းပေးခဲ့သည်။

အဆိုပါ ဒုတိယအဆင့် စိစစ်အကဲဖြတ်ရေးအဖွဲ့သည် အခြေခံအဆင့် စိစစ်အကဲဖြတ်ရေးအဖွဲ့မှ အကဲဖြတ်ပေးခဲ့သော ရုပ်ရှင်ဇာတ်ကား ခုနစ်ကားအား ၃၀-၉-၂၀၁၃ ရက်မှ စတင်ကြည့်ရှုစစ်ဆေး အကဲဖြတ်ပြီး သတ်မှတ်ထားသော အရည်အချင်းနှင့်ကိုက်ညီသည့် ရုပ်ရှင်ထူးချွန်ဆုများအား အဖွဲ့ဝင်များ၏ စိစစ်အကဲဖြတ်ချက်နှင့်အညီ ရွေးချယ်သွားမည်ဖြစ်ကြောင်း စိစစ်အကဲဖြတ်ရေးအဖွဲ့ထံမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

အာဆီယံအကြောင်း သိကောင်းစရာဟောပြောပွဲကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၆

အာဆီယံအကြောင်း သိကောင်းစရာ ဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်ရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်မြမြက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်သည် အမျိုးသမီးများကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး သာမက နိုင်ငံအကျိုးပြုလုပ်ငန်းများကိုပါ လုပ်ကိုင်ဆောင်ရွက်နေသည့် အဖွဲ့အစည်းတစ်ခုဖြစ်ပါကြောင်း၊ ယင်းနိုင်ငံအကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်ရာတွင် နိုင်ငံတော်၌ဖြစ်ပေါ်ပြောင်းလဲမှုများနှင့် ခေတ်စနစ် အခြေအနေတို့ကို သိရှိထားရန် လိုအပ်ပါကြောင်း၊ ယခုလာမည့် ၂၀၁၄ ခုနှစ်မှာ မြန်မာနိုင်ငံသည် အာဆီယံဥက္ကဋ္ဌ အဖြစ်တာဝန်ယူ၍ အစည်းအဝေးကြီးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမှာ ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ အာဆီယံနှင့် စပ်လျဉ်းသည့် အကြောင်းအရာများ၊ အာဆီယံဥက္ကဋ္ဌအဖြစ် ဆောင်ရွက်မည့် သိကောင်းစရာ အချက်အလက်များကို သိရှိနားလည်ထားရှိစေရန် ယခု ဟောပြောပွဲကြီးကို ကျင်းပပေးခြင်းဖြစ်ပါကြောင်း၊ ယင်းအချက်အလက်များကို နိုင်ငံတော်ကြီး၏ ရှေ့လုပ်ငန်းစဉ်အဖြစ် ခံယူပြီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တိုင်းဒေသကြီး၊ ပြည်နယ်၊ ရပ်ကွက်၊ ကျေးရွာအောက်ခြေအဖွဲ့အစည်းထိ နိုင်ငံအကျိုးပြုလုပ်ငန်းများကို ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် တိုက်တွန်းလိုကြောင်း၊ ယနေ့ဟောပြောသည့် အာဆီယံနှင့် စပ်လျဉ်းပြီး သိသင့်သိထိုက်သည့် အကြောင်းအရာ ဟောပြောချက်များကို အမျိုးသမီးရေးရာအဖွဲ့ဝင်များသာမက မိမိဆွေမျိုး၊ ပတ်ဝန်းကျင်၊ အပေါင်းအသင်းများကိုလည်း ထပ်ဆင့်ဆွေးနွေး ပြောကြားပေးကြပါရန် လိုကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင် ဒေါ်အေးအေးမူက အာဆီယံအကြောင်းသိကောင်းစရာများနှင့်စပ်လျဉ်း၍ ရှင်းလင်းဟောပြောခဲ့သည်။

ယင်းနောက် အဖွဲ့ချုပ်နာယက ဒေါ်နီနီဝင်းနှင့်အဖွဲ့ချုပ် အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးဌာနကြီးခေါင်းဆောင် ဒေါ်လင်းလင်းတင်တို့က ရှင်းလင်းဟောပြောသည့် ဒေါ်အေးအေးမူအား ဂုဏ်ပြုလက်ဆောင်ပေးအပ်ကြသည်။**(သတင်းစဉ်)**

နွေကာလအတွက်(ယာဉ်+ကုန်)တန်ချိန်ပြောင်းလဲသတ်မှတ်

နေပြည်တော် စက်တင်ဘာ ၂၆

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် မော်တော်ယာဉ်များ လမ်း၊ တံတားများအသုံးပြုမောင်းနှင်ရာတွင် တင်ဆောင်ခွင့်ပြုသည့်(ယာဉ်+ကုန်)တန်ချိန်သတ်မှတ်ချက်များနှင့် ပတ်သက်၍မိုးတွင်ကာလ၊နွေကာလနှင့် ၂၀၁၅ ခုနှစ်တွင် သတ်မှတ်သည့်(ယာဉ်+ကုန်)တန်ချိန်သတ်မှတ်ချက်(၃)မျိုးအားကြိုတင်ထုတ်ပြန်ကြော်ငြာထားရှိခဲ့ပြီး ဖြစ်သည်။

မိုးတွင်ကာလသတ်မှတ်ချက်သည် ၃၀-၉-၂၀၁၃ ရက်နေ့တွင်ကုန်ဆုံးမည်ဖြစ်ပြီး နွေကာလသတ်မှတ်ချက်ဖြစ်သည့် ၁-၁၀-၂၀၁၃ ရက်နေ့မှ ၁၅-၅-၂၀၁၄ ရက်နေ့ထိ အောက်ဖော်ပြပါ ယာဉ်အမျိုးအစား(၄) မျိုးသည် ပူးတွဲဖော်ပြပါ(ယာဉ်+ကုန်)သတ်မှတ်ချက်များအတိုင်း တင်ဆောင်မောင်းနှင်ရမည်ဖြစ်ကြောင်း သိရသည်။

(က) (၁၄)ဘီးကား(Lift Axle)(ယာဉ်+ကုန်)မိုးတွင်းကာလ(၃၀)တန်မှနွေကာလ(၃၁)တန်(ဘီးအားလုံးလမ်းပေါ်ချ၍ မောင်းနှင်ရမည်)

(ခ) (၁၄)ဘီးတွဲကား(ယာဉ်+ကုန်)မိုးကာလ(၃၃)တန်မှနွေကာလ(၃၄)တန်

(ဂ) (၁၈)ဘီးတွဲကား(ယာဉ်+ကုန်)မိုးကာလ(၄၁)တန်မှနွေကာလ(၄၆)တန်

(ဃ) (၂၂)ဘီးတွဲကား(ယာဉ်+ကုန်)မိုးကာလ(၄၈)တန်မှ နွေကာလ(၅၀. ၅)တန်

ဆောက်လုပ်ရေးဝန်ကြီးဌာန

ပြည်တွင်းကုန်စည်ဈေးနှုန်း

ရန်ကုန် စက်တင်ဘာ ၂၆

စက်တင်ဘာ ၁၆ ရက်တွင် စားအုန်းဆီ လက်ကားရောင်းဈေး တစ်ပိဿာကျပ် ၁၄၉၀ နှုန်း၊ မိုးကောင်းငရုတ် တစ်ပိဿာကျပ် ၁၉၀၀-၂၀၀၀ နှုန်း၊ ဝါးခယ်မငရုတ်ရှည်တစ်ပိဿာကျပ် ၂၁၅၀ နှုန်း၊ ပြည်ပငရုတ်ရှည်တစ်ပိဿာ ၂၆၂၅ ကျပ်နှုန်း ရှိကြောင်း သိရသည်။

စက်တင်ဘာ ၂၆ ရက်တွင် ဆီထုတ်ယူခွင့် စာရွက် D.O တစ်ပိဿာဈေးနှုန်း ၁၄၇၅ ကျပ် သာရှိပြီး စက်တင်ဘာ ၂၅ တွင် ပြည်ပ FOB တစ်တန်ဈေးနှုန်းမှာ ၈၀၅ ဒေါ်လာနှုန်း၊ ငွေလဲနှုန်း ၉၇၅ ကျပ်ဖြင့် ဆိပ်ကမ်းရောက်တစ်ပိဿာ အရင်းဈေး ၁၄၇၅ ကျပ်သာရှိကြောင်း သိရသည်။ ပြည်တွင်းရန်ကုန်စားအုန်းဆီ လက်ကား တစ်ပိဿာဈေးနှုန်းကျပ် ၁၅၀၀ အောက်သို့ ပြန်လည်ကျဆင်းမည်ဖြစ်ကြောင်း ဆီကုန်သည် တစ်ဦးက ဆိုသည်။

တရုတ်ဝယ်လက်ရှိ၍ စက်တင်ဘာလဆန်းတွင် မိုးကောင်းငရုတ်တစ်ပိဿာ ကျပ် ၂၆၀၀-၂၆၅၀ နှုန်းသို့မြင့်တက်ခဲ့သကဲ့သို့ ဝါးခယ်မငရုတ်ရှည် တစ်ပိဿာ ကျပ်၂၆၀၀ ထိ မြင့်တက်ခဲ့ကြောင်း၊ ယခုအခါ တရုတ်ဝယ်လက်မရှိသည့်အပြင် ပျော်ဘွယ်-ရမည်းသင်း-တပ်ကုန်း-ကျောက်ဆည်-မိုးကောင်း-ရွှေအပ်ငရုတ်များ ထွက်ချိန်ဖြစ်သည့်အတွက် စက်တင်ဘာ ၂၆ ရက်တွင် ကျောက်ဆည် မိုးကောင်းငရုတ်ရှည်တစ်ပိဿာ ကျပ် ၁၉၀၀-၂၁၀၀ နှုန်း၊ ဝါးခယ်မငရုတ်ရှည် တစ်ပိဿာ ကျပ် ၂၁၅၀ နှုန်းသို့ ဈေးကျလာကြောင်း သိရသည်။ ပြည်ပငရုတ်ရှည်တစ်ပိဿာ ကျပ် ၂၉၀၀ နှုန်းရှိရာမှ ၂၆၂၅ ကျပ်နှုန်းသို့ ကျလာရာ စက်တင်ဘာလ အတွင်း မိုးကောင်းငရုတ်တစ်ပိဿာ ကျပ် ၆၀၀၊ ဝါးခယ်မငရုတ်ရှည် ကျပ် ၄၀၀၊ ပြည်ပ ငရုတ်ရှည် တစ်ပိဿာကျပ် ၃၀၀ ခန့် ဈေးကျလာသည်ဟု သိရသည်။

ဆန်ဈေးကွက်တွင်လည်း နွေဆန်တစ်အိတ်လျှင် ကျပ် ၁၇၅၀၀၊ ပေါ်ကျွဲဆန်တစ်အိတ်လျှင် ကျပ် ၂၁၀၀၀၊ ပေါ်ဆန်းတစ်အိတ်လျှင် ကျပ် ၂၄၀၀၀ မှ ကျပ် ၂၈၀၀၀ ၊ ရွှေဘိုပေါ်ဆန်းတစ်အိတ် ကျပ် ၃၄၅၀၀ နှုန်းရှိပြီး ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်းမှလမ်းဆန် ဆန်သစ်များ ရန်ကုန်ဈေးကွက်သို့ အိတ်ရေအနည်းငယ်ဖြင့် ဝင်ရောက်လာရာ တစ်အိတ်လျှင် ကျပ် ၁၃၅၀၀ မှ ကျပ် ၁၄၀၀၀ အတွင်း ရောင်းချရကြောင်း၊ ဇီးကုန်း-နတ္တလင်းနယ်များ၊ မြစ်ဝကျွန်းပေါ်ဒေသ-အင်းမ-ကွင်းကြီး-ကျောင်းကုန်း-ဒါးက-ကန်ကြီးဒေါင့်နယ်များတွင်လည်း ရက်ပိုင်းအတွင်း ဆန်သစ်များထွက်ပေါ်တော့မည်ဟု ဆန်ကုန်သည်များက ဆိုသည်။

ယခုအခါ ခြွေလှေ့စက်နှင့်အခြောက်ခံစက်များ အသုံးပြုခြင်းဖြင့် တလင်းပျောက်ခြွေလှေ့အခြောက်ခံနိုင်လာသဖြင့် ဆန်သစ်များဈေးကွက်သို့ အလျင်အမြန်ရောက်ရှိလာနိုင်ရာ ဆန်ကြမ်းဈေးနှုန်းများ ထပ်မံကျဆင်းလာနိုင်ကြောင်း၊ ယခုအခါ မိုးစပါးကြမ်း တင်းတစ်ရာလျှင် ကျပ် ၃၈၀၀၀၀ နှုန်းဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း နတ္တလင်းနယ်မှ စပါးဝယ်ကြိတ်ခွဲသူ ဦးဆန်းက ဆိုသည်။

(မောင်စေအောင်)

မော်ကျွန်း အောင်သုခမူလွန်ကျောင်းတွင် နွားနို့တိုက်ကျွေး

မော်လမြိုင်ကျွန်း စက်တင်ဘာ ၂၆

စက်တင်ဘာ ၂၅ ရက်တွင် ကျရောက်သော ကမ္ဘာတစ်ဝန်း မူလတန်းကျောင်းများ နို့တိုက်ကျွေးရေးနေ့ (World School Milk Day)အား ဂုဏ်ပြုသောအားဖြင့် နွားနို့တိုက်ကျွေးပွဲကို စက်တင်ဘာ ၂၅ ရက်က မော်လမြိုင်ကျွန်းမြို့ အောင်သုခမူလွန်ကျောင်းခန်းမ၌ ကျင်းပသည်။

ယင်းနွားနို့တိုက်ကျွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးမောင်၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာဖြူဖြူဝင်းနှင့် ဒုတိယမြို့နယ်ပညာရေးမှူးဦးဘိုဂိတို့က ကျန်းမာသန်စွမ်း ဉာဏ်ရည်ထက်မြတ်စေရေး နွားနို့တိုက်ကျွေးပေးအကြောင်းကို ဟောပြောကြသည်။

ထို့နောက် နွားနို့အလှူရှင် မြို့နယ်ပညာရေးမှူး ဒေါ်အေးသိန်းနှင့် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာဖြူဖြူဝင်းတို့ လှူဒါန်းသော နွားနို့များကို အောင်သုခမူလွန်ကျောင်းရှိ ကျောင်းသားကျောင်းသူ ၃၀၀ တို့အား စနစ်တကျ တိုက်ကျွေးကြကြောင်း သိရသည်။

(မော်ကျွန်း-မြင့်အောင်)

တနင်္သာရီမြစ်ရေ ဆက်လက်မြင့်တက်မှုကြောင့် တနင်္သာရီမြို့ပေါ်၌ ရေကြီးလျက်ရှိ

မြိတ် စက်တင်ဘာ ၂၆

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ်တွင် မိုးများအဆက်မပြတ်ရွာသွန်းမှုကြောင့် စက်တင်ဘာ ၂၅ ရက် ညနေ ၆ နာရီတွင် တနင်္သာရီမြစ်ရေဆက်လက်မြင့်တက်လျက်ရှိသည်။ ချောင်းကြီးရပ်ကွက်တွင် ခုနစ်ပေခန့်နှင့် ချောင်းငယ်ရပ်ကွက်တွင် ၇ ဒသမ ၅ ပေခန့်မြင့်တက်နေပြီး လူနေအိမ်များ ရေနစ်မြုပ်လျက်ရှိရာ ပြည်သူများမှ ကယ်ဆယ်ရေးစခန်းများသို့ ပြောင်းရွှေ့နေထိုင်လျက်ရှိသည်။

တနင်္သာရီမြစ်ရေကြီးမှုကြောင့် တနင်္သာရီမြို့နယ်အတွင်းရှိ ရေကြီးလျက်ရှိသော ကျေးရွာများတွင် ထပ်မံ၍ စက်တင်ဘာ ၂၅ ရက်အထိ စာသင်ကျောင်းများပိတ်ထားလျက်ရှိရာ အမက ၁၅ ကျောင်း၊ မူလတန်းလွန်ကျောင်း ရှစ်ကျောင်း၊ အလက ကျောင်း သုံးကျောင်း၊ အထက ကျောင်း လေးကျောင်း စုစုပေါင်း ကျောင်းပေါင်း ၃၀ ကို ခေတ္တပိတ်ထားလျက်ရှိသည်။ မြစ်ရေကြီးမှုကြောင့် မြိတ်-တနင်္သာရီ-ဘုတ်ပြင်း ကားလမ်းမပေါ်တွင် ရေကျော်မှုများဖြစ်ပွားလျက်ရှိပြီး အနိမ့်ပိုင်းကျသည့် ကျေးရွာဖြစ်သည့် အော်ကြီးကျေးရွာတွင် ငါးပေခန့်၊ ကော့မပြင်းကျေးရွာတွင် ငါးပေခွဲခန့်၊ ဥယာဉ်ကွင်းကျေးရွာတွင် ငါးပေခန့်အထိ နစ်မြုပ်လျက်ရှိသောကြောင့် မော်တော်ယာဉ်များဖြင့် ခရီးသွားပြည်သူများ သွားလာရခက်ခဲလျက်ရှိပြီး ကုန်းလမ်းဖြင့် သွားလာ၍ မရတော့သဖြင့် ရေလမ်းကိုသာ အသုံးပြုနေရကြောင်းသိရသည်။

မြစ်ရေကြီးမှုကြောင့် ယာယီဖွင့်လှစ်ထားသော ရေဘေးကယ်ဆယ်ရေးစခန်းများသို့ ရွှေ့ပြောင်းအိမ်ထောင်စုများကို တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အလှူရှင်များမှထောက်ပံ့ပေးပို့သော ဆန်၊ ဆီ၊ မာမားခေါက်ဆွဲများအား လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူနှင့် တာဝန်ရှိသူများက ကယ်ဆယ်ရေးစခန်းအလိုက် သွားရောက်ကာ ဆန်၊ ဆီ၊ မာမားခေါက်ဆွဲခြောက်များ ပံ့ပိုးပေးကြပြီး အမှတ် (၃၀၆) အမြောက်တပ်နယ်မှ ဘာတီအထုပ် ၃၀၀၊ ကြက်ဥများ၊ မာမားခေါက်ဆွဲများ၊ မုန့်ခြောက်မျိုးစုံတို့ကို ဝေငှပေးခဲ့ကြသည်။ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းသန်းအေးနှင့် ဆရာဝန်များ၊ သူနာပြုများနှင့် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ အမှတ်(၅၅၇) ခြေမြန်တပ်ရင်းဆေးအဖွဲ့နှင့် မြို့နယ်တိုင်းရင်းဆေးအဖွဲ့ကလည်း ကယ်ဆယ်ရေးစခန်းများမှ နာမကျန်းသူများအား အခမဲ့ဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့ကြသည်။ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများပူးပေါင်းလျက် ပြောင်းရွှေ့ရန် အခက်အခဲရှိကြသည့် သက်ကြီးရွယ်အိုများ၊ ကလေးများ၊ အိမ်ထောင်စုဝင်များအား ကယ်ဆယ်ရေးစခန်းများသို့ ဝိုင်းဝန်းကူညီပြောင်းရွှေ့ပေးခဲ့ကြသည်။

တနင်္သာရီမြစ်ရေ လျှံမှုကြောင့် ကျေးရွာအုပ်စု ၁၈ စုမှ ကွင်းပေါင်း ၁၀၂ ကွင်းရှိ တောင်သူ ၄၁၁ ဦး၏ စိုက်ပြီး လယ်ယာမြေ ၂၂၆၈၅ ဧက အနက်မှ စက်တင်ဘာ ၂၅ ရက် ညနေ ၆ နာရီအထိ ရေနစ်မြုပ်ဧကပေါင်း ၁၆၃၅ ဧကရှိပြီဖြစ်ပြီး ပျက်စီးဆုံးရှုံးမှုမသိရသေးသော်လည်း ပျက်စီးနိုင်ဖွယ်များရှိကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။

(မြိတ်ခရိုင်ပြန်/ဆက်)

မြဝတီမြို့ပေါ်၌ ဂိမ်းစက်များသိမ်းဆည်းရမိ

မြဝတီ စက်တင်ဘာ ၂၆

ကရင်ပြည်နယ် ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သက်နိုင်၏ လမ်းညွှန်မှု၊ မြဝတီခရိုင်ရဲတပ်ဖွဲ့မှူး၊ မြဝတီခရိုင် ခေတ္တခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးမင်းနောင်၏ ကြီးကြပ်ဆောင်ရွက်မှုတို့ဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်ငွေ၊ စခန်းမှူး ဒုရဲမှူး အောင်နိုင်ရွှေ ဦးစီးသည့် အဖွဲ့နှစ်ဖွဲ့ဖြင့် ဦးဆောင်၍ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ မြို့နယ်အထောက်အကူပြုကော်မတီဝင်များ၊ မြို့မိမြို့ဖများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ သတင်းမီဒီယာများနှင့် စေတနာရှင် နာရေးကူညီမှုအသင်းဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့များသည် စက်တင်ဘာ ၂၃ ရက်က မြဝတီမြို့ပေါ်ရှိ ဂိမ်းဆိုင် ၂၁ ဆိုင်၊ သဃ်န်းညီနောင်ကျေးရွာရှိ ဂိမ်းဆိုင် သုံးဆိုင်တို့အား စစ်ဆေးခဲ့ရာ ဂိမ်းဆိုင် ၂၁ ဆိုင်မှ သရဲဂိမ်းစက် တစ်လုံး၊ ငါးဂိမ်းစက် သုံးလုံး၊ ဖဲချပ်ဂိမ်းစက်၁၆ လုံး၊ ဂေါ်လီဂိမ်းစက် ၁၁ လုံး၊ သရဖူဂိမ်းစက် ရှစ်လုံး စုစုပေါင်း ၃၉ လုံးအား ထပ်မံသိမ်းဆည်းရမိပြီး စက်တင်ဘာ ၁၇ ရက်မှ လာရောက်အပ်နှံသည့် ဂိမ်းစက်မှာ ၁၂၉ လုံးဖြစ်ပြီး စုစုပေါင်း ဂိမ်းစက် ၁၆၈ လုံးအား သိမ်းဆည်းရမိကြောင်း သိရသည်။

(၅၇၀)

မွေးနေ့မင်္ဂလာဆုမွန်လွှာ

မေမေ ဒေါ်မြတ်မြတ်မိုး၏ ၂၇-၉-၂၀၁၃ ရက်နေ့တွင် ကျရောက်သော မွေးနေ့ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ဖေဖေပိုလ်မှူးကြီးမြင့်အောင်သန်းနှင့်အတူ အမျိုး၊ ဘာသာ၊ သာသနာ အကျိုးဆတက်ထမ်းပိုးထမ်းဆောင်၍ မိသားစုများနှင့်အတူ စိတ်ပျော်ရွှင်ချမ်းမြေ့သောဘဝကို ပိုင်ဆိုင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

ချစ်သမီး၊ သား၊ မြေးများ
မအေးစန္ဒာကျော်
မောင်သူရမြင့်-မအေးမိုးဖြူ
မြေး- **Hazel**

အင်္ဂလိပ်မှမြန်မာဘာသာသို့
ဘာသာပြန်နည်းလက်စွဲ
English to Myanmar Translation Manual
Mr. JOHNNY

ရောင်းမည်။ (၅၀၁၈၀၇၆)
ပုလဲမြို့သစ်၊ ဥဩရပ်ကွက်၊ ပေ(၁၅၀× ၁၅၀)မြေဂရန် သိန်း(၄၅၀၀)၊ ဒလ၊ညောင်ကုန်း ရပ်ကွက်၊ ရေ+မီး ပေ(၃၇×၅၀)၊ BN ၁³⁄₂ ဂရန် သိန်း(၉၅၀)။

ဖခင် အမည်မှန်
နွားထိုးကြီးမြို့နယ်၊ အိုးပုံတောကျေးရွာ၊ အထက(ခွဲ)တွင် ၂၀၁၁-၂၀၁၂ ပညာသင်နှစ် န၀မတန်းတွင် ပညာသင်ကြားခဲ့သော မောင်ညီညီဌေး၏ ဖခင်အမည်မှန်မှာ ဦးကျော်ဝင်း [၉/နထက(နိုင်)၀၄၈၉၆၁]ဖြစ်ပါကြောင်း။ဦးကျော်ဝင်း

နှစ်စဉ်ကြိုဆိုကြသည်
ဓါတ်ကြားအရှ
မိုးစက်စိုင်
သန်မြကို
အာဇာဝကမော်နှင့် တစ္ဆေဦးထုပ်ချုပ်
ချစ်သူသည် ကျွန်တော်၏အကျိုးတူစီးပွားဖက်ဖြစ်ပါသည်
ပြည်တွင်းပြည်ပပဟာသများ

ပွင့်လင်းမြင်သာမှုရှိလာသည်နှင့်အမျှ တရားရေးပြုပြင်ပြောင်းလဲညှိနှိုင်းဆောင်ရွက်မှုများ ရှိလာ

လားရှိုး စက်တင်ဘာ ၂၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ခရိုင်တရားရုံးအစည်းအဝေးခန်းမ၌ ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးဆောင်သော ပြည်နယ်တရားရေးဦးစီးမှူးနှင့်အဖွဲ့သည် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ တရားရုံးများတွင် အချုပ်တရားခံပါသော အမှုများ အမြန်ပြီးပြတ်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို စက်တင်ဘာ ၂၁ ရက်က ကျင်းပသည်။**(ယာပုံ)**

အခမ်းအနားတွင် ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကြွယ်ကြွယ်က အမှုစစ်ဆေးဆောင်ရွက်ရာတွင် ကြန့်ကြာမှုမရှိစေရေးအတွက် ဌာနတစ်ခုချင်းစီ၏ တင်ပြချက်များအား ရှင်းလင်းပြောကြားပြီး ပေါင်းစပ်ညှိနှိုင်း၍ အကောင်အထည်ဖော် ဆောင်ရွက်သင့်သည့်ကိစ္စရပ်များကို ပွင့်လင်းမြင်သာစွာ ဌာနဆိုင်ရာအသီးသီးက ပူးပေါင်းကူညီ လုပ်ဆောင်သွားရန်နှင့်လာဘ်ပေးလာဘ်ယူကင်းစင်ပြီး နိုင်ငံ့ဝန်ထမ်းကောင်းများအဖြစ် ရပ်တည် လုပ်ဆောင်နိုင်ကြစေရန် လမ်းညွှန်ပြောကြားခဲ့ပြီး တက်ရောက်လာကြသော အာဏာပိုင်အဖွဲ့အစည်းများ၊ တရားရေးဆိုင်ရာဝန်ထမ်းများက အားနည်းချက်၊ အားသာချက်များကို အသီးသီးတင်ပြဆွေးနွေးကြသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ အမှုများ ကြန့်ကြာနေခြင်းကြောင့် အချုပ်တရားခံများအား ထိန်းသိမ်းရာတွင် ဒေသအချို့၌ လုံခြုံရေးကန့်သတ်ချက်ရှိ၍ အခက်အခဲရှိခြင်း၊ အချုပ်တရားခံများ၏ လူ့အခွင့်အရေးများ နစ်နာဆုံးရှုံးမှုဖြစ်ပေါ်စေသည့်အပြင် တရားဥပဒေစိုးမိုးရေး လုပ်ငန်းကို တာဝန်ယူဆောင်ရွက်နေသည့် အဖွဲ့အစည်းများအပေါ် မလိုလားအပ်သော စွပ်စွဲမှုများဖြစ်ပေါ်လာနိုင်ခြင်းတို့ကြောင့် အမှုစစ်ဆေးဆောင်ရွက်ရာတွင် ဆက်စပ်ဌာနများဖြစ်သော တရားသူကြီးများ၊ ဥပဒေအရာရှိများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မှူခင်းဆရာဝန်ကြီးများ၊ ပြင်ပရှေ့နေများနှင့် ပေါင်းစပ်ညှိနှိုင်းလက်တွဲဆောင်ရွက်နိုင်ရန် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ပြုလုပ်ရခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ အစည်းအဝေးသို့ ဌာနဆိုင်ရာအကြီးအကဲများ၊ တွဲဖက်ပြည်နယ်ကျန်းမာရေးမှူးများ၊ မှူခင်းဆရာဝန်များ၊ ပြင်ပရှေ့နေများ စုစုပေါင်း ၄၇ ဦး တက်ရောက်ခဲ့ကြပြီး ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကြွယ်ကြွယ် ဦးဆောင်သောအဖွဲ့သည် အလားတူ အစည်းအဝေးမျိုးကို တောင်ကြီးမြို့ ရှမ်းပြည်နယ် တရားလွှတ်တော် အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၁၈ ရက်နေ့က ခရိုင်နှင့်မြို့နယ်တရားသူကြီးများ၊ ဥပဒေအရာရှိများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ပြင်ပရှေ့နေများဖြင့် ပြုလုပ်ကျင်းပခဲ့ကြောင်းလည်း သိရသည်။

(စံဇာအောင်)

မိတ္ထီလာမြို့ကျေးရွာငါးရွာမှဒေသခံများအသုံးပြုသည့်နတ်စင်ချောင်းတံတားပြိုလဲပျက်စီးနိုင်သည့်အခြေအနေနှင့်ရင်ဆိုင်နေရ

မိတ္ထီလာ စက်တင်ဘာ ၂၆

မိတ္ထီလာခရိုင် မိတ္ထီလာမြို့ ဂဠုန်ကုန်းကျေးရွာ အုပ်စုအတွင်းရှိ ကျေးရွာငါးရွာမှ ဒေသခံပြည်သူများ မြို့နှင့်ဆက်သွယ် သွားလာရာလမ်းတွင် နေ့စဉ်ဖြတ်သန်းအသုံးပြုသည့် နတ်စင်ချောင်းတံတားမှာပြိုလဲပျက်စီးနိုင်သည့် အခြေအနေနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။ **(အောက်ပုံ)**

"ကျေးရွာတွေမှာ ၂၀၁၀ ခုနှစ်လောက်က မိုးသည်းထန်စွာအဆက်မပြတ်ရွာသွန်းစဉ်က ချောင်းရေတွေလျှံတက်ပြီး ရေတွေဝင်တယ်။ ဒါကြောင့် ဇွန်လဆန်းပိုင်းက မုန်တိုင်ချောင်းမကြီး ပြန်လည်တူးဖော်ရေး လုပ်ငန်းတွေ လုပ်ခဲ့တဲ့အတွက် ကျေးရွာတွေမှာ ချောင်းရေဝင်ခြင်း မရှိတော့ပေမယ့် မုန်တိုင်ချောင်းမကြီး တူးဖော်တဲ့အချိန်က တည်ဆောက်ခဲ့တဲ့ နတ်စင်ချောင်းတံတားက အခုဆို ချောင်းထဲမှာ ပြိုလဲပျက်စီးနိုင်တဲ့ အခြေအနေနဲ့ ရင်ဆိုင်နေရပါတယ်။ အဲဒီတံတားပြိုကျသွားရင် ရှင်မြို့၊ခါးကော့၊ ရွာမ၊ ကျောက်ဖြူကုန်း၊ အုတ်နဲ့ဘုတ်စတဲ့ကျေးရွာငါးရွာအပြင် အခြားကျေးရွာတချို့လည်း မြို့ပေါ်ကို အသွားအလာပြတ်တောက်သွားနိုင်တယ်။ ကျေးရွာတွေအားလုံးမှာရှိတဲ့ ဒေသခံတွေက ဒီနတ်စင်ချောင်းတံတားတစ်ခုတည်းကိုပဲ အားကိုးအားထားပြုပြီးသွားလာနေရတာ"ဟု ရွာမကျေးရွာနေ ဦးကျော်ရွှေက ပြောကြားသည်။

မိတ္ထီလာတွင် ၂၀၁၀ ခုနှစ် မေလခန့်က မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်း၍ ရှင်မြို့၊ ခါးကော့၊ ရွာမစသည့် ကျေးရွာများ ချောင်းရေဝင်ရောက်မှုဒဏ်ကို ခံရသောကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများကို သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက သွားရောက်ကူညီဆောင်ရွက်ခဲ့ဖူးကြောင်း သိရသည်။

(၇၇၉)

သာစည်မြို့နယ်တွင် ဓာတ်ငွေ့ပိုက်လိုင်းယိုစိမ့်မှုဖြစ်ပွား

သာစည် စက်တင်ဘာ ၂၆

မိတ္ထီလာခရိုင် သာစည်မြို့နယ် ကုက္ကိုကန်ကျေးရွာ ပျော်ဘွယ်ဘုရားငါးဆူကားလမ်း မိုင်တိုင်အမှတ် (၁၂/၃) နှင့်(၁၂/၄) အကြားတွင် တောင်ကြီး-ပင်းပက်သံမဏိစက်ရုံသို့ သွယ်တန်းထားသည့် ဓာတ်ငွေ့ပိုက်လိုင်းမှ အပေါက်ငယ်များဖြင့် ဓာတ်ငွေ့ယိုစိမ့်မှုတစ်ခုဖြစ်ပွားသည်ကို စစ်ဆေးတွေ့ရှိရကြောင်းသိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၂၅ ရက်က ဓာတ်ငွေ့ပိုက်လိုင်းမှ ဓာတ်ငွေ့များ ယိုစိမ့်နေသည့်သတင်းအရ ညောင်ရမ်းရဲကင်းမှ တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးရာ ဓာတ်ငွေ့လိုင်းယိုစိမ့်မှုဖြစ်ပွားကြောင်း သိရသဖြင့် ကုက္ကိုကန်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးတိုးမောင်က ပြည်မြို့နယ် ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း တီတွတ်ကြားစခန်းရှိ အင်ဂျင်နီယာ ဦးဌေးဝင်းထံ ဆက်သွယ်အကြောင်းကြားခဲ့ရာ ဦးဌေးဝင်းက ပျော်ဘွယ်မြို့နယ် ရေငံကျေးရွာရှိ တွန်းပို့စက်ရုံနှင့် ပြည်ညောင်ကျေးရွာရှိ တွန်းပို့ စက်ရုံများသို့ ဓာတ်ငွေ့ပို့လွှတ်ခြင်းများမပြုလုပ်ရန် ဆက်လက်အကြောင်းကြားခဲ့ကြောင်း၊ ယခုအခါ အဆိုပါနေရာတွင် သာစည်မြို့နယ်ညောင်ရမ်း ရဲကင်းမှ ရဲတပ်ဖွဲ့ဝင်များနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးတိုးမောင်နှင့်အဖွဲ့က အန္တရာယ်ကင်းရှင်းရေးအတွက် လုံခြုံရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ချမ်းသာ (မိတ္ထီလာ)

နေပြည်တော် ဇေယျာသီရိကုန်တိုက် ဝါကျွတ် အကြိုဈေးရောင်းပွဲတော်

ဇေယျာသီရိကုန်တိုက် ဝါကျွတ်အကြို ဈေးရောင်းပွဲတော်ကြီးကို ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၄၊ ၅၊ ၆ ရက်နေ့များတွင် နေပြည်တော်ရှိ ဇေယျာသီရိကုန်တိုက်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပါသည်။

အဆိုပါနေ့ရက်များတွင်
- သရုပ်ဆောင်ပြိုင်ပွဲ
- သီချင်းဆိုပြိုင်ပွဲ
- Mr & Miss ဇေယျာသီရိရွေးချယ်ပွဲ
- Super Stars Model Agency ၏ ဖျော်ဖြေရေးအစီအစဉ်များ
- အခြားအနုပညာရှင်များ၏ ဖျော်ဖြေရေး အစီအစဉ်များစွာအား ထည့်သွင်းကျင်းပသွားမည်ဖြစ်ပါသည်။

စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် လူကြီးမင်းတို့၏ ကုန်ပစ္စည်းများအား အရောင်းမြှင့်တင်ခြင်းများ၊ ဈေးဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချဆောင်ရွက်သွားလိုပါက အောက်ပါဖုန်းနံပါတ်များအား ဆက်သွယ်ဆောင်ရွက်သွားနိုင်ပါသည်။

ဖုန်း - ၀၉ ၅၁၉၉၅၄၂၊ ၀၉ ၄၅၀၀၅၅၅၃၀
- ၀၆၇ ၄၁၆၆၂၀ (၂၁၊ ၂၂၊ ၂၃၊ ၂၄၊ ၂၅) လိုင်းခွဲ -၁၀၀၁၊ ၁၀၀၆

Organized by Media cycle





သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မကွေးမြို့၊ရန်ဝေးရပ်ကွက်၊ သုခိတာလမ်း၊ အမှတ်(၂၉၉)နေ ဦးအောင်ကျော်စိုး(ခ)ကိုတိုး [၈/မကန(နိုင်)၀၀၇၁၆၉]၏ သမီး မထူးရွှေရည်အောင်(ခ)ဒီးဒီး [၈/မကန(နိုင်)၂၁၀၈၃၉]သည် မိဘ၏ ဆိုဆုံးမမှုကို မနာခံပါသဖြင့် သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ စုံစမ်းမေးမြန်းနိုင်ပါသည်။

ဦးအောင်ကျော်စိုး(ခ)ကိုတိုး



မယ်ကမ္ဘာအလှမယ်နောက်ဆုံးအဆင့်ပြိုင်ပွဲစက်တင်ဘာ ၂၈ ရက်တွင် ကျင်းပမည်

ကမ္ဘာ့သက်တမ်းအရှည်ဆုံးသော အလှမယ်ပြိုင်ပွဲတစ်ခုဖြစ်သည့် မယ်ကမ္ဘာအလှမယ်ပြိုင်ပွဲကို အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ဂျကာတာမြို့နှင့် ဘာလီကျွန်းတို့တွင် လက်ခံကျင်းပလျက်ရှိပြီး ယင်းပြိုင်ပွဲ၏ နောက်ဆုံးအဆင့် ယှဉ်ပြိုင်မှုကို စက်တင်ဘာ ၂၈ ရက်တွင် ဘာလီကျွန်း၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲဝင်များအနေဖြင့်လည်း စက်တင်ဘာလဆန်းမှစတင်ကာ အင်ဒိုနီးရှားနိုင်ငံသို့ ကြိုတင်ရောက်ရှိနေကြကာ စက်တင်ဘာ ၈ ရက်က ဖွင့်ပွဲအခမ်းအနားကို ဖွင့်လှစ်ပေးခဲ့သည်။ စက်တင်ဘာ ၂၂ ရက်က Miss World Talent Final ပြိုင်ပွဲကို ကျင်းပပေးခဲ့ရာ အင်ဒိုနီးရှားအလှမယ်(၂၀၁၃)ရရှိခဲ့သူ Vania Larissa က ဆုရရှိဆွတ်ခူးနိုင်ခဲ့သည်။ ထို့အပြင် စက်တင်ဘာ ၂၄ ရက်တွင် ပြိုင်ပွဲဝင်နိုင်ငံပေါင်း ၁၂၇ နိုင်ငံမှ အလှမယ်များ ပါဝင်ယှဉ်ပြိုင်ကြသည့် Miss World Top Model ပြိုင်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ မယ်ကမ္ဘာအလှမယ်ပြိုင်ပွဲ သမိုင်းတစ်လျှောက်တွင် ပထမဆုံးအကြိမ်အနေဖြင့် အင်္ဂလန်အလှမယ် Kirsty Heslewood က ထိပ်တန်းအလှမယ် ၁၀ ဦးတွင် ပါဝင်လာခဲ့ပြီး ဆုရရှိသူအမည်စာရင်းကို စက်တင်ဘာ ၂၈ ရက်တွင် ကြေညာပေးမည်ဖြစ်သည်။ ၎င်းအပြင် မယ်ကမ္ဘာအလှမယ်ပြိုင်ပွဲ၏ ပရိသတ်အားပေးမှုမဲအများဆုံးဆုကို ဘူလ်ဂေးရီးယားအလှမယ် Nansi Karaboycheva က ရရှိခဲ့သည်။

ဆက်လက်ပြီး စက်တင်ဘာ ၂၇ ရက်တွင် ယင်းပြိုင်ပွဲ၏ ထူးချွန်ဆုတစ်ခုဖြစ်သည့် World Fashion Designer Award ကို ဆက်လက်ရွေးချယ်ချီးမြှင့်ပေးသွားမည်ဖြစ်ကာ စက်တင်ဘာ ၂၈ ရက်တွင် ပြိုင်ပွဲ၏ အရေးအကြီးဆုံးဖြစ်သည့် မယ်ကမ္ဘာအလှမယ်ရွေးချယ်ပွဲ နောက်ဆုံးအဆင့်ကို ယှဉ်ပြိုင်မည်ဖြစ်သည်။

အဆိုပါ မယ်ကမ္ဘာအလှမယ်ပြိုင်ပွဲတွင် မယ်ကမ္ဘာအလှမယ်(၂၀၁၃) သရဖူဆုအပြင် ကမ္ဘာ့ထိပ်တန်းအလှမယ်သရဖူ၊ ကမ်းခြေဖက်ရှင်ဆု၊ Sports and Fitness ဆု၊ Beauty with a Purpose ဆု၊ Talent Competition ဆု၊ ဖက်ရှင်ဒီဇိုင်နာဆု စသည့် ဆုအမျိုးအစားခြောက်မျိုး ပေးအပ်ချီးမြှင့်မည်ဖြစ်သည်။

မယ်ကမ္ဘာအလှမယ်ပြိုင်ပွဲ၏ နောက်ဆုံးနေ့ဆုပေးပွဲအခမ်းအနားတွင် ၂၀၁၂ ခုနှစ် မယ်ကမ္ဘာအလှသရဖူပိုင်ရှင် Yu Wenxia က သရဖူချီးမြှင့်ပေးမည်ဖြစ်သည်။

ဖြိုးစန္ဒာမြင့်

ပရိသတ်အားပေးမှု မဲအများဆုံးဆုရှင် ဘူလ်ဂေးရီးယားအလှမယ်။

Miss World Talent Final ဆုရှင် အင်ဒိုနီးရှားအလှမယ်။

ကက်ပီတယ်ဝမ်းဖလားပြိုင်ပွဲတွင် နိုင်ပွဲရ၍ ကစားသမားများအား မိုယက်ချီးကျူး စတုတ္ထအဆင့်တွင် မန်ယူအသင်းအိမ်ရှင်အဖြစ် နော့ဝှစ်ချ်ကို လက်ခံကစားရမည်

ကက်ပီတယ်ဝမ်းဖလားပြိုင်ပွဲ၏ တတိယအဆင့်ပွဲစဉ်များကို စက်တင်ဘာ ၂၆ ရက်နံနက်ပိုင်းက ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ မန်ယူအသင်းနှင့် လီဗာပူးအသင်းတို့၏ ပွဲစဉ်တွင် မန်ယူအသင်းက တိုက်စစ်မှူး ဟာနန်ဒက်ဇ်၏ တစ်လုံးတည်းသောသွင်းဂိုးဖြင့် နိုင်ပွဲရရှိခဲ့ပြီး ဝက်စ်ဘရွန်းအသင်းနှင့် အာဆင်နယ်အသင်းတို့၏ ပွဲစဉ်တွင် အာဆင်နယ်အသင်းက ဝက်စ်ဘရွန်းအသင်းကို ငါးဂိုး-လေးဂိုးဖြင့် အနိုင်ရရှိခဲ့သဖြင့် မန်ယူအသင်းနှင့် အာဆင်နယ်အသင်းတို့ ကက်ပီတယ်ဝမ်းဖလားနောက်တစ်ဆင့်သို့ တက်လှမ်းနိုင်ခဲ့ပြီဖြစ်သည်။

မန်ယူအသင်းသည် ပရီမီယာလိဂ်မြို့ခံပြိုင်ဘက် မန်စီးတီးအသင်းနှင့် မန်ချက်စတာဒါဘီပွဲစဉ်တွင် ရှုံးနိမ့်ခဲ့သည့်အပြင် လီဗာပူးအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ ထို့ကြောင့် ယခုကစားခဲ့သည့် ကက်ပီတယ်ဝမ်းဖလားပြိုင်ပွဲတွင် လီဗာပူးအသင်းကို အနိုင်ကစားနိုင်ခဲ့ခြင်းကြောင့် နည်းပြဒေးဗစ်မိုယက်အနေဖြင့် မန်ယူကစားသမားအားလုံးကို ချီးကျူးစကားပြောကြားခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းနှင့် လီဗာပူးအသင်းတို့၏ ကက်ပီတယ်ဝမ်းဖလားပြိုင်ပွဲ တတိယအဆင့်တွင် မန်ယူအသင်းနည်းပြဒေးဗစ်မိုယက်သည် ဗန်ပါစီ၊ ဗလင်စီယာနှင့် ဖယ်လိုင်နီတို့ကို ပါဝင်ကစားစေခြင်းမရှိခဲ့သော်လည်း မန်ယူအသင်း၏ ပွဲထွက်ကစားသမားများအဖြစ် ဟာနန်ဒက်ဇ်၊ ကာဂါဝါ၊ နာနီ၊ ဂစ်ဂ်၊ ရွန်းနီ၊ စမောလင်း၊ ဖီးဂျုန်း စသည့်ကစားသမားများဖြင့် ပွဲထွက်ကစားစေခဲ့သည်။

လီဗာပူးအသင်းနည်းပြ ဘရန်ဒန်ရော့ဂျာကမူ ကက်ပီတယ်ဝမ်းဖလားနောက်တစ်ဆင့်တက်လှမ်းနိုင်ရေးအတွက် ပြီးခဲ့သည့်ဘောလုံးရာသီက ၁၀ ပွဲပယ်ပြစ်ဒဏ် ကျခံခဲ့ရာမှ ပြန်လည် ပွဲထွက်ခွင့်ရလာသည့် တိုက်စစ်မှူးဆွာရတ်ဇ်၊ ယခုနှစ်ဘောလုံးရာသီတွင် လီဗာပူးအသင်းအတွက် အဖိုးတန်သွင်းဂိုးများကို သွင်းယူကာ အသင်းအောင်မြင်မှုကို အကောင်းဆုံးစွမ်းဆောင်ပေးနေသည့် တိုက်စစ်မှူးစတားရစ်၊ ဝါရင့်ကွင်းလယ်ကစားသမား ဂျာရတ်အပါအဝင် ဟန်ဒါဆန်၊ မော့ဆက်၊ စတာလင်၊ ဆာခို၊ ကိုလိုတိုရေး စသည်ဖြင့် လူစုံထုတ်ပွဲထွက်ကစားစေခဲ့သည်။

ယင်းပွဲစဉ်တွင် မန်ယူအသင်းသည် အိမ်ကွင်း အားသာချက်နှင့်အတူ ကစားသမားများ၏ အချိတ်အဆက်မိမိ ကစားနိုင်ခဲ့ခြင်းတို့က လူစုံထုတ်ပွဲထွက်လာသည့် ဘရန်ဒန်ရော့ဂျာ၏ လီဗာပူးအသင်းကို အကောင်းဆုံး ထိန်းချုပ်ကစားနိုင်ခဲ့ပြီး ပထမပိုင်းတွင် ဂိုးမရှိသရေရလဒ်ထွက်ပေါ်ခဲ့သည်။

သို့ရာတွင် ဒုတိယပိုင်းပွဲစပြီး ၃၉ စက္ကန့်တွင် ရရှိလာသည့် ထောင့်ကန်ဘောကို တိုက်စစ်မှူး ရွန်းနီအနေဖြင့် အကောင်းဆုံးပေးပို့နိုင်ခဲ့ခြင်းကြောင့် တိုက်စစ်မှူးဟာနန်ဒက်ဇ်က ဂိုးအဖြစ် ပြောင်းလဲပေးနိုင်ခဲ့ရာမှ မန်ယူအသင်း ဦးဆောင်ဂိုးရရှိခဲ့ပြီး ပွဲပြီးသည်အထိ ထပ်မံဂိုးမသွင်းနိုင်ခဲ့၍ မန်ယူအသင်းက လီဗာပူးအသင်းကို တစ်လုံးတည်းသောဂိုးဖြင့် မကြာသေးမီကတင်ခဲ့သည့် ရှုံးကြွေးကို ယခုပွဲစဉ်တွင် ပြန်ဆပ်ကာ ကက်ပီတယ်ဝမ်းဖလားပြိုင်ပွဲ၏ နောက်တစ်ဆင့်သို့ တက်လှမ်းနိုင်ခဲ့သည်။

ရှနိုက်ဒါနှင့် ဒီဂျောင်တို့အား နယ်သာလန်အသင်း ပြန်လည်ခေါ်ယူ

နယ်သာလန်အသင်းသည် ဟန်ဂေရီ၊ တူရကီ စသည့်အသင်းများနှင့် ယှဉ်ပြိုင်ကစားမည့် ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်များအတွက် ကွင်းလယ်ကစားသမားနှစ်ဦးဖြစ်သည့် ရှနိုက်ဒါနှင့် ဒီဂျောင်တို့အား အသင်းအတွက် ပြန်လည်ခေါ်ယူခဲ့ကြောင်း သိရသည်။

ထို့အပြင် နယ်သာလန်အသင်းနည်းပြ ဗန်ဂယ်လ်သည် ဂါလာတာစာရေးကွင်းလယ်ကစားသမား ရှနိုက်ဒါနှင့် အေစီမီလန်ကွင်းလယ်ကစားသမား ဒီဂျောင်တို့ကို ခေါ်ယူခဲ့သည့်အပြင် တိုက်စစ်ပိုင်းအတွက် အားထားရသည့် ကစားသမားများဖြစ်သည့် လက်ရှိဒဏ်ရာပြဿနာ ကြုံတွေ့နေသော တိုက်စစ်မှူး ဗန်ပါစီ၊ ဘိုင်ယန်ကွင်းလယ်ကစားသမား အာဂျန်ရော်ဘင်နှင့် ကီဗင်စထရုမန်တို့ကိုလည်း အသင်းအတွက် ပြန်လည်ခေါ်ယူထားကြောင်း သိရသည်။

ငွေကြယ်

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၇-၉-၂၀၁၃ (သောကြာနေ့)

၆း၀၃	တရားတော်
၆း၁၅	မေတ္တာပို့
၇း၁၀	သာယာသီကြွေး ခေတ်ဆန်းတေး
၈း၁၀	စိုက်ပျိုးသုတ
၈း၂၅	DVD Hits
၈း၃၅	လျှပ်တစ်ပြက်
၈း၅၀	မြဝတီနေ့စဉ်သတင်းစာ
၄း၃၅	ဇာတ်လမ်းတို
၄း၄၅	ရင်ခုန်စီးဆင်း အချစ်သီချင်း
၅း၂၀	လည်မယ်--- စားမယ် ကမ္ဘာတစ်ခွင်ဝယ်
၆း၁၀	“ရွာ”ဟာသဇာတ်လမ်းတွဲ (အပိုင်း-၂၁၇) တောခလေ့ပေမို့ (ပေါ်လေး၊ ကျော်ဇေသော်၊ နိုင်ဝင်းနှင့်သရုပ်ဆောင်များ) (ဒါရိုက်တာ-မိုးဇော်ကို)
၇း၀၀	ရသစုံလင် ရုပ်မြင်ဇာတ်လမ်း “ယောက်ျားဂုဏ်ရည်” (အပိုင်း-၄)
၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း -သံစဉ်များနှင့်ကမ္ဘာ -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “ချစ်ခွင့်ရချင်ပြီ” (အပိုင်း-၅၉) ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “ဂုဏ်ရည်မတူ” (ဒုတိယတွဲ) (အပိုင်း-၅၀)



အမှားပြင်ဆင်ချက်

၂၆-၉-၂၀၁၃ ရက်စွဲပါ ဦးကျော်ထူးအောင် ကြေညာသည့်ပြန်လည်ရှင်းလင်းကြေညာချက်ပါ အိမ်အမှတ်(၅၀)အစား (၁၀၅)ဟု ပြင်ဆင်ဖတ်ရှုပါရန်။ ဦးကျော်ထူးအောင် [၁၂/ရကန(နိုင်)၀၂၂၉၀၀]

မလေးရှားနိုင်ငံတွင် နိုင်ငံခြားသား အိုဗာစတေးသမားများအား ဒေါ်လာငွေရင်းဂစ် ၄၀၀ ဖြင့် ပြန်နိုင်ရန် ပြုလုပ်ပေးနေ

ကွာလာလမ်ပူ စက်တင်ဘာ ၂၆

မလေးရှားနိုင်ငံသို့ရောက်ရှိနေကြသော တရားမဝင် မြန်မာနိုင်ငံသားများနှင့် အခြားအိုဗာစတေးသမားများအား မလေးရှားနိုင်ငံ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ ယခင် 6P အတိုင်း မိမိတို့နိုင်ငံသို့ပြန်နိုင်ကြစေရန်အတွက် Special Pass ပြန်လည်ထုတ်ပေးမှုကို မလေးရှားနိုင်ငံ ဒေါ်လာငွေရင်းဂစ် ၄၀၀ ဖြင့် ပြန်လည်ပြုလုပ်ပေးနေပြီဖြစ်ကြောင်း မလေးရှားနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်နေကြသော မြန်မာနိုင်ငံသားများက စက်တင်ဘာ ၂၆ ရက်တွင် ဆက်သွယ်ပြောကြားခဲ့သည်။

ပြီးခဲ့သည့် လများအတွင်းက ခြောက်လအောက် ဒေါ်လာငွေ ၁၀၀၀၊ တစ်နှစ်အောက် ဒေါ်လာငွေ ၂၀၀၀ နှင့် တစ်နှစ်အထက် အိုဗာစတေးဖြစ်နေသူများကို ဒေါ်လာငွေ ၃၁၀၀ ဖြင့် တိုးမြှင့်သတ်မှတ်ထားခဲ့သော်လည်း ပြီးခဲ့သည့်သီတင်းပတ်မှ စတင်ကာ မည်သည့်နိုင်ငံခြားသားမဆို ဒေါ်လာငွေရင်းဂစ် ၄၀၀ ဖြင့် ပြန်လည်ခွင့်ပြုလိုက်ပြီဖြစ်ရာ မြန်မာနိုင်ငံသို့ ပြန်လိုသော အိုဗာစတေးသမားများမှာလည်း မိမိတို့လက်ထဲတွင် ပတ်စ်ပို့စာအုပ်သက်တမ်းရှိပြီး ပါမစ်မရရှိသောသူများပြန်လိုပါက လေယာဉ်လက်မှတ်ပြရန် တစ်စောင်၊ ပတ်စ်ပို့တို့ဖြင့် ပူထရာဂျာရာရှိ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနတွင် Special Pass လျှောက်ထားနိုင်ကြောင်း သိရပြီး မိမိတို့လက်ထဲတွင် ပတ်စ်ပို့မရှိပါကလည်း မြန်မာနိုင်ငံမှ တရားဝင်ထုတ်ပေးထားသော မှတ်ပုံတင်၊ သန်းခေါင်စာရင်း၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာတို့ဖြင့် မလေးရှားနိုင်ငံ မြို့တော်ကွာလာလမ်ပူရှိ မြန်မာနိုင်ငံသံရုံးတွင် CI(Certificate of Identify) သွားရောက်လျှောက်ထားရမည်ဖြစ်ကာ CI ရရှိပြီးပါက လေယာဉ်လက်မှတ်ပြရန် တစ်စောင်၊ CI မူရင်းတို့အား ယူဆောင်ကာ ပူထရာဂျာရာရှိ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနတွင် Special Pass လျှောက်ထားရမည်ဖြစ်သည်။

မလေးရှားနိုင်ငံ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ ထုတ်ပေးသော Special Pass သည် သက်တမ်းငါးရက်သာရှိပြီး သတ်မှတ်ထားသော ငါးရက်အတွင်းတွင်သာ ပြန်ရမည်ဖြစ်ကြောင်းလည်း သိရသည်။

ထို့ကြောင့် မြန်မာနိုင်ငံသို့ပြန်ရန် အခက်အခဲဖြစ်နေသော တရားမဝင်နေထိုင်သူများအတွက် မလေးရှားနိုင်ငံ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနတွင် ဒေါ်လာငွေရင်းဂစ် ၄၀၀ ပေးဆောင်ကာ မြန်မာနိုင်ငံသို့ ပြန်နိုင်ကြောင်းနှင့် လေယာဉ်လက်မှတ်ဈေးနှုန်းများမှာ မလေးရှားနိုင်ငံသုံးငွေ ရင်းဂစ် ၃၀၀ ဝန်းကျင်ခန့် ကုန်ကျသောကြောင့် မိမိတို့လက်ထဲတွင် မလေးရှားနိုင်ငံသုံးငွေရင်းဂစ် ၇၀၀ မှ ၈၀၀ ကြားဖြင့် မြန်မာနိုင်ငံသို့ပြန်နိုင်ကြမည်ဖြစ်ကြောင်း၊ ပါမစ်လျှောက်ထားလိုသူများသည် မိမိတို့အလုပ်ရှင်များနှင့် တိုင်ပင်ကာ ငွေကြေးစုဆောင်းထားကြရန်လိုအပ်ကြောင်းဖြင့် ပြောပြခဲ့သည်။

ယခုပြန်လည်ပါမစ်ပေးမည့်အစီအစဉ်သည် မလေးရှားနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်နေကြသော မြန်မာနိုင်ငံသားများအတွက် မလေးရှားနိုင်ငံအစိုးရနှင့် မြန်မာနိုင်ငံအစိုးရကြား ညှိနှိုင်းဆောင်ရွက်ပေးမှုများဖြစ်ကာ မလေးရှားနိုင်ငံရှိ မြန်မာနိုင်ငံသံရုံးတွင် တစ်နေရာတည်းအပြီး ပါမစ်ထုတ်ပေးသွားမည်ဟု မလေးရှားနိုင်ငံ Thestar သတင်းဌာနမှ ပြီးခဲ့သည့်သီတင်းပတ်က ဖော်ပြခဲ့သည်။

(စိုးဝင်း-MLA)

ခါးပိုက်နှိုက်မှု ထပ်မံသိရှိရ

ရန်ကုန် စက်တင်ဘာ ၂၆

(၃၉)ခရီးသည်တင် ယာဉ်ပေါ်တွင် စီးနင်းလိုက်ပါလာသော ခရီးသည် အမျိုးသမီးတစ်ဦးထံမှ ငွေကျပ်တစ်သိန်းနှင့် ရွှေဆွဲကြိုးအား နှိုက်ယူခဲ့ကြသည့် ခါးပိုက်နှိုက်နှစ်ဦးအား စက်တင်ဘာ ၂၃ ရက် နံနက်က လမ်းမတော်မြို့နယ် ညောင်ပင်လေးဈေးအနီး (၁၅)လမ်းမှတ်တိုင်ကားဂိတ်တွင် တွေ့ရှိရသော ရဲတပ်ဖွဲ့ဝင်များအားတိုင်ကြားပြီး ရှာဖွေရာ သက်သေခံ ရွှေဆွဲကြိုးနှင့် ငွေကျပ် တစ်သိန်းမှာ ပြန်လည်သိမ်းဆည်းရမိခြင်းမရှိကြောင်း လမ်းမတော်ရဲစခန်းမှ ထပ်မံသိရသည်။

(ရဲစခန်း)

အယောင်ဆောင်လှူလိမ်နှစ်ဦးအား ဖမ်းဆီးအရေးယူ

တောင်ငူ စက်တင်ဘာ ၂၆

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တွင် စက်တင်ဘာ ၂၃ ရက်က သင်္ကန်းဝတ်ဖြင့် လိမ်လည်အလှူခံနေသူနှစ်ဦးအား ဖမ်းဆီးပြီး မြို့နယ်သံဃနာယကဉက္ကဋ္ဌထံ ပို့အပ်အရေးယူခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၂၃ ရက် ညနေ ၆ နာရီခန့်က တောင်ငူမြို့ (၁၈) ရပ်ကွက်ရှိတောင်ငူအထွေထွေ ရောဂါကုဆေးရုံကြီးလူနာဆောင်များတွင် သင်္ကန်းဝတ်ဖြင့် ဦးပဥ္ဇင်းနှစ်ပါးမှာ မည်သည့်စာရွက်စာတမ်းအထောက်အထားမျှမပါဘဲ လိုက်လံအလှူခံနေကြောင်း သတင်းအရ (၁၈) ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးလှသွင်နှင့်အဖွဲ့က သွားရောက်ခေါ်ဆောင်၍ တောင်ငူမြို့နယ်သံဃနာယကဉက္ကဋ္ဌ နဂါးရုံကျောင်းတိုက်ဆရာတော် ဦးပဏ္ဍဝထံ ပို့အပ်ပြီး စစ်ဆေးမေးမြန်းရာ ရှင်သောမန (ဝါတော်မရှိ သာသနာဝင်မှတ်တမ်းမရှိ) လူအမည် မောင်သန်းဝင်း အသက် (၁၈)နှစ် အိမ်အမှတ် (၂၉) ဇေယျာသစ်(၆) မော်လမြိုင်မြို့နေသူနှင့် ရှင်ဥတ္တရ (ဝါတော်မရှိ၊ သာသနာဝင်မှတ်တမ်းမရှိ) လူအမည် မောင်အောင်ဇေယျာဖြိုး အသက် (၁၈) နှစ် ဗိုလ်ဗလလမ်း (၁၆၈) ရပ်ကွက် တောင်ဒဂုံမြို့နယ် ရန်ကုန်မြို့နေသူတို့ ဖြစ်ကြကြောင်း သိရသည်။

ဆရာတော်က ၎င်းတို့နှစ်ဦးအား သင်္ကန်းဝတ်လဲစေကာ ဥပဒေအရ အရေးယူရန် တောင်ငူမြို့မရဲစခန်းသို့ လွှဲအပ်ခဲ့ကြောင်း သိရသည်။

(ကျော်လှ-တောင်ငူ)

ကုမ္ပဏီပိုင်ယာဉ်ကို ခဲဖြင့်ပေါက်သူ အရေးယူ

နေပြည်တော် စက်တင်ဘာ ၂၆

ဂန့်ဂေါမြို့နယ် မြစ်သာတမံ စီမံကိန်း မြတ်အိန္ဒြေကုမ္ပဏီ စက်ယန္တရားဌာနမှ မန္တလေးတိုင်းဒေသကြီး အောင်မြေသာဇံမြို့နယ်နေ ဇော်မျိုးလွင်(၂၈)နှစ်သည် စက်တင်ဘာ ၂၀ ရက်က ၎င်းပိုင်ဆိုင်သည့် ငွေကျပ် ၅၀၀၀ အား သူငယ်ချင်းများမှ နောက်ပြောင်သည့် ကိစ္စနှင့် ပတ်သက်၍ ကုမ္ပဏီပိုင် ယူဒီအမျိုးအစား ၂ဂ / . . . ၁၀ဘီးယာဉ်၏ ရှေ့မှန်အား ကျောက်ခဲဖြင့် ပစ်ပေါက်ခဲ့ရာ ကားရှေ့မှန်ကွဲသွားခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

ယာဉ်မောင်းငိုက်၍ ယာဉ်တိမ်းမှောက်

နေပြည်တော် စက်တင်ဘာ ၂၆

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ်(၁၁၉/၃)တွင် စက်တင်ဘာ ၂၂ ရက် နံနက်၄နာရီခန့်က နေပြည်တော်မှရန်ကုန်သို့ မရမ်းကုန်းမြို့ (၈)မိုင်နေ စိန်မြင့်(၄၈)နှစ်မောင်းနှင်လာသော ၈ဆ/--- လိုက်ထရပ် အဖြူရောင်ယာဉ်သည် ယာဉ်မောင်းအိပ်ငိုက်၍အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းပေါ်သို့ တိမ်းမှောက်ခဲ့သည်။ ထိုသို့တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါခရီးသည် ၁၂ ဦးအနက် ယာဉ်မောင်းပါ (ကျား)နှစ်ဦးတွင် ဦးခေါင်းနောက်စေ့၊ ဝဲမျက်ခုံး၊ ဝဲတံတောင်ဆစ်ပေါက်ပြဲ၊ ယာဘက်နားထင်ပွန်းပဲ့ဒဏ်ရာများ၊ မင်္ဂလာဒုံမြို့နယ် ကုန်းဒလပေါင်ရွာနေ ဒေါ်ခင်သန်းအေး(ခ) ဒေါ်သန်းမြင့်(၅၅)နှစ်ပါ (မ)နှစ်ဦးတွင် ယာမျက်လုံးဖူးရောင်ညိုမည်း၊ ဝဲနားပေါက်ပြဲ၊ ယာနားသွေးထွက်၊ ဦးခေါင်းယာဘက်ဖူးရောင်ပေါက်ပြဲဒဏ်ရာများနှင့် ဒဂုံမြို့နယ် ယုဇနအိမ်ရာဝင်းနေ ဒေါ်ခင်မာရွှေ(၄၆)နှစ်ပါ (မ)ခုနစ်ဦးတွင် ဒဏ်ရာအသီးသီးရရှိခဲ့သဖြင့် ဖြူးဆေးရုံသို့ တင်ပို့ကုသခဲ့ပြီး ယာဉ်ပေါ်ဆစ္စာမောင်းနှင်သူ စိန်မြင့်အား ဖြူးအမြန်လမ်း ရဲစခန်းက ယာဉ်(ပ)၁၄/၂၀၁၃၊ ပြစ်မှုပုဒ်မ၃၃၇/ ၃၃၈ ဖြင့် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

ကားတားပြီးလုယက်သူများအား ဝိုင်းဝန်းဖမ်းဆီး

နေပြည်တော် စက်တင်ဘာ ၂၆

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် (၁၁)ရပ်ကွက်နေ ချစ်စံဝင်း(၂၆)နှစ် မောင်းနှင်သော CC---- ပရိုဘောက်စ်ခဲရောင် အငှားယာဉ်အား စက်တင်ဘာ ၂၄ ရက်က လှိုင်သာယာမြို့နယ် (၉)ရပ်ကွက် ဘီအိုစီအဝိုင်း၌ရပ်ထားစဉ် လူသုံးဦးမှ မီးခွက်ဈေးအောက်ထိပ်သို့ ငွေကျပ် ၁၅၀၀ နှင့် လိုက်ပို့ရန် ငှားရမ်းသဖြင့် လိုက်ပို့ပေးခဲ့သည်။ ထိုသို့လိုက်ပို့စဉ် မီးခွက်ဈေး အောက်ထိပ်အရောက် စက်မှုဇုန် (၄)ဘက်သို့ ထပ်မံမောင်းခိုင်းသဖြင့်မောင်းနှင်ခဲ့ရာ ဘုတ်ဆုံမှတ်တိုင်အနီးအရောက်တွင် အပေါ့သွားရန် ကားရပ်ခိုင်း၍ ခေတ္တရပ်ပေးခဲ့ရာ ၎င်းတို့သုံးဦးက အချွန်၊ ကြက်သွန်လှီးဓား၊ ဓားမြှောင်များဖြင့် ဝိုင်းထောက်ကာ ချစ်စံဝင်း၏လည်ပင်းမှ အလေးချိန် သုံးမတ်သားရှိ MC ပုံ ရွှေဆွဲကြိုးတစ်ကုံး တန်ဖိုးငွေကျပ် ၅၀၀၀၀၀ အားဖြတ်ယူကာ နှစ်ဦးမှ ချစ်စံဝင်းအား ယာဉ်နောက်ခန်း၌ ညှပ်ထိုင်၍ ဆွဲကြိုးဖြတ်သူမှ မော်တော်ယာဉ်အား ရန်ကုန်-ပုသိမ်လမ်းအတိုင်းပြန်လည်မောင်းနှင်ခဲ့သည်။ ယာဉ်အားမောင်းနှင်လာစဉ် ဘုရားလမ်းမှတ်တိုင်အနီးအရောက်၌ စက်ဘီးနှင့်ဆိုက်ကားအားလည်းကောင်း၊ ဘီအိုစီအဝိုင်းမှတ်တိုင်ရှိ ဆီဆိုင်အနီးတွင်ရပ်ထားသော ချယ်ရီဝက်ဂွန်ယာဉ်အားလည်းကောင်း တိုက်မိကာ ဘီအိုစီအဝိုင်းအားပတ်၍ ရန်ကုန်-ညောင်တုန်းလမ်းအတိုင်း ဆက်လက်မောင်းနှင်ခဲ့ရာ (၅)မှတ်တိုင်ထိပ်အနီး လမ်းဘေးမြောင်းထဲသို့ ထိုးကျသွားစဉ် အနီးရှိလူများ၊ အငှားယာဉ်မောင်းများနှင့် လှည့်ကင်းအဖွဲ့များက ဝိုင်းဝန်းဖမ်းဆီးခဲ့သဖြင့် လှိုင်သာယာမြို့နယ်(၇)ရပ်ကွက်နေ ဇော်မင်း(၂၃)နှစ်အားဖမ်းဆီးရမိပြီး ကျန်နှစ်ဦးမှာ ထွက်ပြေးသွားခဲ့သောကြောင့် စုံစမ်းရှာဖွေခဲ့ရာ စက်တင်ဘာ ၂ ရက်တွင် လှိုင်သာယာမြို့နယ်(၉)ရပ်ကွက်နေ သန်းဇော်ဖြိုး (၂၃)နှစ်နှင့် (၇) ရပ်ကွက်နေ ငြိမ်းသူ(၁၉)နှစ်တို့အား လှိုင်မြို့နယ် ပိတောက်ချောင်း သီရိမင်္ဂလာဈေး(၁)အနီး၌ ဖမ်းဆီးရမိခဲ့၍ ဇော်မင်းပါသုံးဦးအား လှိုင်သာယာမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ရှမ်းပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာန တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာန၊ တောင်ကြီးမြို့(အေးသာယာ)တွင် အားကစားနှင့်ကာယပညာသိပ္ပံကျောင်း တည်ဆောက်ရေးလုပ်ငန်း(၂၂)ခု ဆောင်ရွက်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

(က) တင်ဒါပုံစံရောင်းချမည့်ရက် - ၂၇-၉-၂၀၁၃ ရက်
(ခ) တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၅-၁၀-၂၀၁၃ ရက်၊ ၁၆:၀၀ နာရီ
(ဂ) တင်ဒါတင်သွင်းရမည့်နေရာ - ရှမ်းပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန၊ တောင်ကြီးမြို့

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
ရှမ်းပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာန၊ တောင်ကြီးမြို့
ဖုန်း-၀၈၁-၂၁၂၁၁၆၅၊ ၀၈၁-၂၀၂၁၃၄



ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံကြီး မလှိုင်မြို့တွင် ဖွင့်လှစ်တော့မည်

မန္တလေး စက်တင်ဘာ ၂၆

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ်တွင် ယခင်က (၂၅)ခုတင်ဆံ့ပြည်သူ့ဆေးရုံရှိခဲ့ရာမှ ယခုအခါ ခေတ်စနစ်နှင့်အညီ မလှိုင်မြို့၏ တိုးတက်မှုပေါ်မူတည်၍ (၂၅)ခုတင်ဆံ့ဆေးရုံကို ၂၀၁၁-၂၀၁၂မှစ၍(၅၀) ခုတင်ဆံ့ ဆေးရုံကြီးအဖြစ် နောက်ထပ်တိုးချဲ့ တည်ဆောက်မှုမှာ ၉၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်၍ ခုတင်(၅၀) ဆံ့ ဆေးရုံကြီး တိုးချဲ့ဖွင့်လှစ်နိုင်တော့မည် ဖြစ်ကြောင်းကို တာဝန်ရှိသူတစ်ဦးက ပြောပြသည်။ ပြည်သူ့ဆေးရုံကြီး တည်ဆောက်မှုက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောင်က ဦးဆောင်မှု မတည်ငွေကျပ်သိန်း ၁၀၀ နှင့် ဘိလပ်မြေအိတ် ၁၀၀၊ မလှိုင်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးအောင်သိန်းလှိုင်၊ ဆေးရုံတည်ဆောက်ရေးကော်မတီဥက္ကဋ္ဌနှင့် ပူးပေါင်း၍ ၅၆ အုပ်စုကျေးရွာပေါင်း၂၄၇မှ လုပ်ငန်းရှင်ကြီးများ၊ မလှိုင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောင်နှင့် မိတ်ဆွေများ ပူးပေါင်း၍ မလှိုင်မြို့နယ် ပြည်သူ့ဆေးရုံကြီးကို ခုတင်(၅၀)ဆံ့ ဖွင့်လှစ်နိုင်တော့မည်ဖြစ်သဖြင့် မလှိုင်မြို့နယ်မှ ဒေသခံပြည်သူများ ဝမ်းသာပျော်ရွှင်နေကြကြောင်း သိရသည်။

(မြထွန်း-မလှိုင်)

မီးရထားစီးနင်းသူ ခရီးသွားများ အန္တရာယ်နှင့် မကြုံတွေ့နိုင်ရေး အမြန်ပြုပြင်ပေးရန်လိုအပ်

အင်းတော် စက်တင်ဘာ ၂၆

မန္တလေး-မြစ်ကြီးနား မီးရထားလမ်း စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် အင်းတော်ဘူတာနှင့် ဆည်ရွာဘူတာကြား မိုင်တိုင်အမှတ် (၅၈၄/၁၅) တံတားအမှတ် (၄၂၈)နန်းကင်ရွာအနီး နန်းကင်ချောင်းကူးတံတား ရေပေါက်မှ ဇလီဖားတုံး ၁၃ တုံးသာ ကွာဝေးသော နေရာတွင် သံလမ်းဆက်မူလီများ ပြုတ်ထွက်နေသဖြင့် တာဝန်သိပြည်သူတစ်ဦးက သက်ဆိုင်ရာသို့ စက်တင်ဘာ ၃ ရက်က အကြောင်းကြားခဲ့သဖြင့် မူလီများကို လက်ဖြင့် လာရောက်ကျပ်ထားခဲ့ကြောင်း သိရသည်။

သို့သော် စက်တင်ဘာ ၂၄ ရက် ညနေပိုင်းက ဒုတိယအကြိမ် သံလမ်းဆက်မူလီများ ပြုတ်ထွက်နေသည်ကို ထပ်မံတွေ့ရှိရသဖြင့် **(ယာပုံ)** မီးရထားစီးနင်းသူ ခရီးသွားပြည်သူများ အန္တရာယ်နှင့် မကြုံတွေ့နိုင်ရေးအတွက် အမြန်ဆုံးပြုပြင်ပေးသင့်ပါကြောင်း ထင်သာမြင်သာကဏ္ဍမှ ရေးသားတင်ပြလိုက်ရပါသည်။ **(၂၃၃)**

အမ်းမြို့နယ်၌ ဥပဒေအသိပညာပေးဟောပြော

အမ်း စက်တင်ဘာ ၂၆

ကျေးလက်နေပြည်သူများ ဥပဒေပညာဖွံ့ဖြိုးစေရန် ရည်ရွယ်လျက် ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့နယ် မြောက်ဘက်အုပ်စု ဒိုင်ကြီးကျေးရွာ အမကဥ္စ စက်တင်ဘာ ၂၂ ရက် မွန်းလွဲ ၁ နာရီက ဥပဒေပညာပေးဟောပြောပွဲ ကျင်းပခဲ့သည်။

ရှေးဦးစွာ အမ်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကံစောလှိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဥပဒေအရာရှိ ဦးဘရွှေသန်းက ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်ပါ အခန်းစဉ်အလိုက် ဥပဒေအကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် ဒုတိယမြို့နယ်ပညာရေးမှူး ဦးညဏ်ထွန်းက ပညာရေးအခန်းကဏ္ဍနှင့်ပတ်သက်၍ ရှင်းလင်းဟောပြောခဲ့သည်။ ထို့နောက် အမ်းမြို့နယ်ရဲတပ်ဖွဲ့မှူး၊ ရဲမှူးအောင်စိုးက လူမှုပတ်ဝန်းကျင်မှ ဖြစ်ပျက်နေသော မှုခင်းရေးရာ အကြောင်းအရာများကို ၎င်း၏ အတွေ့အကြုံများဖြင့် ရှင်းလင်းဟောပြောခဲ့သည်။

အဆိုပါ အခမ်းအနားတွင် အမ်းမြို့နယ် မြောက်ဘက်အုပ်စု ဒိုင်ကြီးကျေးရွာသူ ကျေးရွာသား ၁၅၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(သန်းမောင်-အမ်း)

မြန်မာ့မီးရထား အဆင့်မြှင့်တင်ရေးလုပ်ငန်းဆောင်ရွက်

မန္တလေး စက်တင်ဘာ ၂၆

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် မိုင်တိုင်အမှတ် (၃၃၉) ၁၅/၁၆ကြားတွင် မြန်မာ့မီးရထားသာစည်မှ မိတ္ထီလာ-မလှိုင်-တောင်သာ- မြင့်ခြံလမ်းပိုင်း ရထားသံလမ်းနှင့် ခရိုင်ချင်းဆက် ကားလမ်းကူးတံတားဦးမြို့နယ်နှင့် မြင်းခြံခရိုင်၊ မိတ္ထီလာခရိုင်၊ ရမည်းသင်းခရိုင်၊ နတ်မောက်မြို့နယ်နှင့် နေပြည်တော်ကောင်စီနယ်မြေသို့ ခရိုင်ချင်းဆက်ကားလမ်း၊ရထားလမ်းကူးတွင် မြန်မာ့မီးရထားသာစည်မှ မြင်းခြံလမ်းပိုင်း ရထားလမ်းအဆင့်မြှင့်တင်မှုလုပ်ငန်းများ ရထားလမ်း၊ကားလမ်းကူးများတွင် ယာဉ်အန္တရာယ်မတော်တဆမှုမဖြစ်ရေးတို့အတွက် မလှိုင်မြို့ အငယ်တန်းအင်ဂျင်နီယာ(၂)ဦးတင်မောင်ဆွေနှင့် မြို့နယ် စည်ပင်သာယာဦးစီးအရာရှိနှင့် ပူးပေါင်း၍ ကားလမ်း၊ ရထားလမ်းကူးတွင် မြန်မာ့မီးရထားသံလမ်းအဆင့် မြှင့်တင်မှုလုပ်ငန်းများကို စက်တင်ဘာ၂၃ရက်တွင် ဦးတင်မောင်ဆွေနှင့်အဖွဲ့ လုပ်ကိုင်ဆောင်ရွက်နေသည်ကို တွေ့မြင်ရသည်။**(ဝဲပုံ)**

(၆၂၇)

အစိုးရ/စီးပွားရေးကြော်ငြာ

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
တယ်လီဖုန်းသုံးစွဲသူ မိဘပြည်သူများသို့ အသိပေးနှိုးဆော်ချက်

ပြည်နယ်/တိုင်းဒေသအသီးသီးတို့တွင် တပ်ဆင်အသုံးပြုလျက်ရှိသော တယ်လီဖုန်းများအားလုံး၏ **၂၀၁၃ ခုနှစ်၊ ဩဂုတ်လ သုံးစွဲကာလ**အတွက် တယ်လီဖုန်းအခွန်ငွေများအား အောက်ပါသတ်မှတ်ရက်များတွင် နောက်ဆုံးထားပေးဆောင်ပါရန်နှင့် သတ်မှတ်ရက်ကာလအတွင်း ပေးဆောင်ခြင်း မရှိသည့် တယ်လီဖုန်းများအား ဆက်သွယ်မှုယာယီဖြတ်တောက်ရမည် ဖြစ်ပါကြောင်း မိဘပြည်သူများသို့ ကြိုတင်အသိပေးနှိုးဆော်အပ်ပါသည်။

စဉ်	ပြည်နယ်/ တိုင်းဒေသကြီး	တယ်လီဖုန်း အမျိုးအစား	နောက်ဆုံးအခွန်ငွေ ပေးသွင်းရမည့်ရက်
၁။	ရန်ကုန်	Mobileဖုန်းများ	၂၀-၉-၂၀၁၃
၂။	နေပြည်တော်၊မန္တလေး စစ်ကိုင်း၊ မကွေး၊ကချင်၊ ကရင် ကယား၊ ဧရာဝတီ၊ မွန်၊ ပဲခူး(အရှေ့/အနောက်) ရန်ကုန်အော်တို	Mobileဖုန်းများ Auto E-mail, ADSL MPT Satellite	၂၇-၉-၂၀၁၃ ၄-၁၀-၂၀၁၃
၃။	ရှမ်းပြည်နယ် (အရှေ့ပိုင်း) ရှမ်းပြည်နယ် (မြောက်ပိုင်း) ရှမ်းပြည်နယ်(တောင်ပိုင်း) ချင်း၊ ရခိုင်၊ တနင်္သာရီ	Mobile Auto E-mail, ADSL MPT Satellite	၁၁-၁၀-၂၀၁၃ ၁၈-၁၀-၂၀၁၃

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

စက်မှုဝန်ကြီးဌာန
အထည်အလိပ်လုပ်ငန်း
စက်ရုံ(၄)ရုံငှားရမ်းဆောင်ရွက်ရန်အတွက်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အထည်အလိပ်လုပ်ငန်းလက်အောက်ရှိ အောက်ဖော်ပြပါ စက်ရုံ(၄)ရုံတို့အား ငှားရမ်းရေးဆောင်ရွက်ရန်အတွက် စိတ်ပါဝင်စားသူ ပြည်တွင်း/ပြည်ပလုပ်ငန်းရှင်များသို့ ၃၁-၁၀-၂၀၁၃ရက် ၁၆:၀၀ နာရီနောက်ဆုံးထား၍ အိတ်ဖွင့်တင်ဒါ ပေးသွင်းရန် ဖိတ်ခေါ်ပါသည်-

(က) အမှတ်(၁)အထည်စက်ရုံ(ရွှေတောင်)
(ခ) အမှတ်(၄)အထည်စက်ရုံ(ပွင့်ဖြူ)
(ဂ) အမှတ်(၅)အထည်စက်ရုံ(ပခုက္ကူ)
(ဃ) အမှတ်(၆)အထည်စက်ရုံ(ဆားလင်းကြီး)

၂။ အသေးစိတ်သိရှိလိုပါက အောက်ပါလိပ်စာအတိုင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဆက်သွယ်ရမည့်လိပ်စာ အပြည့်အစုံ - ညွှန်ကြားရေးမှူး၊ ပစ္စည်းစီမံရေးဌာန၊ အထည်အလိပ်လုပ်ငန်း၊ ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်

ဖုန်း- ၀၆၇-၄၀၈၁၅၆၊ ၄၀၈၃၃၈၊ ၄၀၈၁၈၅

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနလုပ်ငန်းသုံး
ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနအတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများကို ပြည်တွင်းငွေဖြင့် ဝယ်ယူလိုပါသည်။

(က) Ao Color Plotter - (6) Nos
(ခ) Ao Mono Chrome Copier - (6) Nos
(ဂ) A3 Copier - (35) Nos
(ဃ) Computer - (38) Nos

၂။ တင်ဒါပုံစံတစ်စောင်လျှင် (၅၀၀၀/-) နှုန်းဖြင့် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန (ရုံးချုပ်)၊ ရုံးအမှတ်(၄၃)၊ နေပြည်တော်တွင် တင်ဒါလျှောက်လွှာများဝယ်ယူနိုင်ပြီး (၂၈-၁၀-၂၀၁၃) ရက် ဗုဒ္ဓဟူးနေ့ ညနေ (၁၆:၃၀) နာရီတွင် တင်ဒါပိတ်သိမ်းပါမည်။

၃။ တင်ဒါပုံစံအပါအဝင် တင်ဒါခေါ်ယူသည့် ပစ္စည်းတစ်ခုချင်း၏အသေးစိတ်အချက်အလက်များနှင့် စည်းကမ်းချက်များကို အောက်ပါလိပ်စာတွင် စုံစမ်းရယူနိုင်ပါသည်။

၄။ ပြည့်စုံစွာ ဖြည့်စွက်ထားခြင်းမရှိသော တင်ဒါပုံစံများကို ရွေးချယ်မှုပြုမည်မဟုတ်ကြောင်း ကြိုတင်အသိပေးအပ်ပါသည်။

ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန(ရုံးချုပ်) ပစ္စည်းဝယ်ယူရေးအဖွဲ့
ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန
ရုံးအမှတ်(၄၃)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၃၀၅၊ ၀၆၇-၄၁၀၄၀၉

အမည်ပြောင်း

ဘားအံမြို့၊ အစိုးရနည်းပညာ အထက်တန်းကျောင်း၊ ဒုတိယနှစ်တွင် ပညာသင်ကြားနေသော အဖဦးခွန်လွင်ဦး[၃/ဘအန(နိုင်)၀၁၅၀၁၁]၏ သမီးနန်းသိမ့်သိမ့်လွင်ဦးကို နန်းသင်းသိမ့်သိမ့်လွင်ဦး[၃/ဘအန(နိုင်)၁၂၄၉၁၆]အဖြစ် ပြောင်းလဲခေါ်ပါရန်။ **နန်းသင်းသိမ့်သိမ့်လွင်ဦး**

ဖခင်အမည်မှန်

မင်းလှမြို့၊ အထက အ၄မတန်း (A)မှ မဇင်ဇင်ဝင်းခန့်၏ ဖခင်အမည်မှန်မှာ ဦးသန့်ဇင်ဦး ဖြစ်ပါသည်။ **ဦးသန့်ဇင်ဦး**

ကွဲကောစိုက်ပျိုးခြင်းဖြင့် စီးပွားဖြစ်ထွန်းလျက်ရှိ

တိုက်ကြီး စက်တင်ဘာ ၂၆

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်တွင် ကွဲကောများ စိုက်ပျိုးလျက်ရှိပြီး ကွဲကောသီးရောင်းချခြင်းဖြင့် ဥယျာဉ်ခြံစိုက်သူများ စီးပွားရေးအဆင်ပြေလျက်ရှိကြောင်း သိရသည်။ စိုက်ပျိုးသော ကွဲကောမျိုးများမှာ ဒေသမျိုးများဖြစ်သည့် ကျောက်စိမ်းမျိုး၊ ပတ္တမြားမျိုး၊ ပုလဲဖြူမျိုးများနှင့် ထိုင်းမျိုးပန်းရောင်၊ ပျားရည်ဆမ်းမျိုးများ စိုက်ပျိုးကြသည်။ ဥယျာဉ်ခြံတစ်ခြံလျှင်အပင် ၃၀၀ မှ ၁၀၀၀ အထိစိုက်ပျိုးကြသည်။

ကွဲကောကို ပင်ခြားပေ ၂၀ နှင့် တန်းခြား ၂၅ ပေကွာ စိုက်ပျိုးလျှင် အကောင်းဆုံးစနစ်ဖြစ်သည်။ပျိုးကိုင်းထုတ်မည်ဆိုပါက ပင်ခြားတန်းခြား ၁၅ပေအကွာစိုက်ပျိုးနိုင်၏။ ကွဲကောပင်များကို အကျယ် သုံးပေပတ်လည်၊ အနက် နှစ်ပေ မြေကျင်းများတူးပြီး နွားချေးမြေဆွေးများထည့်ပြီး မြေနှပ်ကာ တစ်ပတ်ပြည့်သောအခါ ကွဲကောပင်ပေါက် (နှစ်ပေခွဲပတ်ဝန်းကျင်ရှိသော အပင်များ စိုက်ပျိုးရမည်။) နွေရာသီတွင် ရေလေးငါးရက်ခြားလောင်းပေးရမည်။ သုံးနှစ်လေးနှစ်သားတွင် ကွဲကောပင်များ၊ ပန်းပွင့်ပါသည်။ ငါးနှစ်၊ ခြောက်နှစ်တွင် စတင်သီးသော်လည်း ဆိုဒ်မမီ၍ စီးပွားဖြစ်ရောင်းတန်းဝင်များမဖြစ်သေးပါ။ ခုနစ်နှစ်သားမှစတင်ပြီး ဈေးကွက်ဝင်အသီးများ ရရှိပါမည်။ ရှစ်နှစ်သားတွင် ပြည်ပဈေးကွက်သို့ ရောင်းချသော အသီးများရရှိပါသည်။ ဤကွဲကောသီးများကို တစ်ကီလို ငွေကျပ် ၉၀၀၊ ၁၀၀၀ ရာင်းရပြီး ၁ ဒသမ ၅ ကီလိုရှိလျှင် ငွေကျပ် ၁၃၀၀၊ ၁၅၀၀ အထိရောင်းရပါသည်။ ဂေါ်လီခေါ် တစ်ကီလို အောက်အသီးများကို ငွေကျပ် ၅၀၀၊ ၇၀၀ ရောင်းရပါသည်။ တစ်ပင်ကိုအနည်းဆုံး အလုံး ၅၀-၇၀ မှ အများဆုံး ၁၂၀-၁၅၀ အထိ သီးပါသည်။

ကွဲကောသီးသည် ဗီတာမင် စီ နှင့် ပရိုတိန်းများစွာပါဝင်သည့်အပြင် ခန္ဓာကိုယ်အပူဓာတ်ကို ညှိနှိုင်းပေးသည်။ ဆီးချို၊ သွေးတိုး၊ ပန်းနာရင်ကျပ်ရောဂါများအတွက် အားဖြည့်သောအစာဖြစ်သည်။ တရုတ်လူမျိုးများသည် ကွဲကောသီးအချိုနှင့် အချဉ်များကိုစားခြင်းဖြင့် အဆုတ်နှင့် သရက်ရွက်များ အားကောင်းစေသည်ဟုအဆိုရှိသည်။ ကွဲကောသီးအစေ့၊ အရွက်၊ အသီး၊ အငုံဖူးများကိုလည်း အခြောက်လှန်းပြီး ဆေးအဖြစ် အသုံးပြုလျှင် ချောင်းဆိုးပျောက်ဆေး၊အန်သောအခါသက်သာအောင်ပြုလုပ်ပေးနိုင်သောဆေး၊ အစာကြေဆေး၊ အရက်ကြောင့် အဆိပ်အတောက်ကိုဖယ်ရှားပြီး အားနည်းရာတွင် ကုသသော ဗီတာမင်စီအဖြစ်အသုံးပြုသော အကောင်းဆုံးဆေးဖြစ်သည့် ကွဲကောသီးကို သဘာဝအတိုင်း စားသုံးခြင်းအပြင် ကွဲကောသီးသုပ်၊ ဖျော်ရည်အနေဖြင့်လည်း စားသုံးနိုင်သည်။ ကွဲကောပင်သည် သီးပင်အမျိုးအစားဖြစ်ပြီး စိုက်ပျိုးသူများအတွက် အာမခံချက်ရှိသော မိသားစုဝင်ငွေတိုးသည့်အပြင် နှစ်ရှည်တွက်ခြေကိုက်သော သီးပင်လည်းဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

ထွန်းလှိုင်(မြိုင်)

ဥတု ရာသီ တောကို မှီ၍

ဆောင်းရာသီအရောင်းသွက် ဂျုံရိုးဦးထုပ်များ တွင်ကျယ်စွာရက်လုပ်စုဆောင်း

မြင်းမူ စက်တင်ဘာ ၂၆

မြင်းမူမြို့နယ် လက္ကပင်ကျေးရွာသည် ဂျုံရိုးဦးထုပ်လုပ်ငန်းကို စီးပွားဖြစ် တစ်နှစ်ပတ်လုံးလုပ်ကိုင်သည့် ကျေးရွာတစ်ရွာဖြစ်ကြောင်းသိရသည်။ လက္ကပင်ရွာသည် အိမ်ခြေ ၃၀၀ ခန့်ရှိသည့်ကျေးရွာကြီး တစ်ရွာဖြစ်ပြီး ဂျုံရိုးဦးထုပ်ကို ရွာလုံးကျွတ်တစ်နှစ်ပတ်လုံး လုပ်ကိုင်ကြကြောင်း သိရသည်။ လက္ကပင်ကျေးရွာသည် တောင်သူလုပ်ငန်းကို လုပ်ကိုင်ကြသော်လည်း မိသားစုအများစုတို့မှာ ဂျုံရိုးဦးထုပ်ကြိုးပြားကျစ်ခြင်း၊ ချုပ်ခြင်းလုပ်ငန်းကို လုပ်ကိုင်ကြသည်။ လက္ကပင်ကျေးရွာ ဦးထုပ်လုပ်ငန်းအတွက် တစ်နှစ်ပတ်လုံးလုပ်ကိုင်နိုင်ကြရန် ကုန်ကြမ်းဖြစ်သည့် ဂျုံရိုးပင်များကို ဂျုံသီးနှံစိုက်ပျိုးမှုများပြားသည့် ချောင်းဦးနယ်၊ မြောင်နယ်များအထိ သွားရောက်ဝယ်ယူစုဆောင်းကြရသည်။

ကြိုးပြားထိုးပြီးလျှင် အပ်ချုပ်စက်ဖြင့် ဦးထုပ်ချုပ်ကြရသည်။ ဦးထုပ်ချုပ်ခမှာ တစ်လုံးလျှင် ကျပ် ၅၀ ရရှိကြကြောင်း၊ ဦးထုပ်ချုပ်ပြီးလျှင် အရောင်တင်ဆေးဖြင့် အရောင်လှအောင်တင်ပေးကြရသည်။ အရောင်တင်ပြီးလျှင် မေးသိုင်းကြိုးတပ်ရန် ရိုက်သီးပေါက်ဖောက်ကာ ဇာကြိုးတပ်ပေးကြရသည်။ ဂျုံရိုးဦးထုပ်တစ်လုံးအတွက် ကုန်ကျစရိတ်အနေဖြင့် ကြိုးထိုးခ၊ ဦးထုပ်ချုပ်ခ၊ ရိုက်သီးပေါက်နှင့် ဇာကြိုးဖိုး၊ အရောင်တင်ဆေးဖိုးအပါအဝင် အရင်းကျပ် ၇၀၀ ဝန်းကျင်ရှိကြောင်း သိရသည်။ ရောင်းဈေး အနေဖြင့် ဦးထုပ်တစ်လုံးလျှင် ကျပ် ၁၀၀၀ မှ ၁၂၀၀ ဝန်းကျင် ရောင်းချရကြောင်း သိရသည်။

ဂျုံရိုးဦးထုပ်လုပ်ငန်းကို ချောင်းဦးမြို့နယ် ငလုံးတင်ကျေးရွာနှင့် ငါန်းဇွန်မြို့နယ် သကျင်ရွာတို့တွင်လည်း မိသားစုဝင်ငွေရလုပ်ငန်းအနေဖြင့် လုပ်ကိုင်ကြကြောင်း သိရသည်။ ဂျုံရိုးဦးထုပ်များမှာ ဆောင်းတွင်းကာလတွင် အရောင်းသွက်လေ့ရှိသဖြင့် ဝါတွင်းကာလ၊ တောင်သူလုပ်ငန်းခွင် အလုပ်ပါးချိန်တွင် အများဆုံးလုပ်ကိုင်စုဆောင်းထားကြကြောင်း သိရသည်။

(နန္ဒာမင်းလွင်)

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများကို ပြည်တွင်းငွေဖြင့် ဝယ်ယူလိုပါသည်။

(က) (၁) **Lightning Protection System(Earthing & ESES)** — (9)Lots
- ပို့င့် ၃၀၆၉-ပို့င့် ၇၅၀-ဟုမ္မလင်း-ပို့င့် ၇၁၅-ပို့င့် ၈၄၅-ခန္တီး မိုက္ကရိုဝေ့ဗ်ဆက်ကြောင်း
- ပို့င့် ၆၂၀၀-တံတား မိုက္ကရိုဝေ့ဗ်ဆက်ကြောင်း

(၂) **Lightning Protection System(ESES)** — (24)Lots
- နဘား-ဗန်းမော် မိုက္ကရိုဝေ့ဗ်ဆက်ကြောင်း
- မော်လမြိုင်-ထားဝယ် မိုက္ကရိုဝေ့ဗ်ဆက်ကြောင်း
- မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ် မိုက္ကရိုဝေ့ဗ်ဆက်ကြောင်း
- ပဲခူး-မုပ္ပလင်-သထုံ မိုက္ကရိုဝေ့ဗ်ဆက်ကြောင်း
- မကွေး-မင်းဘူး-စစ်တွေ-မောင်တော မိုက္ကရိုဝေ့ဗ်ဆက်ကြောင်း

(၃) **Avait GbE IP မိုက္ကရိုဝေ့ဗ်စက်အရံပစ္စည်း** — (3)Items
- IF Interface Unit (RAC 6X) — 6 Nos
- GE/ FE Interface Unit (DAC GE) — 6 Nos
- Standard INU (with 400 Mbs License Card) — 2 Nos

(ခ) **စက်ပစ္စည်း**
- (၁) 12 Cores Fiber Optics Joint Closure(Single)7Ø~18Ø(mm)(Horizontal) — 200 Nos
- (၂) FC/PC-FC/PC (Single mode)10 Meter (0.3dB) (45dB) — 50-Nos
- (၃) FC/PC-LC/PC (Single mode)10 Meter (0.3dB) (45dB) — 50-Nos
- (၄) FC/PC-LC/PC (Single mode) 20 Meter (0.3dB) (45dB) — 50-Nos
- (၅) 16E1,PDH Fiber Optics Multiplexer (2 Cores) (16x2.048Mbps) (HDB 3) (120 ohm) up to 60 km — 4-Nos
- (၆) 8E1,PDH Fiber Optics Multiplexer (2 Cores) (8x2.048 Mbps) (HDB 3) (120 ohm) up to 60 km — 4-Nos

(ဂ) Gbe Ip Microwave Equipment — (7) Hops
မကွေး-မင်းဘူး-စစ်တွေ-မောင်တော ဆက်ကြောင်း

(ဃ) ငွေစာရင်းပုံစံ — (12)Items
(TRA-93, TRA-9, ACE-104 (A), ACE-104(B), ACE-40,etc...)

(င) သံတံဆိပ်ဆံ — (4)Items
- (၁) ၂၀၁၄-နှစ်တိုတံဆိပ်ဆံ(အင်္ဂလိပ်) — 3705-Nos
- (၂) ၂၀၁၄-နှစ်ရှည်တံဆိပ်ဆံ(အင်္ဂလိပ်) — 1799-Nos
- (၃) ၂၀၁၄-နှစ်တိုတံဆိပ်ဆံ(မြန်မာ) — 4134-Nos
- (၄) ၂၀၁၄- နှစ်ရှည်တံဆိပ်ဆံ(မြန်မာ) — 1873-Nos

(စ) မော်တော်ယာဉ် — (6)Items
- (၁) Bucket Crane(1-Ton) (Gasoline/Diesel) (2012-Model) (Brand New) — 4-Units
- (၂) Double Cab(Toyota) (Diesel) (3000cc) (2003-Model) — 2-Units
- (၃) 1-Ton Light Truck (Toyota) (Diesel) (3000cc-4000cc) (2003&Above Model) — 2-Units
- (၄) 2-Ton Light Truck (Dyna/Canter) (Diesel) (4000cc) (2004&Above Model) — 2-Units
- (၅) Crane (10-Ton) (Diesel) (2002-Model) (Japan/ Korea) — 1-Units
- (၆) 1-Ton Light Truck (KIA) (Bongo 111) (Diesel) (2500cc) (2008 &Above Model) — 2-Units

၂။ တင်ဒါပုံစံတစ်စောင်လျှင် ၁၀၀၀ိ/- နှုန်းဖြင့် ဝယ်ယူနိုင်ပြီး ၁၁-၁၀-၂၀၁၃ ရက် ၁၃း၀၀ နာရီတွင် တင်ဒါပိတ်သိမ်းပါမည်။ သတ်မှတ်ထားသည့် အချိန်ထက်ကျော်လွန်ပေးသွင်းသော တင်ဒါများအား လက်ခံမည်မဟုတ်ပါ။

၃။ တင်ဒါပုံစံနှင့်တင်ဒါခေါ်ယူသည့်ပစ္စည်းများ၏ အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(ပစ္စည်းဌာန)
အမှတ်(၄၃)၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၃၈၀၂၃၁၊ ၀၁-၃၈၄၇၂၂

၂၀၁၃-၂၀၁၄ခု ပညာသင်နှစ်အတွင်းဘွဲ့ယူကြမည့် မောင်မယ်များအတွက် သတင်းကောင်း

မြန်မာ့ကုန်တိုက်၊ ဘွဲ့ဝတ်စုံလုပ်ငန်းမှ ဘွဲ့ဝတ်စုံငှားရမ်းခြင်း၊ ရောင်းချခြင်းလုပ်ငန်းကို မြန်မာနိုင်ငံပညာရေးကော်မတီမှသတ်မှတ်ထားသည့် သတ်မှတ်ချက်များနှင့်အညီ ချုပ်လုပ်ထားသည့် အချိုးအစားကျသော ဘွဲ့ဝတ်စုံများကို ဈေးနှုန်းချိုသာစွာဖြင့် စိတ်တိုင်းကျ ရွေးချယ် ငှားရမ်း/ ရောင်းချပေးနေပါသည်။ (တနင်္ဂနွေနေ့နှင့်အစိုးရရုံးပိတ်ရက်မှလွဲ၍ ရုံးချိန်အတွင်း)

မြန်မာ့ကုန်တိုက်၊ ဘွဲ့ဝတ်စုံလုပ်ငန်း
အမှတ် - ၄၄ (ပထမထပ်)၊ ဗိုလ်ရွဲလမ်း၊ (ယခင်မောင်ခိုင်လမ်း) လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁-၂၅၂၈၅၁၊ ၀၁- ၃၈၆၉၃၁၊ ၀၁- ၂၅၀၄၄၃

ကန့်ကွက်နိုင်ပါသည်

ခြံအမှတ်(၅၇၀/A)၊ ကမ္ဘာအေးစေတီလမ်း၊ (၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၄၅)ကံဘဲ့၊ မြေကွက်အမှတ်- ၂/စ၃A၊ ဧရိယာ(၀. ၀၅၂)ဧက ကျယ်ဝန်းသော နှစ်(၆၀)မြေငှားဂရန် မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အိမ်ကိုဝယ်ယူရန် အမည်ပေါက်ပိုင်ရှင် ဒေါက်တာရင်လင်း [၁၂/လသန(နိုင်)၀၀၅၀၈၈]သို့ ကျွန်ုပ်တို့၏ မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆိုကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အထက်ပါအိမ်နှင့်မြေကို ဥပဒေနှင့်အညီ အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ

ဒေါ်အေးမြင့်ရီ (စဉ် - ၃၁၀၅၄)	**ဦးသိန်းညွန့်**
B.Sc, DA, HGP, R.L, D.B.L, DML, DIL	**BA, HGP, R.L, D.B.L, DML, DIL**
ဒေါ်ချောချောအေး LL.B(စဉ် -၂၇၄၆၇)	**တရားလွှတ်တော်ရှေ့နေ (စဉ် - ၃၅၆၁)**
ဒေါ်ဝါဝါစံ LL.B (စဉ် -၂၇၈၆၀)	**အမှတ်(၁၁၈-၁၂၀)၊ ပထမထပ်(ယာ)၊ မဟာဗန္ဓုလပန်းခြံလမ်း**
အထက်တန်းရှေ့နေများ	**(ဘားလမ်း)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
ဖုန်း - ၀၉ ၇၃၀၈၅၀၉၀၊ ၀၉ ၄၂၀၀၁၅၂၅၅	**ဖုန်း-၀၉ ၅၀၀၁၈၃၇၊ ၀၉ ၅၀၅၃၁၀၇**

မြန်မာအပါအဝင် အာဆီယံနိုင်ငံများတွင် မိုဘိုင်းဖုန်းဖြင့် သဘာဝဘေးအန္တရာယ်သတင်းအချက်အလက်ရရှိနိုင်ရန် စီစဉ်

ရန်ကုန် စက်တင်ဘာ ၂၆

မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများတွင် မိုဘိုင်းဖုန်းအသုံးပြု၍ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနှင့် မိုးလေဝသသတင်းအချက်အလက်များကို မိုဘိုင်းဖုန်းများမှတစ်ဆင့် လွယ်ကူစွာ အသုံးချနိုင်ရေးကို အမေရိကန် ကြက်ခြေနီအဖွဲ့မှ ကူညီမည်ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးချစ်ကျော်က ပြောသည်။

မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများတွင် မိုဘိုင်းဖုန်းအသုံးများပြားလာသည်နှင့်အမျှ သဘာဝဘေးအန္တရာယ် ကာကွယ်ရေးဆိုင်ရာ သတင်းအချက်အလက်များနှင့် မိုးလေဝသ မုန်တိုင်းနောက်ဆုံးသတင်းများကို မိုဘိုင်းဖုန်းဖြင့် ဖြန့်ဝေနိုင်ရေးအစည်းအဝေးကို အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ စက်တင်ဘာ ၁၈ ရက်မှ ၂၀ ရက်ထိကျင်းပခဲ့သည်။

ယင်းအစည်းအဝေးကို မြန်မာနိုင်ငံမှ ကြက်ခြေနီအသင်းနှင့် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနတို့မှ သက်ဆိုင်ရာအရာရှိကြီးများ တက်ရောက်ခဲ့ပြီး မိုဘိုင်းဖုန်းအသုံးပြု၍ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးသတင်းအချက်အလက်နှင့် မိုးလေဝသမုန်တိုင်းနောက်ဆုံးသတင်းများကို ပြည်သူလူထုသိရှိစေရန် ရည်ရွယ်၍ လုပ်ဆောင်ခြင်းဖြစ်သည်။ "မြန်မာနိုင်ငံအနေနဲ့ဆိုရင် မိုဘိုင်းဖုန်းအသုံးပြုပြီး မုန်တိုင်းနောက်ဆုံးသတင်းအချက်အလက်ရရှိစေဖို့ လုပ်ဆောင်တဲ့နေရာမှာ မြန်မာစာဖောင့်နဲ့ သတင်းအချက်အလက်တွေကို (free) အလကားရရှိစေဖို့ထိလုပ်ပေးရမယ်၊ သတင်းအချက်အလက်တွေကိုလည်း ကျေးလက်နေပြည်သူတွေ အလွယ်တကူဖတ်နိုင်အောင် မြန်မာဘာသာနဲ့ပဲ ပေးပို့နိုင်ဖို့ရည်ရွယ်တယ်" ဟု ညွှန်ကြားရေးမှူးဦးချစ်ကျော်က ပြောသည်။

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာ၌ ကျင်းပခဲ့သော အဆိုပါအစည်းအဝေးတွင် အာဆီယံနိုင်ငံများမှ ကြက်ခြေနီအဖွဲ့နှင့် မိုးလေဝသဌာနတို့မှ သက်ဆိုင်ရာအရာရှိများ တက်ရောက်ခဲ့ပြီး မိုဘိုင်းအသုံးပြု၍ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် မိုးလေဝသသတင်းများရရှိနိုင်ရေးအတွက် အာဆီယံနိုင်ငံကို အမေရိကန်နိုင်ငံကြက်ခြေနီအဖွဲ့မှ ပံ့ပိုးကူညီမည်ဖြစ်ကြောင်း သိရသည်။

ယခုကဲ့သို့ လုပ်ဆောင်မှုကို ကြက်ခြေနီအသင်းမှ သဘာဝဘေးအန္တရာယ်ကြုံတွေ့ရပါက မည်သို့ပြင်ဆင်ရမည်ဆိုသော သတင်းအချက်အလက်များ၊ မုန်တိုင်းပြီးဆုံးသွားပါက မည်သို့ဆောင်ရွက်ရမည်ဆိုသော သတင်းအချက်အလက်များကို ပြည်သူများထံ ပေးပို့သွားမည်ဖြစ်ပြီး မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားရေးမှူးဦးစီးဌာနအနေဖြင့် မုန်တိုင်းနောက်ဆုံးရသတင်းများကို ပံ့ပိုးပေးရမည်ဖြစ်သည်။

(ကြည်-ရန်ကင်း)

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ စက်တင်ဘာ ၂၃ ရက်က မူးယစ်ဆေးဝါးနှင့်အိမ်သုံးဆေးဝါးများ အလွဲသုံးမှုပပျောက်ရေးနှင့် ကျောင်းသားကျောင်းသူလူငယ်အတွင်း ကော်ရှူခြင်းမရှိစေရေး အသိပညာပေးဟောပြောပွဲကျင်းပစဉ်။ **(ရဲပြန်ကြား)**

ဆိုင်ကယ်စီးဦးထုပ်များ အခမဲ့ဖြန့်ဝေပေး

နေပြည်တော် စက်တင်ဘာ ၂၆

ယာဉ်ထိန်းရဲတပ်ဖွဲ့ အမှတ်(၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ (မန္တလေး) ကွပ်ကဲမှုအောက်ရှိ အမှတ်(၁၄)ယာဉ်ထိန်းဒုတပ်ဖွဲ့ခွဲ (မုံရွာ)နှင့် အမှတ်(၁၅) ယာဉ်ထိန်းဒုတပ်ဖွဲ့ခွဲ (ရှမ်း)တို့မှ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောမှုများ ဆောင်ရွက်ခဲ့ပြီး စေတနာရှင်ပြည်သူများ၏ ကူညီပံ့ပိုးမှုဖြင့် ဆိုင်ကယ်စီးနင်းသူများအား အမှတ်(၁၄) ယာဉ်ထိန်းဒုတပ်ဖွဲ့ခွဲ (မုံရွာ)နှင့် (စစ်ကိုင်း)တို့တွင် ဆိုင်ကယ်စီးဦးထုပ် ၂၆၀၊ အမှတ်(၁၅) ယာဉ်ထိန်းဒုတပ်ဖွဲ့ခွဲ (လားရှိုး)နှင့် (တာချီလိတ်)တို့တွင် ဆိုင်ကယ်စီးဦးထုပ် ၂၁၀ တို့အား အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **(ရဲပြန်ကြား)**

ပြည်သူ့ခံစားချက်

ခရီးသည်မတင်ဘဲ ကားပြိုင်မောင်းနေကြသည့် ရန်ကုန်မြို့တွင်း ပြေးဆွဲနေသည့် လိုင်းကားများ

ရန်ကုန် စက်တင်ဘာ ၂၆

ရန်ကုန်မြို့တွင်းပြေးဆွဲလျက်ရှိသော ခရီးသည်တင်လိုင်းကားတချို့သည် ခရီးသည်မတင်ဘဲ လိုင်းကားချင်း ပြိုင်မောင်းလုမောင်း ပြုလုပ်နေကြောင်း နေ့စဉ်ကြုံတွေ့နေရသော ခရီးသည်တစ်ဦးက ပြောပြသည်။ "အဲဒီနေ့က ရုံးမှာ အစည်းအဝေးရှိလို့ စောစောထွက်လာခဲ့တယ်။ ကျွန်တော်က အင်းစိန်မီးရထားဝင်းထဲမှာနေတာဆိုတော့ ကြို့ကုန်းမှတ်တိုင်ကပဲ ကားစီးပါတယ်။ အဲဒီအချိန်မှာပဲ (၄၈)အထူးတစ်စီးက ခရီးသည်သိပ်မပါဘဲ မောင်းလာပါတယ်။ ကျွန်တော်လည်းအားရဝမ်းသာဖြစ်ပြီး တားလိုက်ပါတယ်။ ဒါပေမယ့် အဲဒီကားက ရပ်မပေးဘဲ 'နောက်ကားပါလာတယ်' ဟုအော်ပြောပြီးတော့ တစ်ဟုန်ထိုးမောင်းပြေးပါတော့တယ်။ ကျွန်တော့်မှာ လက်ကနာရီကြည့်ပြီး အစည်းအဝေးနောက်ကျမှာစိုးရိမ်နေမိတယ်။ မကြာပါဘူး ထက်ကြပ်မခွာဘဲ တရစပ်လိုက်လာပါတယ်။ အဲဒီ ကားပေါ်မှာတော့ ခရီးသည်တွေအပြည့်ပါပဲ။ ဒါနဲ့ ကျွန်တော်လည်း ခပ်မြန်မြန်တားလိုက်ပါတယ်။ (တကယ်တော့ လိုင်းကားတွေဆိုတာ လက်ပြပြီး (TAXI) ကားတွေလိုတားစရာမလိုပါဘူး။ မှတ်တိုင်မှာ ခရီးသည်ရှိရင် (AUTO)ရပ်ပေးပြီးသားဖြစ်နေရမှာပါ)။ ဒါပေမယ့် အဲဒီကားကလည်း ရပ်မပေးပါဘူး၊ ကဲ--- ဘယ်လိုလုပ်ကြမှာလဲ။ ကျွန်တော်သွားမယ့်ခရီးစဉ်က မှတ်တိုင်မှာတင်ပဲ နာရီဝက်ကျော်ကြာသွားပြီလေ။ အစည်းအဝေးနောက်ကျတော့မှာပေါ့။ ဒါတောင် အိမ်ကကြိုတင်ထွက်လာပေလို့သာပဲ။ ကြိုတင်သာထွက်မလာခဲ့ရင် စဉ်းစားသာကြည့်ကြပေတော့" ဟု ၎င်း၏ခံစားချက်ကို ပြောပြခဲ့သည်။ မှန်ပါသည်။ စာရေးသူကိုယ်တိုင်လည်း ယင်းဖြစ်စဉ်အတိုင်း ကြုံတွေ့ခဲ့ဖူးပါသည်။ လိုင်းကားမောင်းသူများအနေဖြင့် ခရီးသည်များကို လိုရာခရီးသို့တင်ဆောင်၍ ယာဉ်အန္တရာယ် မဖြစ်အောင်သတိထားဆင်ခြင်မောင်းနှင်ရပေမည်။ တစ်စီးနှင့်တစ်စီး အပြိုင်လုမောင်းနေပါက ခရီးသည်များအနေဖြင့်လည်း လိုရာခရီးကို အချိန်နှင့်တစ်ပြေးညီမရောက်ဘဲ အန္တရာယ်များလှပေသည်။

ထို့ကြောင့် လိုင်းကားချင်း တစ်စီးနှင့်တစ်စီး ပြိုင်မမောင်းစေရေး၊ ခရီးသည်များ(အထူးသဖြင့်မှတ်တိုင်တွင်ရပ်စောင့်နေကြသော) ခရီးသည်များအား ဂရုတစိုက်တင်ဆောင်စေရေး၊ ခရီးသည်များ ယာဉ်အန္တရာယ်ကင်းဝေးစေရေးတို့အတွက် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် အထူးကြပ်မတ်ထိန်းသိမ်းဆောင်ရွက်သင့်ပါကြောင်း တင်ပြလိုက်ပါသည်။

ကိုရွှေ(မှော်ဘီ)

လူကုန်ကူးမှုတားဆီးရေး
ဝိုင်းဝန်းကူညီဆောင်ရွက်ပေး

စီးပွားရေးကြော်ငြာ

ပါမောက္ခ၊ ကထိက ဆရာများ ဦးစီးသင်ကြားသည်
V.I.P
၁၀ တန်း (၅လပြတ် ဘော်ဒါ/ဝိုင်း)
တိုက် ၆/၂၀၂/ အထက်ပုဇွန်တောင်လမ်းမကြီး
ပုဇွန်တောင်ဈေးအနီး၊ ဖုန်း-၀၉ ၇၃၀၃၄၈၃၈

ပျောက်ဆုံး
ကျွန်တော်အောင်ကျော်ထွန်း ကိုင်ဆောင်သော MEDICAL FIRST AID လက်မှတ် ပျောက်ဆုံးသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။
ဖုန်း-၀၉၄၃၁၇၃၅၇၈

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ
အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-မြို့သစ်(ခ)၊ မြေကွက်အမှတ် ၃၃၊မြေကွက်တည်နေရာအမှတ် (၃၈)၊ ၂လမ်း၊ မြို့သစ်(ခ)၊ အင်းစိန်မြို့နယ်၊ (ဒေါ်သိန်းလှ)အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဒေါ်သိန်းလှကွယ်လွန်သဖြင့် ဦးလေးကြိုင်[၁၁/ကဖန(နိုင်)၀၀၃၄၂၂]က ခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အပိုင်ပေးစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

စာအုပ် စာပေ
လူ့မိတ်ဆွေ



KBZ Bank (Account No. 0071220029870)

ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့်ကျေးဇူးတင်ကြောင်း

Thousand Islands Business Group ... (Yangon Lifestyle Furniture Fair) ...

KMD Computer Centre

နိုင်ငံခြားတက္ကသိုလ်မှ Diploma သင်တန်းနှင့် Degree သင်တန်းများ ...

Computer Basic မှသည် Advance အထိ Certificate သင်တန်းများ ...

Since 1986

On Job Training

- I-Office 2010 (Basic , Advance) • 10 Days Office • Desktop Publishing
- Graphic Design • Introduction to Internet • Web Builder • Mobile basic Course
- Excel in Business Application • AutoCAD 2D/ 3D • Digital Media Special Effect
- Digital Photo Editing • Effective Presentation with Power Point

Tel : 381035/ 391286/ 220555/ 384268/ 700895/ 397945/ 502233/ 527436/ 524400/ 541328.

Park Royal Hotel ...

Cambridge ... Instructor ... Cambridge ...

GETC

Opening in Sept/ Oct

Basic English
Communicative English
General English New
Business English New

ဖုန်း 537895, 502775, 530097
www.getc-languageschool.com

"Seminar" 2013 September 28, 29 ရက်နေ့

KINETIC Real Estate Agency မှ

USA ဟိုတယ်၊ တိုက်ခန်း၊ အိမ်နှင့် အခြားစီးပွားရေးစီမံကိန်းများ ပါဝင်သော ကွန်ဒိုတို့၏ ပြပွဲသို့ "အခမဲ့" တက်ရောက်လေ့လာရန် ဖုန်းဖြင့် ကြိုတင်စာရင်း ပေးသွင်းနိုင်ပါသည်။

နေရာ-Central Hotel ပတ္တမြားခန်းမ၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊

ဖုန်း-၀၉-၇၃၀၄၄၇၆၅၊ ၀၉-၂၅၀၀၆၉၃၄၄၊ ၀၉-၅၁၄၂၈၆၈၊ ၀၁-၅၀၁၇၃၃၊ လိုင်းခွဲ-၁၃၂

အမည်ပြည့်စွက်ခေါ်ပါရန်

သန်လျင်မြို့နယ်တွင်နေထိုင်သူ အဖ ဦးချို၏ သမီး ဒေါ်မမြင့် [၁၂/သလန(နိုင်)၀၀၉၀၀၃] ကိုင်ဆောင်ထားသူအား ဒေါ်မမြင့်(ခ) ဒေါ်မြင့်မြင့်ကြည်ဟု အမည်ပြည့်စွက်ခေါ်ဆိုပါရန်။

ပြင်ဆင်ဖတ်ရှုပါရန်

၂၁-၉-၂၀၁၃ရက် ကြေးမုံသတင်းစာ စာမျက်နှာ(၈)ပါ ကြည့်မြင်တိုင်မြို့နယ် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာတွင် ဒေါ်ညွန့်ရီအစား ဒေါ်ညွန့်ရွှေ ဟုပြင်ဆင်ဖတ်ရှုပါရန်။

ကွန်ဒိုငှားမည်

ဒဂုံမြို့နယ်၊ ဗိုလ်ရာညွန့်လမ်း၊ 2500sqft, 2MBR, 1BR, 3AC,ဖုန်း၊ ပြင်ဆင်ပြီး၊

ဖုန်း ၀၉-၅၀၂၇၂၇၆

ကျေးဇူးဆပ်ပါမည်

ဦးခင်မောင်ဝင်း၏သဘော်သား လုပ်သက်မှတ်တမ်း စာအုပ်အမှတ် ရန်/၂၇/၇၈သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ကျေးဇူးဆပ်ပါမည်။

ဖုန်း-၈၆၃၁၁၆၅

MCC Training Institute (Naypyitaw Campus)

1st Year - Level 4 (UK) Diploma in Computing → 2nd Year - Level 5 (UK) Diploma in Computing → 3rd Year - B.Sc (Hons) Business IT (UK)

... Campus သွင် ... Special Discount နှင့် Installment ...

MCC/Naypyitaw Campus ...

ကုန်စည်ပြပွဲနှင့်ကားပြပွဲကြီး (ပုသိမ်မြို့)

5-10-2013 to 9-10-2013

နံနက် (၉)နာရီမှည (၉)နာရီ

မြို့တော်ခန်းမ ပုသိမ်မြို့

SMART BUSINESS GROUP Co.,ltd Ph:01656875,667473,0973014777,099999070,0966820600



တေဇ(၂၃)မှသူငယ်ချင်းများ

တေဇ(၂၃)၏ (၁၇)နှစ်မြောက် ကျောင်းဆင်းနှစ်ပတ်လည်နေ့ အခမ်းအနားကို ရန်ကုန်မြို့၊ ဒဂုံအရှေ့မြို့နယ်ရှိ ဆည်းဆာရိပ် ဂိလာန ဘိုးဘွားရိပ်သာတွင် ၁၃-၁၀-၂၀၁၃ရက် မွန်းလွဲ ၁နာရီတွင် ကျင်းပမည်ဖြစ်ပါ၍ သူငယ်ချင်းများနှင့် မိသားစုများ မပျက်မကွက်ကြွရောက်ကြပါရန် နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်ရန်
ရဲကျော်မိုး-၀၉-၇၃၀၀၈၆၃၁၊ လင်းဇော်မင်း-၀၉၄၉၂၂၉၃၁၆၊
မျိုးအောင်စန်း-၀၉-၈၆၂၉၇၀၉၊ ကျော်စိုးလွင်-၀၉-၅၁၈၈၀၉၄၊
ထူးအောင်ကြည်-၀၉၅၁၉၉၁၆၇၊ သန်းထွန်းညို-၀၉-၇၃၂၀၇၈၄၈

မွေးနေ့မင်္ဂလာဆုတောင်း

စက်တင်ဘာလ ၂၇ ရက်မှာ ကျရောက်တဲ့ ချစ်သမီးလေး **မအေးချမ်းမိုး** (Grade-10-B,အထက-၂ စမ်းချောင်း)၏ မွေးနေ့မင်္ဂလာရက်မြတ်မှသည် အသက်ရာကျော်တိုင် ထူးချွန်ထက်မြက်ပြီး လိုအင်ဆန္ဒအဝဝ ပြည့်စုံသည့်ဘဝကို ပိုင်ဆိုင်ရသူ သမီးကောင်းရတနာလေးဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်---

ဖေဖေ - ဗိုလ်ကြီးညွန့်ဝင်း(ငြိမ်း)
မေမေ - ဒေါ်ထွေးထွေးခိုင် B.A(Eco)
မောင်လေး - မောင်ကျော်ပုညဟိန်း
Grade-4(B) အထက-၅၊ မရမ်းကုန်း

EPS-TOPIK
(ကိုရီးယားသင်တန်းကျောင်း)

- ကိုရီးယားနိုင်ငံသို့ အမြန်ဆုံးသွားရောက်အလုပ်လုပ်ချင်သူများအတွက် ကိုရီးယားဘာသာစကားကျွမ်းကျင်မှု EPS စာမေးပွဲ သီးသန့်သင်တန်းကျောင်း။
- စာမေးပွဲအောင်မြင်သည်အထိ တက်ရောက်နိုင်ပါသည်။
- တန်းခွဲသစ်များ ၁-၁၁-၂၀၁၃ ရက် စတင်ဖွင့်လှစ်မည်။
- Speaking သင်တန်းများလည်းရှိသည်။
- မြန်မာပြည်၏ တစ်ခုတည်းသော EPS-TOPIK သင်တန်း Co-operative with Korea Social Education Center of Myanmar.

အမှတ်(၃၀)၊ ပထမထပ်၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၅၁၂၈၀၄၊ ၀၉-၄၂၁၀၉၁၀၈၀၊ ၀၉-၂၅၀၀၄၈၁၂၂

ခေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗိုလ်စိန်မှန်လမ်း၊ အမှတ်(၄၇/၆)လွှာနေ[ဦးစိုးမြင့်(ခ)ပန်းချီရွှေစိုးဟန်]-ဒေါ်စုစုတင်တို့၏သားကြီး
ဗိုလ်ကြီးအောင်ခန့်မော် (B.Sc)(D.S.A)
နှင့်
ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ကမ်းနားလမ်း၊ အမှတ်(၂၈၆/၅)လွှာ Aနေ ဦးကြည်ထွန်း-ဒေါ်ဥမ္မာခင်တို့၏သမီးငယ်
မခင်ဇာထွန်း B.P.S(YIE)
တို့သည် ၂၂-၉-၂၀၁၃ရက်(တနင်္ဂနွေနေ့)တွင် နှစ်ဖက်သောလူကြီးမိဘများ ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

ဗိုလ်ကြီးအောင်ခန့်မော်-မခင်ဇာထွန်း

Happy Birthday တိုးရွှေမောင်

တစ်ဦးတည်းသော သားလေး၏ ၂၇-၉-၂၀၁၃ရက်တွင် ကျရောက်သော မွေးနေ့မှသည် နောင်နှစ်ပေါင်းရာကျော်တိုင်အောင် ကျန်းမာ၍ထူးချွန်ထက်မြက်သည့် သားကောင်းရတနာအဖြစ် ပျော်ရွှင်သော မိသားစုဘဝကို ပိုင်ဆိုင်နိုင်ပါစေ။

ဘိုးဘိုး၊ ဘွားဘွားများ
Dr.စိုးတင်(ဗိုလ်မှူး/ငြိမ်း)ဒေါ်ခင်ခင်ဆွေ(သစ္စာမေတ္တာအထူးကုဆေးခန်း)
(ဗိုလ်ကြီးတင်မောင်ဦး) -ဒေါ်မိမိခင်
ဖေဖေ - ဦးရွှေမောင်ဦး (Deputy Manager , ICT),United Amara Bank.
မေမေ - ဒေါ်မာလာစိုး (လ/ထ ကထိက- IT)
နည်းပညာတက္ကသိုလ်(မှော်ဘီ)

ဖခင်အမည်မှန်

ဒဂုံတက္ကသိုလ်(ပထဝီ)မေဂျာမှ မောင်စိုင်းမင်းဦး၏ ဖခင်အမည်မှန်မှာ ဦးခင်ဦး (TKI-၁၆၂၀၈)ဖြစ်ပါကြောင်း။

ဦးခင်ဦး

ပုသိမ်မြို့၊ အထက(၃) မြတ်ဆရာ ပူဇော်ကန်တော့ပွဲကျင်းပမည်

ပုသိမ်မြို့၊ အထက (၃) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ် မြတ်ဆရာပူဇော်ကန်တော့ပွဲကို ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပါ၍ ပုသိမ်မြို့၊ အထက(၃)တွင် ၂၀၀၀ ပြည့်နှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာ၊ ဆရာမများနှင့် ကျောင်းအုပ်ကြီးများအနေဖြင့် အပူဇော်ခံနိုင်ရန်အတွက် ၃၁-၁၀-၂၀၁၃ရက် နောက်ဆုံးထား၍ ဆက်သွယ်ပေးကြပါရန်နှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများမှလည်း ဆက်သွယ်ပါဝင်ကြပါရန် လေးစားစွာ တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ပုသိမ်မြို့ - ဒေါ်ခင်စောမူ (၀၉- ၈၅၅၄၁၂၅)၊ ဦးမြင့်ဌေး (၀၉- ၈၅၅၁၃၅၁)၊ ဦးဇော်ထွန်းခိုင် (၀၉- ၄၂၂၅၀၁၅၈၈)၊ ဦးပြည်ကျော် (၀၉-၄၉၅၈၆၀၁၇)၊ ဦးမင်းစိန် (၀၉-၅၂၀၁၆၂၀)၊ ဦးသိန်းစိုးဦး (၀၉-၅၂၀၀၇၉၃)၊ ဦးဝင်းချို (၀၉-၄၅၁၂၃၄၃၀၀)၊ ဦးသော်ဇင်ထွန်း (၀၉- ၄၅၁၂၃၇၃၃၆)၊ ဦးမင်းစိုး (၀၉- ၅၂၀၀၉၀၀)
ရန်ကုန်မြို့ - ဦးစိုးဟန်လင်း (၀၉-၈၆၀၀၁၂၃)၊ ဦးနိုဝဲလ်လင်း (၀၉- ၅၀၀၃၇၀၉)၊ ဦးအုန်းဇော် (၀၉-၅၀၁၇၄၆၁)၊ ဒေါ်မြင့်မြင့်သန်း (၀၉- ၅၀၆၅၄၈၂)၊ ဦးသန်းမြင့်ဦး (၀၉- ၅၀၁၂၃၀၈)၊ ဦးမိုးကျော်မြင့် (၀၉- ၅၀၉၀၉၀၀)၊ ဦးဆန်းမင်းဦး (၀၉- ၅၁၀၂၁၂၇)၊ ဦးဇေလတ်ဝင်း (၀၉-၄၃၀၂၄၄၆၁)၊ ဒေါ်ဖြိုးသိမ့်သီရိသွယ် (၀၉- ၅၁၂၃၆၄၈)
နေပြည်တော် - ရဲအုပ်ခိုင်ကလျာအေး (၀၉- ၅၅၀၀၇၀၅)

အလှူငွေထည့်ဝင်နိုင်သည့်နေရာ
ပုသိမ်မြို့ - ကျင်းပရေးကော်မတီရုံး၊ ဇီဇဝါဆောင်၊ အထက (၃) ပုသိမ်၊ ဖုန်း ၀၉- ၄၂၂၅၅၆၀၁၇
ရန်ကုန်မြို့ - မော်တင်ကုမ္ပဏီလီမိတက်၊ အမှတ် ၆ (ဘီ)၊ သုခဝတီလမ်း၊ ရန်ကင်းမြို့နယ်၊ ဖုန်း-၀၉ ၅၀၁၂၃၀၈၊ ၀၉-၄၃၁၅၉၉၇၇



ကန့်ကွက်နိုင်ပါသည်

အများသိစေရန် ကြေညာခြင်း

တိုက်ခန်းသစ်ရောင်းမည်
(စမ်းချောင်းမြို့နယ်)

ပေ (၁၂)၊ စတုတ္ထထပ်၊ သံပန်း၊ ဆန်းရှိတ်၊ ကျွန်းပါကေး၊ အလူမီနီယံ အိပ်ခန်း (၂)ခန်း၊ (ရေချိုးခန်း၊ မီးဖိုခန်း) ကြွေပြားခင်း၊ ဘိုထိုင်အိမ်သာ၊ ကိုယ်ပိုင် (ရေ၊ မီး)၊ မျက်နှာကြက်ကောနစ်၊ အထူးပြင်ဆင်ပြီး တိုက်ခန်းအသစ်။ (ပွဲစားမလို)

ဖုန်း-၀၉ ၇၃၁၅၆၄၉၄

အထူးဂုဏ်ပြုချီးကျူးလွှာ

ကျွန်တော်-ကျွန်မတို့၏ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် အစွမ်းကုန် ပံ့ပိုးကူညီပေးနေသော **အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ် (SMIDB)**သည် နိုင်ငံတော်ကို ဝင်ငွေခွန်ထမ်းဆောင်ခြင်းဖြင့် ကျေးဇူးတုံ့ပြန်နေရာ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်ဦးစီးဌာန၏ (၂၀၁၂-၂၀၁၃) ငွေစာရင်းနှစ်အတွက် ဝင်ငွေခွန်အများဆုံး ထမ်းဆောင်နေကြသော စီးပွားရေးလုပ်ငန်းရှင်ပေါင်း (၅၀၀)၏ အမည်စာရင်း ကြေငြာချက်ထုတ်ပြန်ရာတွင် နံပါတ်(၁၂) မြောက်စာရင်းဝင်သည့်အပြင် ပုဂ္ဂလိကဘဏ်များအားလုံးအနက် နံပါတ်(၃) အဆင့်ရရှိပါသဖြင့် အစစအရာရာ ထက်မြက်စွာ စီမံအုပ်ချုပ်သော ဘဏ်ဥက္ကဋ္ဌ **အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဒေါက်တာသန်းထွန်း (တုံကော်ရွှေပြည်)** ဦးဆောင်သည့် ဒါရိုက်တာအဖွဲ့ဝင်များနှင့် စွမ်းရည်ထက်မြက်သည့် ဘဏ်ဝန်ထမ်းအားလုံးတို့အား ကျေးဇူးတင်ရှိကြောင်းနှင့် အထူးဂုဏ်ပြုပါကြောင်း . . .

အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်နှင့်ဆက်သွယ်ဆောင်ရွက်နေသော
SME အသေးစားနှင့်အလတ်စားလုပ်ငန်းရှင်များ

ဘဏ်ပိတ်ရက်ကြော်ငြာ

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေအရ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်(အင်္ဂါနေ့)သည် ဘဏ်ပိတ်ရက်ဖြစ်ပါသဖြင့် ၎င်းနေ့တွင် ဘဏ်အားလုံး ပိတ်ထားလိမ့်မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
စိုက်ပျိုးရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ စီမံကိန်းရေးဆွဲစိစစ်သုံးသပ်ရေးဌာနခွဲအောက်ရှိ စိုက်ပျိုးရေးသိပ္ပံကျောင်းများတွင် အဆောက်အအုံများ ဆောက်လုပ်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
(က)	အမျိုးသမီးနှစ်ထပ်ဆောင် ဆောက်လုပ်ခြင်း ပေ(၁၇၃×၃၂×၂၁. ၅) RC (နေပြည်တော်ကောင်စီနယ်မြေပျဉ်းမနားမြို့)	၂
(ခ)	ရေချိုးခန်းရေအိမ် ဆောက်လုပ်ခြင်း ပေ(၃၀×၂၀×၁၀) RC (နေပြည်တော်ကောင်စီနယ်မြေပျဉ်းမနားမြို့)	၆

တင်ဒါပုံစံရောင်းချမည့်ရက် - ၁၃-၉-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက် - ၁၅-၁၀-၂၀၁၃ ရက် ၁၁း၀၀ နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်တင်ဒါစည်းကမ်းချက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၄၁၀၅၂၂ သို့ စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ၊ စိုက်ပျိုးရေးဦးစီးဌာန
ရုံးအမှတ်(၄၃)၊ နေပြည်တော်

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေး
အင်ဂျင်နီယာဌာန
(အခြေစိုက်အလုပ်ရုံ-၃၊ မရမ်းကုန်း)

- အခြေခံယာဉ်မောင်းသင်တန်းကို ၄-၁၀-၂၀၁၃ရက်နှင့် စနေ/တနင်္ဂနွေအထူးသင်တန်းကို ၅-၁၀-၂၀၁၃ ရက်တွင် ဖွင့်ပါမည်။ ၂၃-၉-၂၀၁၃ ရက်မှစ၍ စာရင်းပေးသွင်းနိုင်သည်။ "သ"လိုင်စင်နှင့်"ခ" လိုင်စင်ရရှိရေးအတွက် ကူညီဆောင်ရွက်ပေးသည်။

သင်တန်းသားဦးရေကန့်သတ်ထားသည်။

အခြေခံလျှပ်စစ်ဂဟေဆက်သင်တန်း၊ အင်ဂျင်သင်တန်း၊ တွင်ခုံသင်တန်းများကို ၇-၁၀-၂၀၁၃ ရက်တွင် ဖွင့်လှစ်ပါမည်။

ဆက်သွယ်ရန်ဖုန်း-၆၆၀၈၅၁

ငါးခူ၊ ငါးကျည်းငါးသားပေါက်ဝယ်ယူရန် တင်ဒါဖိတ်ခေါ်ခြင်း
မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် အကူအညီပေးနိုင်ရန် ငါးခူ/ငါးကျည်း သားပေါက်များတင်ဒါခေါ်ယူခြင်း

ငါးလုပ်ငန်းဦးစီးဌာနမှ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် ကျေးလက်နေပြည်သူများအား တစ်ပိုင်တစ်နိုင် ငါးမွေးမြူရေးဆောင်ရွက်ခြင်းဖြင့် အပိုဝင်ငွေရရှိစေရန်အတွက် တိုင်းရင်းငါးမျိုးများ ကူညီထောက်ပံ့ပေးနိုင်ရန် ငါးခူ/ငါးကျည်း သားပေါက် (၁-၃ လက်မအရွယ်)များ လိုအပ်လျက်ရှိပါသည်။

အဆိုပါ ငါးသားပေါက်များအား ပေးသွင်းရန် စိတ်ဝင်စားသည့်လုပ်ငန်းရှင်များအနေဖြင့် အောက်ဖော်ပြပါ နီးစပ်ရာစခန်းများသို့ပေးသွင်းမည့် ငါးအမျိုးအစား၊ ငါးကောင်ရေနှင့် ဈေးနှုန်းများအား ဖိတ်ခေါ်အပ်ပါသည်။

စခန်းအမည်	လိုအပ်သည့်အရေအတွက်
ပျဉ်းမနား ရေဆင်းငါးလုပ်ငန်းစခန်း	၁၀၀၀၀၀
လှော်ကားငါးလုပ်ငန်းစခန်း	၁၀၀၀၀၀
သရက်ကုန်းငါးလုပ်ငန်းစခန်း	၁၀၀၀၀၀
ပန်းတနော်ငါးလုပ်ငန်းစခန်း	၁၀၀၀၀၀
ပဲခူးငါးလုပ်ငန်းစခန်း	၁၀၀၀၀၀
ရွှေဘိုငါးလုပ်ငန်းစခန်း	၁၀၀၀၀၀
ညောင်ရွှေငါးလုပ်ငန်းစခန်း	၁၀၀၀၀၀
သထုံငါးလုပ်ငန်းစခန်း	၁၀၀၀၀၀
ဖားအံငါးလုပ်ငန်းစခန်း	၁၀၀၀၀၀
ပွင့်ဖြူငါးလုပ်ငန်းစခန်း	၁၀၀၀၀၀
ဝိုင်းမော်ငါးလုပ်ငန်းစခန်း	၁၀၀၀၀၀

စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် ညွှန်ကြားရေးမှူး(မွေးမြူရေး)၊ ငါးလုပ်ငန်းဦးစီးဌာန၊ ရုံးအမှတ်(၃၆)နေပြည်တော်သို့ လျှောက်လွှာများကို ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက် ၁၆း၀၀ နာရီ(မြန်မာစံတော်ချိန်)အရောက် ပေးပို့ရမည်ဖြစ်ပါသည်။ အသေးစိတ်သိလိုသောအချက်များကို ငါးလုပ်ငန်းဦးစီးဌာန၊ ရုံးအမှတ်(၃၆)၊ ဖုန်း-၀၆၇-၄၀၈၄၇၆၊ ၀၆၇-၄၁၈၅၃၈ နေပြည်တော်သို့ ဆက်သွယ်မေးမြန်းရယူနိုင်ပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးမွေးမြူရေးနှင့်လူမှုရေးကော်မတီမှ ပေ(၁၆၈×၄၀×၂၂) အတိုင်းအတာ၊ အိမ်ခန်း(၈)ခန်းတွဲ (၂) ထပ် RC ဝန်ထမ်းနေအိမ်(၁)လုံးအား နေပြည်တော်ကောင်စီနယ်မြေတွင် မြန်မာကျပ်ငွေဖြင့် တည်ဆောက်လိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၃၀-၉-၂၀၁၃ရက်
တင်ဒါပိတ်မည့်ရက် - ၂၄-၁၀-၂၀၁၃ ရက် ၁၃း၀၀ နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ဖော်ပြပါ လိပ်စာများသို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန
ရုံးအမှတ်(၅၀)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၃၁၁၂၀၊ ၀၆၇-၄၃၁၁၀၄

သုခဆည်းဆာပုဂ္ဂလိကသက်ကြီးစောင့်ရှောက်ရေးဂေဟာ

လူကြီးမင်းများပြုစုစောင့်ရှောက်ရန် အခက်အခဲဖြစ်နေသော သက်ကြီးဘိုးဘွားများအား ကျွမ်းကျင်သော သူနာပြုများဖြင့် ကျန်းမာရေး၊ နေရေး၊ စားရေးကိစ္စများကို တာဝန်ယူဆောင်ရွက်ပေးပါသည်။

အဘွားများသာ လက်ခံပါသည်။ (လူဦးရေကန့်သတ်ထားပါသည်)

ဆက်သွယ်ရန် - အမှတ်(၁၂၅၃)၊ မင်္ဂလာသုခ(၃)လမ်း၊ (၄၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁-၅၈၄၉၆၄၊ ၀၉-၃၁၀၃၅၁၁၆၊ ၀၉-၇၃၁၈၉၀၄၇

အမည်မှန် အဖ ဦးအောင်ကျော်မိုး အထက ဇီးဖြူကုန်းလက်ပံတန်းမြို့နယ်မှ နော်နှင်းမိုး [၇/လပတ(နိုင်)၁၅၁၄၇၁]၏အမည်မှန်မှာ နော်နှင်းရွှေရည်မိုးဖြစ်ကြောင်း။





မသက်ဆိုင်ပါကြောင်းကြေညာခြင်း

ကျွန်မ၏မြေးဖြစ်သူ မောင်ရှိန်းအောင် (ခ)ဖိုးပြား[၈/သရန(နိုင်)၀၈၅၈၅၈] သည် အမေကြီး၊ မိဘ၊ ဆွေမျိုး၊ အစ်မများကို အကြိမ်ကြိမ်အခါခါ စိတ်ဆင်းရဲအောင်ပြုလုပ်၍ ၎င်း၏ဆန္ဒသဘောအတိုင်း ပြုမူဆောင်ရွက်သွားပါသဖြင့် ယနေ့မှစ၍ အဘွား၊ မိဘ၊ ဆွေမျိုး၊ အစ်မများနှင့်မည်သို့မျှ မပတ်သက်တော့ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ (၎င်းနှင့်ပတ်သက်သည့် အရှုပ်အရှင်းကိစ္စအဝဝအားလုံးကိုတာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါ)

အဘွား-ဒေါ်ခင်သောင်း
[၈/သရန(နိုင်)၀၀၅၇၈၂]နှင့်
မိဘ၊ ဦးလေး၊ အဒေါ်၊ အစ်မ

ပျောက်ဆုံးခြင်း ကျွန်တော်ဦးညွန့်မောင်[၆/မအရ(နိုင်)၀၆၂၂၇၉] (၀၄၆၀/၁၁)ပဲ့နင်းလက်မှတ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၄၁၄၁၀၆

MIC
Myanmar Imperial College
နိုင်ငံတကာအသိအမှတ်ပြု ဘွဲ့များရေးဆိုင်ရာ
Diploma၊ Bachelor နှင့် MBA
ရယူလိုသူများအတွက်

- Diploma in Business (HND)
- Diploma in Media & Marketing (HND)
- Bachelor of Business

STUDY UK-MBA In Myanmar
MBA
edexcel

0973210001 /537562

ELITE
ENGINEERING GROUP
(TV, VCD, DVD & EVD)
Programmable Logic Controls (P.L.C)
Welding
Motor Winding Repair
Pipe Fitter
Phone Service (Software & Hardware)
Phone ... Discount 50%
(1.10.2013)
Ph : 01-248150, 09-51-80790, 09-31280569

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ဗိုလ်အောင်ကျော်လမ်း(မီးခွက်ဈေး)၊ တိုက်အမှတ်(၃)၊ အခန်းအမှတ်(၃)ကို အမည်ပေါက် ဦးဝေလင်း[၉/မရမ(နိုင်)၀၅၄၀၂၇]ထံမှ ဒေါ်ဇင်မာမျိုး[၁၂/အစန(နိုင်)၀၆၆၆၂၇]က ဝယ်ယူခဲ့ပြီး ၎င်း၏အမည်ဖြင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနသို့ အမည်ပြောင်းလဲ၍ အခန်းပိုင်ဆိုင်မှု မှတ်ပုံတင်စာအုပ်ထုတ်ပေးပါရန် လျှောက်ထားလာမှုအပေါ် ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ (၁၄)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန(စီမံကိန်းဌာနခွဲ)သို့ တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကျေးဇူးဆပ်ပါမည်

ကျွန်တော် လှိုင်ဗိုလ်ထူး စီဒီစီ(၃၆၁၇၂) မြန်မာနိုင်ငံကူးလက်မှတ်အမှတ်(၀၇၆၄၃၅) နှင့် 4/Ticket လက်မှတ်များပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ကျေးဇူးဆပ်ပါမည်။

ဖုန်း-၀၉-၄၂၀၀၁၁၇၇၄

နေကာနန်းတော်၊ ပါဝါနန်းတော် မျက်မှန်ရောင်းဝယ်ရေး ပိုင်ရှင်များဖြစ်ကြသော ဦးဇော်နိုင်နှင့်ဒေါ်ခင်မာဆွေတို့အား အများသိစေရန်ကြေညာခြင်း

၁။ လွန်ခဲ့သော(၂၀၁၁)ခုနှစ်၊ ၁၀ လပိုင်းမှစ၍(၂၀၁၂)ခုနှစ် ၃ လပိုင်းအထိ လူကြီးမင်းတို့၏ ဆိုင်တွင် လိုအပ်လျက်ရှိသော Ray Ban မျက်မှန်များကို စင်ကာပူနိုင်ငံရှိ Soonlee optical Co.Ltd. မှ ဖေရှိ့စ်(ခ)ဦးမျိုးခိုင်က မိမိ၏ငွေရင်းများစိုက်ထုတ်ပြီး ဝယ်ယူပေးခဲ့ပါကြောင်း။

၂။ လူကြီးမင်းတို့လက်ဝယ်သို့ မျက်မှန်များရောက်ရှိချိန်မှစ၍(၂)ပတ်အတွင်း ဖေရှိ့စ်(ခ)ဦးမျိုးခိုင်[၁၂/ပဘတ(နိုင်)၀၁၈၅၄၄]စိုက်ထုတ်ခဲ့သောငွေများကို တစ်လုံးတစ်ခဲတည်း ပြန်လည်ပေးဆပ်မည်ဖြစ်ကြောင်း လူကြီးမင်းတို့က ပြောဆိုခဲ့ပါကြောင်း။

၃။ (၂၀၁၂)ခုနှစ် ၃ လပိုင်းတွင် ဖေရှိ့စ်(ခ)ဦးမျိုးခိုင်က ဦးဇော်နိုင်၏ရှေ့မှောက်တွင် ဒေါ်ခင်မာဆွေနှင့်သားဖြစ်သူ မောင်သန့်ဇော်ထွန်းတို့အား မျက်မှန်များကို စိစစ်ပေးအပ်ခဲ့ပါကြောင်း၊ ဒေါ်ခင်မာဆွေမှလည်း ၎င်း၏ကွန်ပျူတာလက်ခံမိတ္တူကို ဖေရှိ့စ်(ခ)ဦးမျိုးခိုင်အားပေးအပ်ခဲ့ပြီး ဦးဇော်နိုင်မှလည်း (၄)လပိုင်းနောက်ဆုံးပတ်မတိုင်ခင် ငွေကြေးများကို ပေးအပ်မည်ဖြစ်ကြောင်းဝန်ခံကတိပြု ပြောဆိုခဲ့ပါကြောင်း။

၄။ (၄)လပိုင်းကုန်ဆုံးပြီးနောက် ဖေရှိ့စ်(ခ)ဦးမျိုးခိုင်မှ ငွေကြေးများကို တောင်းခံခဲ့ရာ ဦးဇော်နိုင်မှ နေ့ရွှေ့ညရွှေ့ဖြင့် အချိန်လွန်ဆွဲခဲ့ပြီး(၈)လပိုင်းတွင် ဦးဇော်နိုင်မှ ၎င်း၏မျက်မှန်ရောင်းရငွေများဖြင့် မိမိ၏မဒီနာမွေ့ယာဆိုင်ဘေးရှိတိုက်ခန်းကို ဝယ်ယူထားပါကြောင်း ၎င်းအခန်းကို အမြန်ဆုံးရောင်းချပြီး ငွေကြေးများကို ပေးဆပ်မည်ဖြစ်ပါကြောင်းကို ယုံကြည်အောင် ပြောဆိုခဲ့ပါကြောင်း။

၅။ နှစ်ပတ်ခန့်အကြာတွင် ဖေရှိ့စ်(ခ)ဦးမျိုးခိုင်မှ အခန်းရောင်းချသည်ကို သတင်းရရှိပြီး ဦးဇော်နိုင်နှင့်သွားရောက်တွေ့ဆုံရာဦးဇော်နိုင်မှ အခန်းမရောင်းရသေးကြောင်း လိမ်လည်ပြောဆိုခဲ့ပါကြောင်း၊ ဖေရှိ့စ်(ခ)ဦးမျိုးခိုင်မှမည်သူ့အား မည်သည့်နေ့ရက်တွင် ငွေကြေးတန်ဖိုးမည်မျှဖြင့် ရောင်းချခဲ့ကြောင်းကို သက်သေအထောက်အထားချပြရာ ဦးဇော်နိုင်မှဝန်ခံခဲ့ပြီး ၎င်းငွေကြေးများကို ဇနီးဖြစ်သူ ဒေါ်ခင်မာဆွေမှ ယူဆောင်သွားပြီဖြစ်သည့်အတွက် ၎င်းအားအချိန်အနည်းငယ်ထပ်ပေးပါရန် လူမှုရေးအရတောင်းခံခဲ့ပါကြောင်း။

၆။ နောက်ဆုံး(၈)လပိုင်း၊ ၂၀၁၃ ခုနှစ်တွင် ဦးဇော်နိုင်ထံသွားရောက်တွေ့ဆုံရာ ဦးဇော်နိုင်မှ အခန်းအတွင်းရှိနေပြီး ၎င်း၏တပည့်များကို ဖေရှိ့စ်(ခ)ဦးမျိုးခိုင်အား မရှိဘူးဟုပြောဆိုခိုင်းသည်ကို ဖေရှိ့စ်(ခ)ဦးမျိုးခိုင်မှ ကြားသိခဲ့ရပြီးသည်းခံနိုင်သည့်အတိုင်းအတာကုန်ဆုံးသွားသဖြင့် မိမိ၏ရှေ့နေမှတစ်ဆင့် နို့တစ်စာပေးပို့ခဲ့ပါကြောင်း။

၇။ ဦးဇော်နိုင်မှလည်း ဘောင်မဝင်သည့်ပြန်ကြားချက်များကိုပြန်ကြားခဲ့ပြီး ဖေရှိ့စ်(ခ)ဦးမျိုးခိုင်၏ ယောက်ဖတော်စပ်သူက ကြားဝင်ညှိနှိုင်းပေးသည့်အခါ ဦးဇော်နိုင်မှ ဖေရှိ့စ်(ခ)ဦးမျိုးခိုင်ကိုယ်တိုင် သူ့ထံဖုန်းဆက်ရန် ပြောကြားမှုအပေါ် ဆွေမျိုးများ၏တောင်းဆိုချက်အရ ဖေရှိ့စ်(ခ)ဦးမျိုးခိုင်မှလည်း ဦးဇော်နိုင်အား ဖုန်းဖြင့်ပြောဆိုခဲ့သော်လည်း ဦးဇော်နိုင်မှမဆိုင်သောစကားများကိုသာပြောဆိုခဲ့ပြီး ဖုန်းချပစ်ခဲ့ပါကြောင်း။

ထို့ကြောင့် ယခင်ပေးပို့ခဲ့ပြီး နို့တစ်စာများနှင့် မဆန့်ကျင်စေဘဲ ဖေရှိ့စ်(ခ)ဦးမျိုးခိုင်ရရန်ရှိသော ငွေကျပ် ၄၅၂၂၈၀၀၀/- (ကျပ်လေးရာငါးဆယ့်နှစ်သိန်းနှစ်သောင်းရှစ်ထောင်တိတိ)ကို ဦးဇော်နိုင်နှင့်ဒေါ်ခင်မာဆွေတို့မှ ဖေရှိ့စ်(ခ)ဦးမျိုးခိုင်အား ပေးချေရန် ဆန္ဒမရှိသည်ကို တွေ့ရှိရပါသောကြောင့် တရားဥပဒေအရ အရေးယူဆောင်ရွက်သွားရန် ဖေရှိ့စ်(ခ)ဦးမျိုးခိုင် က ညွှန်ကြားသည့်အတွက် ယခုကဲ့သို့ ဦးဇော်နိုင်နှင့်ဒေါ်ခင်မာဆွေတို့အား အများသိစေရန် ကြေညာရခြင်းဖြစ်ပါသည်။

ဖေရှိ့စ်(ခ)ဦးမျိုးခိုင်

ညွှန်ကြားချက်ပေးသူ | **ညွှန်ကြားချက်အရ-**

ဦးစိုးလွင်(B.A(Law), LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၅၇၈၆)
အမှတ်(၄၄)အခန်း(၁၈)၊ ဒုတိယထပ်၊
(၃၆)လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း ၀၉ ၄၅၀၀၀၁၇၈၄

(ဦးမျိုးမင်းအောင်)
အထက်တန်းရှေ့နေ(LL.B)
(စဉ်-၂၈၁၄၀)

(ဒေါ်တင်မျိုးဝင်း) (LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၄၆၈)

စုံစမ်းမေးမြန်းနိုင်ပါသည်။
ဖုန်း ၀၉ ၅၀၃၈၂၄၃

ဒဂုံမြို့သစ်
အရှေ့ပိုင်း၊
တောင်ပိုင်း၊
ဆိပ်ကမ်း၊
မြေကွက်များအဆူး
09-73005053
09-5122010

မြေကွက်ဝယ်လိုသည်
ဒဂုံမြို့သစ်
အရှေ့ပိုင်း၊ တောင်ပိုင်း၊
ဆိပ်ကမ်း
မြေကွက်များဝယ်လိုသည်။
09 31589922
09 31268183

မြေကွက်ကျယ်ရောင်းမည်

ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ မြယမုံစမ်းရိပ်မြိုင် အဆင့်မြင့်အိမ်ရာ (Sony) အတွင်းရှိ မျက်နှာစာ ပေ(၂၀၀×၈၀) မြေကွက်ကျယ် ရောင်းမည်။

1Sqft=70000
Ph-095174219

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ အမှတ်-၂၅၂၊ ၆ လွှာ၊ ကျိုက္ကဆံလမ်း၊ ကျောက်မြောင်းရပ်ကွက်၊ တာမွေမြို့နယ်ရှိ ပေ(၂၅×၆၀) တိုက်ခန်းအား ဒေါ်ဇင်မာ မှတ်ပုံတင်အမှတ် [၁၂/တမန(နိုင်)၀၀၄၇၆၀] အမည်ပေါက်ဖြစ်သောတိုက်ခန်းအား ကျွန်ုပ်ဦးတင်မောင်မှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းများနှင့်တကွ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးတင်မောင်
ဖုန်း-၀၉-၅၁၀၅၆၄၈၊ ၀၉-၇၃၂၄၄၀၀၆

ကန့်ကွက်နိုင်ပါသည်

[illegible]

ကန့်ကွက်နိုင်ပါသည်

[illegible]

စိန်ငါးလုံး လေးဖက်နာသောက်ဆေး
ထုံကျဉ်ကိုက်ခဲခြင်း၊ ဒူးနာခါးနာခြင်း၊
အဆစ်အမျက်များတောင့်ရောင်ခြင်း၊
အထိုင်အထလေးခြင်း၊ အကိုင်အတွယ်မမြဲခြင်း
တို့အတွက် စိန်ငါးလုံးအမှတ်တံဆိပ်
လေးဖက်နာသောက်ဆေးကို သုံးစွဲပါ။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၃)ရပ်ကွက်၊ ၆၃ လမ်း၊ အမှတ်(၃၄)၊ (၇)ထပ်တိုက်၊ ခြောက်ထပ်ခြေရင်းခန်း၊ အလျား × အနံပေ(၁၂×၆၀)တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ဆိုင်သူဦးညဏ်ဝင်း[၁၀/မဒန(နိုင်)၁၀၃၉၁၉]ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၄၅၁/၂၀၀၅ ဖြင့်ရရှိသူ ဒေါ်စန်းစန်းထွေး[၁၀/သထန(နိုင်)၀၉၈၈၂၄]ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကိစ္စရပ်အပေါ် အကျိုးသက်ဆိုင်ခွင့်ရှိ၍ ကန့်ကွက်လိုသူများရှိပါက တရားဝင်ခိုင်လုံသောမူရင်းစာရွက်စာတမ်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စရပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ | **လွှဲအပ်ညွှန်ကြားချက်အရ-**
ဒေါ်ခင်မော်မော် | **ဦးစောဒေမီယံ(ရေနံ/ငြိမ်း)**
[၁၂/ဗတထ(နိုင်)၀၀၉၆၅၉] | **ဥပဒေဘွဲ့**

တရားလွှတ်တော်ရှေ့နေ(စဉ်-၄၇၄၈)
Blessing Law firm
အမှတ်-၆၂၊ ကျောက်မြောင်းလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၅၆၀၅၂၇၊ ၀၉-၇၃၀၈၁၆၅၉၊ ၀၉-၅၀၂၇၃၂၄

" ကင်ဆာကိုစအောင်နိုင်သူများ "

မြန်မာနိုင်ငံဆရာဝန်အသင်း သက်ကြီးဆရာဝန်များထောက်ကူအဖွဲ့မှ ကျင်းပမည့် Panel Discussion on "Against All Odds" Survivors of Cancer (ကင်ဆာကိုအောင်နိုင်သူများ) ပွဲကို ၂၈-၉-၂၀၁၃ (စနေနေ့) နံနက် ၉း၀၀ မှ ၁၂း၀၀ နာရီ အထိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမ(တေ) အမှတ် ၂၄၉ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့်စိတ်ပါဝင်စားသူမည်သူမဆိုအခမဲ့တက်ရောက်နိုင်ပါသည်။

သက်ကြီးဆရာဝန်များထောက်ကူအဖွဲ့
မြန်မာနိုင်ငံဆရာဝန်အသင်း

ဝမ်းနည်းကြေကွဲခြင်း

ဦးလောင်ပွေကီး(ခ)ဦးခင်

အသက်(၉၃)နှစ်

ဦးအောင်ရွှေ (Game City) ၏ ဖခင် ဦးလောင်ပွေကီး(ခ)ဦးခင် အသက်(၉၃)နှစ်သည် ၂၃-၉-၂၀၁၃ရက် နံနက်ပိုင်းတွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

၁။ ဦးနီ
(Shwe Mi Industrial Co.,Ltd.)

၂။ ဦးကျော်ခိုင်
(Myanma Ahla Construction Group)

၃။ ဦးအေးသောင်း
(Comet Co.,Ltd)

၄။ ဦးမောင်မောင်ကြီး
(Maung Maung Gyi Construction & Trading Co.,Ltd)

အထူးကျေးဇူးတင်ရှိခြင်း

ဆရာမဒေါ်ဖြူဖြူမြိုင် @ Daw Mary Myaing

အသက်(၆၇)နှစ်

၁၆-၉-၂၀၁၃(တနင်္လာနေ့)တွင် ခရစ်တော်၌အိပ်ပျော်သွားပြီးဖြစ်သော ဆရာမဒေါ်ဖြူဖြူမြိုင် @ Daw Mary Myaing နာမကျန်းစဉ် မိသားစုသဖွယ်ပြုစုစောင့်ရှောက်ပေးပါသော မင်္ဂလာတောင်ညွန့်မြို့နယ် ကန်ကော်ကလေးသီလရှင်လေးများ၏ဘိုးဘွားရိပ်သာမှ စစ္စတာရ်များနှင့် ဂေဟာမှလုပ်အားပေးများအားလည်းကောင်း၊ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးမှ ဆရာဝန်ကြီးဒေါက်တာဦးခင်မောင်အေးအားလည်းကောင်း၊ ခရစ်တော်၌အိပ်ပျော်သွားချိန် ဈာပနဝတ်ပြုဆုတောင်းအခမ်းအနားများဖြစ်မြောက်ရေးအတွက် အစမှအဆုံးတိုင် ဦးစီးဦးဆောင် ကူညီဆောင်ရွက်ပေးပါသော St. Mary's Cathedral ဘုရားရှိခိုးကျောင်းတော်ကြီး၏ ကျောင်းထိုင်ဘုန်းတော်ကြီး Fr. Donimic Thet Tin နှင့်လက်ထောက် ဘုန်းတော်ကြီး Fr. Eh Doh Kyaw တို့အားလည်းကောင်း၊ ဈာပနဝတ်ပြုမစ္ဆားတရားတော်ကြီးတွင် ပါဝင်ဆုတောင်းပေးကြသော ဘုန်းတော်ကြီးများ၊ ဘရာသာရ်များ၊ စစ္စတာရ်များ၊ ခနေ့ဖြူမှဆရာလေးဒေါ်နန္ဒာရီနှင့်သီလရှင်များ၊ ဘာသာသူများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မေတ္တာဖြင့်ကူညီပေးသော နာရေးကူညီမှုအသင်း(ရန်ကုန်)အားလည်းကောင်း၊ အဘက်ဘက်မှကူညီပေးပါသော St. Mary's Cathedral ဘုရားရှိခိုးကျောင်းတော်ကြီး၏ ဘုရားကျောင်းဂေါပကအဖွဲ့၊ ဘုရားကျောင်းဘာသာရေးအသင်းများနှင့်ကျေးဇူးတင်ထိုက်သူများအားလုံးကို ကျန်ရစ်သူမိသားစုမှ အထူးကျေးဇူးတင်ရှိပါကြောင်း။

မြိုင်မိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးလှမြင့် (၉၁)နှစ်

မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်၊ ဘာသာဗေဒဌာနမှူး၊ ပါမောက္ခဒေါက်တာစိုးစိုးမြင့်၏ ဖခင် ဦးလှမြင့် (၉၁)နှစ်သည် ၂၁-၉-၂၀၁၃ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်
ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ
မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးလှမြင့်

အသက်(၉၁)နှစ်

မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်၊ ဘာသာဗေဒဌာနမှူး၊ ပါမောက္ခဒေါက်တာစိုးစိုးမြင့်၏ ဖခင် ဦးလှမြင့် (၉၁)နှစ်သည် ၂၁-၉-၂၀၁၃ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဘာသာဗေဒဌာနမိသားစု
ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးလှမြင့်

အသက်(၉၁)နှစ်

မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်၊ ဘာသာဗေဒဌာနမှူး၊ ပါမောက္ခဒေါက်တာစိုးစိုးမြင့်၏ ဖခင် ဦးလှမြင့် (၉၁)နှစ်သည် ၂၁-၉-၂၀၁၃ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဘာသာဗေဒဌာနမိသားစု
မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်

ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာသန်းထွင့် (၅၁)နှစ်

(16th Batch BDS)

မေတ္တာအောင်သွားနှင့်ခံတွင်းဆေးခန်း

စိတ်သဘောထား ပြည့်ဝစွာ ကူညီစောင့်ရှောက်မှုအမြဲပေးသော ရိုးသားအေးချမ်းသော သူငယ်ချင်း ကိုသန်းထွင့် ကွယ်လွန်သွားပါ၍ ကျန်ရစ်သူ မတင်တင်အောင်၊ သား၊ သမီး မိသားစုတို့နှင့် ထပ်တူထပ်မျှ နှမြောတသ ဝမ်းနည်းကြေကွဲရပါတယ်။

သိမ်းကျော်-မျိုးမျိုးယု၊ တင်လှိုင်-ယဉ်ယဉ်သော်၊
စိုးသူရ-သီတာလှ၊ သန်းထွန်းအောင်-တင့်တင့်အောင်၊
နိုင်အောင်-ခင်မျိုးငြိမ်း၊ True Top Ten Co., မိသားစု

ဝမ်းနည်းကြေကွဲခြင်း

[illegible]

(TRI) [illegible]

M-44 [illegible]

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်အေးအေးမူ(မြိတ်)

အသက်(၅၆)နှစ်

၂၁-၉-၂၀၁၃ရက်(စနေနေ့) နံနက် ၈း၄၅နာရီတွင် ထိုင်းနိုင်ငံ ဗန်ကောက်ဆေးရုံ၌ ကွယ်လွန်သွားကြောင်းသိရပါသဖြင့် ကျန်ရစ်သူ မိသားစုနဲ့ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပုလဲမေသူငယ်ချင်းတစ်စု
အထက(၃)၊ ကျောင်းသူဟောင်းများ
မြိတ်မြို့။

ကျေးဇူးအထူးတင်ရှိခြင်း

ကျန်ကျင်းဟောင်း(ခ)ဦးမြင့်သိန်း(ကျွဲပွဲ၊ B.O.C)

အသက်(၉၈)နှစ်

၂၃-၉-၂၀၁၃ရက်(တနင်္လာနေ့)တွင် ကွယ်လွန်သွားသော ကျန်ကျင်းဟောင်း (ခ)ဦးမြင့်သိန်း၊ အသက်(၉၈)နှစ်အား နာမကျန်းဖြစ်စဉ်က ပြုစုကုသပေးပါသော အာရှတော်ဝင်ဆေးရုံကြီးမှ ပါမောက္ခ ဦးတင်လတ်(နှလုံးရောဂါအထူးကုဆရာဝန်ကြီး)၊ ပါမောက္ခ ဦးတင့်ဆွေလတ် (ပါမောက္ခချုပ်၊ ဆေးတက္ကသိုလ်-၂၊ ရန်ကုန်)၊ ပါမောက္ခဦးအောင်မြင့်(ခွဲစိတ်အထူးကုဆရာဝန်ကြီး)၊ ပါမောက္ခဦးခင်မောင်လွင်(နှလုံးနှင့်သွေးကြောခွဲစိတ်အထူးကုဆရာဝန်ကြီး)၊ ပါမောက္ခ ဒေါ်ဝင်းမင်းသစ် (ဦးနှောက်နှင့်အာရုံကြောအထူးကုဆရာဝန်ကြီး)၊ ပါမောက္ခ ဒေါ်ခင်သီတာသွင်(ဆီးနှင့်ကျောက်ကပ်အထူးကုဆရာဝန်ကြီး)၊ တွဲဖက်ပါမောက္ခ ဒေါ်ခင်စောသန်း(အထူးကုသမားတော်ကြီး)၊ သမားတော်ကြီးဒေါက်တာဇော်သန်းထွန်း၊ အထူးကုသမားတော်ကြီး ဒေါက်တာကျော်စွာလင်းနှင့် အာရှတော်ဝင်ဆေးရုံကြီးမှ ဆရာဝန်၊ သူနာပြုဆရာမများနှင့်ဝန်ထမ်းများကိုလည်းကောင်း၊ နာရေးကိစ္စတွင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြသော ညီအစ်ကိုမောင်နှမ ဆွေမျိုးမိတ်သင်္ဂဟများနှင့်တကွ အိမ်နီးချင်းများ၊ ရပ်မိရပ်ဖများ၊ တပည့်များ၊ ဖုန်းဖြင့်သော်လည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း၊ E-Mail, Facebookမှ တစ်ဆင့် အားပေးနှစ်သိမ့်ပေးခဲ့ကြသော ရပ်နီးရပ်ဝေးဆွေမျိုး မိတ်သင်္ဂဟများအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

ဒေါက်တာ ဒေါ်ဝင်းရီ(ခွဲစိတ်၊ ဆေး-၁)
ဒေါက်တာ ဒေါ်စန်းစန်းရီ(ခွဲစိတ်၊ ဆေး-မကွေး)
ကျန်ရစ်သူမိသားစု

တစ်လပြည့်လွမ်းဆွတ်သတိရခြင်း

ဦးအောင်လွင်

အသက်(၇၇)နှစ်

ဒုတိယဗိုလ်မှူးကြီး(ငြိမ်း) မြန်မာနိုင်ငံကုန်သည်များနှင့်
စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နာယက
မြန်မာနိုင်ငံဘဏ်များအသင်းအကြံပေး
(27-8-2013 မှ 27-9-2013)

တစ်လတာရှိသွားပေမယ့် တစ်နေ့မှ မေ့မရခဲ့ဘူး။ မိသားစုနှင့်အတူ ထပ်တူထပ်မျှ လွမ်းဆွတ်သတိရမိပါတယ်။

မောင်မောင်သန်းနှင့်အဖွဲ့ Co., LTD
ဦးစိန်ညွန့်၊ ကိုကျော်ရွှေ၊ ဦးကြည်ထွေး၊
Dr.ခင်ဇော်ကြူး၊ ဒေါ်ရီရီမြင့်နှင့် သပြုချိုင်မှ
အဖွဲ့သားများ

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးလှမြင့်

အသက်(၉၁)နှစ်

မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်၊ ဘာသာဗေဒဌာနမှူး၊ ပါမောက္ခဒေါက်တာစိုးစိုးမြင့်၏ ဖခင် ဦးလှမြင့် (၉၁)နှစ်သည် ၂၁-၉-၂၀၁၃ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ကိုရီးယားဘာသာဌာန
မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်

ကျေးဇူးတင်လွှာ

ကျွန်တော်၏ ချစ်လှစွာသောဇနီး မမြမြနိုင်(ခ)မမြတ်မွန်(ခ)သမီးလေး နေမကောင်းဖြစ်စဉ် အစွမ်းကုန်ကုသပေးခဲ့ကြသော အထူးကုဆရာဝန်ကြီးများနှင့် သူနာပြုဝန်ထမ်းများ၊ ဖုန်းဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ ဝိုင်းဝန်းသတင်းပေး အားပေးခဲ့ကြသော ဆွေမျိုးမိတ်ဆွေသူငယ်ချင်းများအားလည်းကောင်း၊ နာမကျန်းချိန်တွင် တရားရွတ်ဖတ်အားပေးစကားဟောပြောပေးခဲ့ကြသော ကျိုက္ကစံရွှေကျင်ကျောင်းတိုက်မှ ဆရာတော်နှင့်သံဃာတော်များအားလည်းကောင်း၊ ကွယ်လွန်သူ၏ နောက်ဆုံးခရီးစဉ်အတွင်း အဘက်ဘက်မှဝိုင်းဝန်းကူညီပေးခဲ့ကြသော ဦးကျော်သူ(ရန်ကုန်နာရေးကူညီမှုအသင်း)နှင့် အသင်းသားများ၊ မိတ်ဆွေ၊ တပည့်သားသမီးများအားလုံးကို လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။

ခင်ပွန်း ဦးစိုးမြင့်ဦးနှင့်
ကျန်ရစ်သူမိသားစု

ပျောက်ဆုံးကြောင်း

ကျွန်မ မဒေါင်စိုင်း မှတ်ပုံတင်အမှတ်[၁၃/သနန(နိုင်)၀၃၆၃၁၇]၏ Passport No.A-၃၃၂ ၈၆၉စာအုပ်မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၅၀၀၄၄၄၇၅**

တစ်ဦးတည်းဖြစ်ကြောင်း

ကျိုက်လတ်မြို့နယ်၊ သမက်ပြေကျေးရွာအုပ်စု၊ သမက်ပြေကျေးရွာနေ အဖ ဦးလှဦး၏သမီး မနုနုထွေး[၁၄/ကလန(နိုင်)၁၄၁၉၇၆]နှင့် မနုထွေးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဆီးဝမ်းလေအမှန် ပေါ့ပါးကျန်းမာမည်

အထူးဝမ်းနည်းကြေကွဲခြင်း

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အော်တိုတယ်လီဖုန်းဌာန အင်ဂျင်နီယာချုပ် ဒေါ်ချယ်ရီမျိုးတင့်၏မိခင် ဒေါ်တင်တင်ကြီး အသက်(၈၁)နှစ်သည် ၂၆-၉-၂၀၁၃ (ကြာသပတေးနေ့)မွန်းလွဲ ၂း၄၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အထွေထွေမန်နေဂျာနှင့် ရုံးအဖွဲ့
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်တင်တင်ကြီး
အသက်(၈၁)နှစ်

ဒေါ်ချယ်ရီမျိုးတင့်(အင်ဂျင်နီယာချုပ်၊ ရုံးချုပ် အခြေစိုက်အော်တိုတယ်လီဖုန်းစခန်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ရန်ကုန်မြို့)၏မိခင်ကြီး ဒေါ်တင်တင်ကြီး အသက်(၈၂)နှစ်သည် ၂၆-၉-၂၀၁၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒုတိယအထွေထွေမန်နေဂျာနှင့် ဝန်ထမ်းများ
နေပြည်တော်ကောင်စီနယ်မြေ

အထူးဝမ်းနည်းကြေကွဲခြင်း

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အော်တိုတယ်လီဖုန်းဌာန အင်ဂျင်နီယာချုပ် ဒေါ်ချယ်ရီမျိုးတင့်၏မိခင် ဒေါ်တင်တင်ကြီး အသက်(၈၁)နှစ်သည် ၂၆-၉-၂၀၁၃ (ကြာသပတေးနေ့) မွန်းလွဲ ၂း၄၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အော်တိုတယ်လီဖုန်းဌာန ရုံးဝန်ထမ်းမိသားစုများ
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

ဘုရားရဟန်းသိမ်ကျောင်းဒါယိကာမကြီး
ဒေါ်ထွေးတင် (၇၇)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြို့သစ် (က-ခ)ရပ်ကွက်၊ (ခ-၅)လမ်း၊ အမှတ်(၁၀၄)နေ (ဦးဘရှိန်-ဒေါ်အုန်းနွယ်)တို့၏သမီး၊ ရွှေပြည်သာမြို့နယ်၊ နိဗ္ဗိန္ဒကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ဦးကိတ္တိဝရ (ဦးခင်ဆွေ)၏ ရဟန်းဒါယိကာမ၊ (ဒေါ်ဆွေဆွေနိုင်)၊ ဆရာလေး ဒေါ်သီလဝတီ (ဒေါ်သန်းသန်းဆွေ)၊ ဦးတင်ဝင်း(ခ)ဦးထူးကျော်-ဒေါ်မိုးပြာ(ခ)အကြွယ်၊ ဒေါ်ခင်နှင်းဝေ၊ ဦးသက်နိုင်ဦး(ရွှေကြည်သာ ကားပစ္စည်း၊ ဘုရင့်နောင်ဈေး)-ဒေါ်ရီရီအုန်းတို့၏ မွေးသမိခင်၊ မြေး ၁၀ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွား ဒေါ်ထွေးတင်သည် ၂၅-၉-၂၀၁၃ (ဗုဒ္ဓဟူးနေ့) ည ၈း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၉-၂၀၁၃ (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁-၁၀-၂၀၁၃ (အင်္ဂါနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

မြို့မကျောင်းသား
ကျောင်းသူဟောင်းအသင်း
ဒေါ်မြင့်မြင့်စိန် (၇၁)နှစ်
မြို့မကျောင်းသူဟောင်း

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ ဉာဏရပ်ကွက်၊ စိန်ပန်းမြိုင်လမ်း၊ ခြံအမှတ်(၁၆၄)နေ ဗိုလ်မှူးတင်စိုး(ငြိမ်း)၏ဇနီးသည် ၂၁-၉-၂၀၁၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၉-၂၀၁၃ ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်များအား အကြောင်းကြားသိစေအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့

ဦးထွန်းလင်း (၄၃)နှစ်
(နိုင်)စာရေးကိရိယာ

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၈)ရပ်ကွက်၊ မဟာဆိုရှယ်လမ်း၊ အမှတ်(၃၂)နေ ဦးစိန်ပေါ-ဒေါ်ငွေးတို့၏သား၊ ဒေါ်ဝင်း (အထက-၅၊ ကမာရွတ်)၊ ဦးကျော်-ဒေါ်အေးအေးမြင့်၊ ဦးမော်သာထွေး (ညွှန်ကြားရေးမှူးချုပ်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)-ဒေါ်ခင်ခင်ကြီး (ဌာနမှူး၊ အင်္ဂလိပ်စာဌာန၊ မွေး/ဆေးတက္ကသိုလ်)၊ ဦးကျော်နိုင်၊ ဦးတင်ဇော်၊ ဦးဝင်းတင့်-ဒေါ်သန္တာစိန်တို့၏ ညီ/မောင်၊ ဦးအောင်ကျော်အေး-ဒေါ်ခင်သန္တာမြင့်၊ ဦးထိန်လင်း၊ ဦးရွှေလင်း-ဒေါ်အိကလျာသိန်းတို့၏အစ်ကို မမြတ်ဖူးခိုင်၊ မနှင်းရည်ရွှန်းလဲ့တို့၏ ဦးလေး၊ မောင်ခန့်တေဇကျော်၊ မောင်အောင်မြင့်မိုရ်တို့၏ဘကြီး ဦးထွန်းလင်းသည် ၂၅-၉-၂၀၁၃ (ဗုဒ္ဓဟူးနေ့) ညနေ ၃း၄၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၉-၂၀၁၃ (သောကြာနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမောင်နှမများ

ဦးသန်းမြင့် (၉၆)နှစ်
(သထုံ)(ဖာပွန်)

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ တိုက်(၂၁၃)၊ အခန်း(၁၀)နေ (ဦးဖိုးချစ်-ဒေါ်မြမြ)တို့၏သား၊ (ဦးခင်-ဒေါ်ငွေညွှန့်)တို့၏ သားသမက်၊ (ဒေါ်ခင်ခင်စီ)၏ခင်ပွန်း၊ (ဦးအုံးသွင်-ဒေါ်မကြီး)တို့၏ ညီ/မောင်၊ ဦးအုံးမြင့်၊ (ဦးတင်လှ)၊ ဒေါ်မေမေလှိုင်၊ ဒေါ်မေမေညွှန့်၊ ဒေါ်ခင်ခင်ရီတို့၏အစ်ကို၊ ဦးလှဝေ-ဒေါ်ခင်ခင်အုံ(ဆညန-ငြိမ်း)၊ (ဦးကျော်ဝင်း)-ဒေါ်ခင်ခင်ဝေ (လ/ထညွှန်မှူး-ငွေ၊ သတ္တုတွင်း၊အမှတ်-၁၊ ငြိမ်း)၊ ဦးအုန်းမြင့်(ဗက-ငြိမ်း)-(ဒေါ်ညိုညိုသန်း)၊ ဦးဝင်းမြင့်-ဒေါ်ထားထားရီ(ဒု-ညွှန်၊ စညန၊ အမှတ်-၁၊ စက်မှု)တို့၏ဖခင်၊ မောင်အာကာကျော်ဝင်း၊ မောင်ဝေဖြိုး၊ မောင်ဝင်းသိန်းအောင်တို့၏အဘိုး ဦးသန်းမြင့်သည် ၂၆-၉-၂၀၁၃(ကြာသပတေးနေ့) နံနက် ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂-၁၀-၂၀၁၃ (ဗုဒ္ဓဟူးနေ့) နံနက် ၈နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဒေါ်ခင်လှလှ(မြိတ်)
အသက်(၈၈)နှစ်

ဝဏ္ဏကျော်ထင် အိမ်တော်ဝန် (ဦးမောင်ကလေး-ဒေါ်သိန်းသိန်း)တို့၏ သမီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဦးဝိစာရအိမ်ရာ၊ တိုက်(၁၄)၊ အခန်း(၁၁)နေ [ဗိုလ်မှူးမောင်မောင်ကြီး(လေ) (ငြိမ်း)]၏ဇနီး၊ ဦးသိန်းဦး၊ ဦးသန်းငွေ(USA)-[ဒေါ်သန်းသန်းနွယ်(USA)]၊ (ဦးစိန်ဟုတ်)-ဒေါ်မြင့်မြင့်စန်း (လ/ပြ၊ အထက-၁၊ ဒဂုံ)တို့၏ ချစ်လှစွာသောမိခင်၊ Danny Ballard Maung-Erin Ballard Maung (USA)၊ မောင်ပြည့်စုံကောင်းခန့် (2nd M.B.,B.S၊ ဆေး-၁)တို့၏ ချစ်လှစွာသောအဘွား၊ El, Gabe တို့၏ဘွားဘွားကြီး ဒေါ်ခင်လှလှသည် ၂၅-၉-၂၀၁၃ (ဗုဒ္ဓဟူးနေ့) ည ၇း၄၀နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၇-၉-၂၀၁၃ (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၁၀-၂၀၁၃(အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

မြိတ်မြို့နယ်အသင်း(ရန်ကုန်)
ဒေါ်ရှုကြည်(မြိတ်)
အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ အုတ်လမ်း၊ အမှတ်(၁၂၁)နေ (ဦးဂွမ်ကြည်)၏ဇနီး ဒေါ်ဂင်မူ (ရာသက်ပန်အသင်းဝင်အမှတ်-၅၁၅၂)၏မိခင်သည် ၂၅-၉-၂၀၁၃(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၉-၂၀၁၃(သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့

ဦးတင်မောင်သန်း (၈၃)နှစ်
ဒုတိယညွှန်ကြားရေးမှူး
(လဝက-ငြိမ်း)

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ စုပေါင်း(၂၃) ရပ်ကွက်၊ ယင်းမာမြိုင်လမ်းသွယ်၊ အမှတ်(၃၈/၁)နေ (ဦးထွန်းမြတ်-ဒေါ်တင်တင်)တို့၏သား၊ ဒေါ်တင်တင်လေး၏ခင်ပွန်း၊ ဦးကျော်သီဟ-ဒေါ်သွယ်သွယ်လှိုင်၊ ဒေါ်ချမ်းငြိမ်းတင်မောင်သန်း၊ ဦးဖြိုးသီဟ-ဒေါ်အိအိစိုးတို့၏ ဖခင်၊ မဟေသွယ်ရှင်းသန့်၏အဘိုးသည် ၂၆-၉-၂၀၁၃ (ကြာသပတေးနေ့) မွန်းလွဲ ၁း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂-၁၀-၂၀၁၃ (ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ကျောက်တန်းမြို့နယ်အသင်း(ရန်ကုန်)
ဒေါ်စောမြင့်(ခ)ဒေါ်ရီစီ
အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၂၈)လမ်း၊ အမှတ်(၂၀၅)နေ ရာ/အသင်းဝင် ဒေါ်စောမြင့်(ခ)ဒေါ်ရီစီသည် ၂၅-၉-၂၀၁၃(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၉-၂၀၁၃ (သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းသူ/သားများ လိုက်ပါပို့ဆောင်ကြပါရန် အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) အမှုဆောင်အဖွဲ့

ဘုရား၊ ကျောင်းမြေ ဒါယကာကြီး
ဦးစိုးသိန်း(ကြာကန်) (၆၆)နှစ်
ဒုအရာခံဗိုလ်-စစ်ဆင်ရေး(လေ)ငြိမ်း

လပွတ္တာမြို့နယ်၊ ကြာကန်ကျေးရွာနေ (ဦးဝင်းကြည်-ဒေါ်မြသိန်း)တို့၏ သားကြီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊(၃၅)ရပ်ကွက်၊ ကန်သာယာ (၁)လမ်း၊ အမှတ်(၁၁၇၂)နေ ဦးတက်-(ဒေါ်လှအေး)တို့၏သားသမက်၊ ဦးကြည်သန်း-ဒေါ်စန်းစန်းရီ၊ ဦးလှမြင့်-(ဒေါ်တင်တင်အေး)၊ ဦးထွန်းရီ-ဒေါ်မြင့်မြင့်စိုး၊ ဦးဉာဏ်လင်း-(ဒေါ်မြင့်မြင့်ငွေ)၊ ဦးခင်ကြည်-(ဒေါ်တင်တင်ဝေ)၊ ဒေါ်သန်းသန်းအေး၊ (ဦးစိုးဟန်)-ဒေါ်ခင်အုန်းမြင့်၊ (ဦးအေးမြင့်)-ဒေါ်ခင်ငွေရီ (ဦးစန်ဝင်း)-ဒေါ်စန်းစန်းမြိုင်၊ ဒေါ်အေးအေးသန်း၊ ဦးနီ-ဒေါ်ခင်မာအေးတို့၏ညီ/မောင်၊ မောင်ဇော်မင်းဦး၊ မောင်ကျော်စိုးလွင်-မထက်ထက်အောင်၊ မောင်ဖြိုးဝေဝင်း-မအေးသန္တာစိုးတို့၏ မွေးသဖခင်၊ ဒေါ်သန်းသန်းငွေး၏ ချစ်လှစွာသော ခင်ပွန်း၊ တူ/တူမ/မြေး ၂၅ယောက်၊ မြေးမလေး အက္ခရာသွန်းချိုလေး၏ ဘိုးဘိုးကြီးသည် ၂၆-၉-၂၀၁၃(ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၉-၂၀၁၃(စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂-၁၀-၂၀၁၃ (ဗုဒ္ဓဟူးနေ့)တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၅) ရပ်ကွက်၊ ကန်သာယာ(၁)လမ်း၊ အမှတ်(၁၁၇၂)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဒေါ်ခင်မြမြခိုင် (၅၃)နှစ်
ပန်းဥယျာဉ်နှင့်
အားကစားကွင်းများဌာန
ပစ္စည်းထိန်း(၂)(ငြိမ်း)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ အောင်သိဒ္ဓိ(၅)လမ်း၊ အမှတ်(၃၉၂/ခ)နေ (ဦးရွှေဦးခိုင်)-ဒေါ်ခင်နွဲ့တို့၏ သမီး၊ ဦးသောင်းငွေး၏ဇနီး၊ ကိုမောင်မောင်ထွန်း-မခိုင်မြတ်မွန်၊ ကိုရဲထွဋ်အောင်၊ မခိုင်သိမ့်မွန်တို့၏မိခင်၊ ဦးဝင်းမြင့်-ဒေါ်မေသန်းနွယ်၊ (ဦးဖေမြင့်)-ဒေါ်ငွေငွေတို့၏ညီမ၊ ဦးအောင်ကြည်မြင့်-ဒေါ်တင်တင်နွဲ့၊ ဦးကျော်ကျော်ဦး-ဒေါ်သီသီဝင်းတို့၏အစ်မ၊ မောင်ရဲရန်နိုင်၏အဘွားသည် ၂၆-၉-၂၀၁၃ (ကြာသပတေးနေ့) နံနက် ၇း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၉-၂၀၁၃ (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၁၅နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်သန်းရီ(ကျွန်းလှ)
အသက်(၈၈)နှစ်

ကျွန်းလှမြို့နေ (ဦးသာဂျမ်း-ဒေါ်စောလှိုင်)တို့၏သမီး၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အလုံလမ်း၊ အမှတ်(၁၆၄)၊ သုံးလွှာနေ (ဦးဘသင်း)၏ဇနီး၊ (ဦးခင်မောင်ဦး)-ဒေါ်ကြည်ကြည်ဝင်း၊ ဦးဇော်ညွှန့် (မြန်မာ့သင်္ဘောကျင်းလုပ်ငန်း)-ဒေါ်မူမူသင်း၊ ဦးမြင့်အောင်-ဒေါ်ရီရီသင်း၊ ဦးအောင်ခင်မြင့်-ဒေါ်ကြည်ကြည်သင်းတို့၏ မိခင်၊ မြေး ၁၁ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၂၆-၉-၂၀၁၃ရက် နံနက် ၇း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၉-၂၀၁၃(စနေနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(အထက်ပါနေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
ဒေါ်စန်းမြင့် (၆၇)နှစ်
(ကွမ်းခြံကုန်း)

ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့နယ်၊ ဈေးပိုင်းရပ်ကွက်၊ သုံးပန်လုလမ်း၊ အမှတ်(၉၃)နေ (ဦးအေးဖေ-ဒေါ်ထွေး)တို့၏သမီး၊ (ဦးစံညွှန့်-ဒေါ်ဖွားနှစ်)တို့၏သမီးချွေးမ၊ ဆရာဦးသိန်းလွင်၏ဇနီး၊ (မောင်မောင်သော်ထက်)-မကြည်ကြည်ဦး၊ မောင်မောင်ဇေထက်၊ ဗိုလ်မှူးစိုင်းထက်-ဒေါ်စန်းစန်းဝေတို့၏မိခင်၊ မြေးငါးယောက်တို့၏အဘွားသည် ၂၆-၉-၂၀၁၃ရက် နံနက် ၇း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၈-၉-၂၀၁၃ရက် မွန်းတည့် ၁၂နာရီတွင် ကွမ်းခြံကုန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
ဒေါ်အေးအေးသန်း (၅၇)နှစ်
လမ်း(၅၀)

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်၊ မဟာဗေဒလမ်း၊ အမှတ်(၄)၊ ခြောက်လွှာ(B)နေ [ဦးခင်အေး(ကြေးမုံ)-ဒေါ်သန်းတင်]တို့၏သမီး၊ (ဦးခိုင်ထူးသန့်)၏ဇနီး၊ ဒေါ်လှမြင့်၏ညီမ၊ ဒေါ်သန်းသန်းငွေး၊ (ဒေါ်တင်တင်ငွေး)၊ ဦးစိုးနိုင်၊ ဒေါ်တင်တင်လေး၊ (ဒေါ်အေးအေးသိမ့်)တို့၏အစ်မ၊ ကိုကြည်လင်းသန့်-မခင်မာလာမျိုး၊ မောင်ပိုင်စိုးသန့်တို့၏မိခင်၊ မောင်မိုးမြင့်သန့်၏ ချစ်လှစွာသောအဘွားသည် ၂၆-၉-၂၀၁၃(ကြာသပတေးနေ့)နံနက် ၆း၃၀နာရီတွင် ဗဟိုရ်စည်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၉-၂၀၁၃(စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ရေကျော်၊ ဇီဇဝါလမ်း၊ အမှတ်(၃၇)၊ ပထမထပ်နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။] [ကွယ်လွန်သူအားရည်စူး၍ ၂-၁၀-၂၀၁၃(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရေကျော်၊ ဇီဇဝါလမ်း၊ အမှတ်(၃၇)၊ ပထမထပ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

အစ်မကြီးသဖွယ် ချစ်ခင်လေးစားရပါသော ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်၊ မဟာဗေဒလမ်း၊ အမှတ်(၄)ခြောက်လွှာ(B)နေ အစ်မကြီး ဒေါ်အေးအေးသန်းသည် ၂၆-၉-၂၀၁၃(ကြာသပတေးနေ့) နံနက် ၆း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒေါ်ချိုချိုမိသားစုနှင့်
ဝန်ထမ်းများ

ဒေါ်ခင်စော
အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်၊ (၄)ရပ်ကွက်၊ မြစ်ငယ်လမ်း၊ အမှတ်(၈၉)နေ ဦးသောင်းစိန်-(ဒေါ်ဝိုင်း)တို့၏သမီး၊ ဦးအေးကျော်၏ဇနီး၊ ကိုရဲဇော်ထွန်း၊ မနှင်းအိကျော်၊ မပွင့်ဖြူကျော်တို့၏မိခင်သည် ၂၆-၉-၂၀၁၃ (ကြာသပတေးနေ့)နံနက် ၃း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၉-၂၀၁၃(စနေနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးစံဝင်း (၇၄)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အုတ်ကျင်း၊ မာလာမြိုင်(၄)လမ်း၊ အမှတ်(၉၉)နေ (ဦးအောင်ဘွန်ကျန်-ဒေါ်စွန်တီ)တို့၏ သား၊ ဦးအောင်မြင့်ဦး-ဒေါ်သိန်းသိန်းဝင်းတို့၏ ကျေးဇူးရှင်ဖခင်၊ မောင်ရဲထက်အောင်၊ မသင်းမြတ်အောင်၊ မရတနာအောင်တို့၏အဘိုး ဦးစံဝင်းသည် ၂၆-၉-၂၀၁၃ရက် မွန်းလွဲ ၁၂း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၉-၂၀၁၃ (စနေနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရားရဟန်းသိမ်ကျောင်းဒါယကာကြီး
ဦးမိုးဆွေ(ခ)ဦးစိန်အောင်
အသက်(၇၂)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ဘုရားကလေးကျေးရွာ၊ ခင်တန်းကြီးရပ်နေ (ဦးမောင်ဒွေး-ဒေါ်တင်)၊(ဦးကျောက်-ဒေါ်သောင်းငွေ)တို့၏ သား/သမက်၊ ဒေါ်မြကြည်၊ ဒေါ်ပေစိ၊ ဦးအောင်ရွှေ-ဒေါ်သန်းသန်းချိုတို့၏ ညီ/မောင်၊ ရန်ကုန်မြို့နေ ဒေါက်တာသိန်းငွေ-ဒေါ်နန်းဟိမ်းခမ်းတို့၏ဦးလေး၊ ဘုရားကလေးကျေးရွာ၊ ခင်တန်းကြီးရပ်နေ ဒေါ်အေးရီ၏ခင်ပွန်း၊ ကိုသိန်းဇော်-မဥမ္မာဆွေ၊ မခက်မာဆွေ၊ ကိုကျော်စွာမိုး (Unitine Marine)-မသန္တာညွှန့်ဝေ(B.Sc, Bot;)၊ ကိုစိုးမင်းသိန်း(Mirico Marine)-မညိုမီမီလွင် (အမက၊ သပြေရိုး)တို့၏ဖခင်၊ မောင်ဝေယံသော်၊ မောင်ဖုံရဲသော်-မသဲပို၊ မောင်လပြည့်သော်၊ မောင်ကောင်းထက်သော်၊ မောင်သန့်ထူးသော်၊ မောင်ဇွဲသန့်ထက်တို့၏ ချစ်လှစွာသောအဘိုးသည် ၂၅-၉-၂၀၁၃(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါ၍ ၃-၁၀-၂၀၁၃ရက်တွင် သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

မြိတ်မြို့နယ်အသင်း(ရန်ကုန်)
ဒေါ်ခင်လှလှ(မြိတ်)
ရာသက်ပန်အသင်းဝင်အမှတ်(၄၂၀)
အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဦးဝိစာရအိမ်ရာ၊ တိုက်(၁၄)၊ အခန်း(၁၁)နေ (ဗိုလ်မှူးမောင်မောင်ကြီး-ငြိမ်း၊ မြိတ်အသင်း နာယကဟောင်း)၏ဇနီးသည် ၂၅-၉-၂၀၁၃(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၉-၂၀၁၃(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (မြိတ်အသင်းနှင့် နေအိမ်တို့မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) အမှုဆောင်အဖွဲ့

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါ်ခင်ဆွေဝင်း @
NAW RITA LONE (၇၆)နှစ်
ကထိက(ငြိမ်း)
သူနာပြုတက္ကသိုလ်(ရန်ကုန်)

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၃) ရပ်ကွက်၊ ပဏ္ဍိတာရာမကျောင်းလမ်း၊ အမှတ် (၁၂/၁၃)နေ ဦးတင်အောင် (ရန်ကုန်တိုင်းဒေသကြီး၊ အခွန်ဦးစီးဌာနမှူး-ငြိမ်း၊ ပြည်တွင်းအခွန်များဦးစီးဌာန)၏ ချစ်လှစွာသောဇနီး၊ ကိုစိန်ဝင်းထွန်း-မမျိုးမျိုးထွေး၊ ဒေါက်တာမြတ်သူသူဝင်းတို့၏ ချစ်လှစွာသောမွေးသမိခင်၊ မောင်အောင်မျိုးမြင့် (အထက-၂၊ ကမာရွတ်)၏ ချစ်စွာသောအဘွား နော်ရီတာလုံး(ခ)ဒေါ်ခင်ဆွေဝင်းသည် ၂၅-၉-၂၀၁၃ (ဗုဒ္ဓဟူးနေ့) ည ၈း၀၂ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၇-၉-၂၀၁၃(သောကြာနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန် ကရင်နှစ်ခြင်းခရစ်ယာန်ခန်းမဆောင်၌ ဝတ်ပြုကိုးကွယ်ပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တပဏ္ဍဝ
သိက္ခာတော်(၇၁)ဝါ၊ သက်တော်(၉၁)နှစ်

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ တောင်ပြင် ဒက္ခိဏာရာမဘုရားကြီးတိုက်၊ နဂါးကျောင်း ပဓာနနာယကဆရာတော်ဖြစ်တော်မူသော ဘဒ္ဒန္တပဏ္ဍဝ သက်တော်ရှည်မဟာထေရ်မြတ်ကြီးသည် (၁၃၇၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၆ရက်) နံနက် ၁း၄၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ရက်)၂၉-၉-၂၀၁၃(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် တောင်အင်းမြောက်အင်းသုသာန်သို့ ပင့်ဆောင်၍ အန္တိမအဂ္ဂိဈာပနကျင်းပပူဇော်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

တပည့်သံဃာများနှင့်
ဒါယကာ၊ ဒါယိကာမများ

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါ်တင်တင်ကြီး
(Minnie Min)
အသက် (၈၁)နှစ်

ရန်ကုန်မြို့၊ သီတာလမ်းနေ(ဦးစိုးမင်း-ဒေါ်ဒေါ်စု)တို့၏မြေး၊ ပဲခူးမြို့နေ (ဦးသောင်း-ဒေါ်တင်တင်မေ)တို့၏သမီး၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၄) ရပ်ကွက်၊ ကျောင်းလမ်း၊ အမှတ်(၂၀)နေ ဒေါက်တာဦးမျိုးတင့်၏ဇနီး၊ ဒေါ်ချယ်ရီမျိုးတင့်(ဆက်သွယ်ရေး)၊ ဒေါက်တာဒေါ်အေးအေးတင့်(ဗဟိုအမျိုးသမီးဆေးရုံကြီး)၊ ဦးကျော်တင့်(ခေတ္တ-UK)တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ ဒေါ်တင်တင်လေး-(ဦးစိုးလှိုင်)၊ ဒေါ်တင်တင်ထွေး-ဦးလွင်ဆွေ၊ ဒေါ်နန်းခင်မွှေး(လွယ်လင်)၊ ဒေါ်နန်းခင်ထွေး-ဦးစိုင်းရွက်(ကျိုင်းတုံ)တို့၏ အစ်မသည် ၂၆-၉-၂၀၁၃ရက် မွန်းလွဲ ၂း၅၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၈-၉-၂၀၁၃(စနေနေ့) နံနက် ၁၀နာရီတွင် ကျောက်ကုန်းလမ်း၊ အမှတ်(၁၄)၊ (၁၄)ရပ်ကွက်၊ ကံဘဲ့နှစ်ခြင်းခရစ်ယာန် ဘုရားရှိခိုးကျောင်း၌ ဝတ်ပြုကိုးကွယ်ပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ကံဘဲ့နှစ်ခြင်း ခရစ်ယာန်ဘုရားရှိခိုးကျောင်းမှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။)ကျန်ရစ်သူမျှသားစု

တပ်ကြပ်ကြီးဒေါ်လှနု (၇၄)နှစ်
တပ်မတော်(လေ)ငြိမ်း၊ လေ/၁၁၁၄၇

ရန်ကုန်မြို့၊ လှိုင်မြို့နယ်နေ(ဦးထွန်းရှင်-ဒေါ်သန်းမြင့်)တို့၏သမီး၊ ဦးချစ်ထွေး-(ဒေါ်မြရွှေ)တို့၏ညီမ၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂)ရပ်ကွက်၊ ရွှေပြည်သာ(၂)လမ်း၊ အမှတ်(၁၂၈၁)နေ [ဦးသန်းနွယ်(အကောက်ခွန်မှူး-ငြိမ်း)]၏ဇနီး၊ ဦးလှထွန်း၊ ဒေါ်အေးမြင့်(ကျောင်းအုပ်ကြီး၊ အမက-၂၊ ဗိုလ်တထောင်)၊ ဒေါ်ခင်မာဝေ(ကျောင်းအုပ်ကြီး၊ အမက-၄၊ ကြည့်မြင်တိုင်)၊ ဦးသန်းဝင်း-ဒေါ်မြင့်မြင့်အေးတို့၏အစ်မ၊ ဦးဇော်မင်းဦး-ဒေါ်အေးမျိုးခိုင်(စိန်တောင်တန်းစားသောက်ဆိုင်၊ အောင်မင်္ဂလာအဝေးပြေးဝင်း၊ မ/ဥက္ကလာ)၊ ဗိုလ်ကြီးသိန်းရွှေဝင်း(ငြိမ်း)[ဒု-ညွှန်မှူး၊ လဝက၊နေပြည်တော်]-ဒေါ်ချိုချိုနွယ်၊ ဦးသိန်းဇော်ဝင်း-ဒေါ်ဆွေဆွေသန်း၊ ဦးဇော်ဝင်းထွေး-ဒေါ်အေမီထွန်း(အထက-တမူးမြို့)တို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မဇင်ဇင်မင်းဦး၊ မောင်ထူးပြည့်ဝင်း၊ မချယ်ရီမင်းဦး၊ မဖူးပွင့်သိန်း၊ မောင်သော်ဇင်မင်းဦးတို့၏ အဘွား ဒေါ်လှနုသည် ၂၆-၉-၂၀၁၃(ကြာသပတေးနေ့)နံနက် ၇း၄၅နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၉-၂၀၁၃ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်ယဉ်ယဉ်မြ (၆၂)နှစ်
လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန
B.Sc (Chemistry), M.Sc(Thesis) RASU

အမှတ်(၄၃)၊ ပထမထပ်၊ မင်္ဂလာလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့နေ [ဦးအုန်းခင်-ဒေါ်ခင်မေနွဲ့ (စာတိုက်မှူးကြီး)]တို့၏သမီး၊ [ဦးသိန်းလွင် (3D Computer)]-ဒေါ်ခင်ခင်စန်းတို့၏ ချစ်လှစွာသောညီမ၊ ကိုစည်သူလွင် [B.A (English) YUFL (Info Solve Co., Ltd)]၊ မဇာခြည်လွင် [B.A (English) YUFL)၊ ဒေါက်တာအာကာလွင် (I.M/1)တို့၏ ချစ်လှစွာသောအဒေါ် ဒေါ်ယဉ်ယဉ်မြသည် ၂၅-၉-၂၀၁၃(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂း၂၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၉-၂၀၁၃(တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်နွယ်နီသန်း (၅၈)နှစ်
B.A(Philosophy)
ဟိုတယ်/ခရီး(ငြိမ်း)

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဦးဝိစာရ အိမ်ရာ၊ တိုက်(၅)၊ အခန်း (၇)နေ (ဦးအောင်သန်း-ဒေါ်မေသိန်း)တို့၏သမီးငယ်၊ ဒေါ်အေးကြည်၊ (ဦးစောလှိုင်)၊ ဒေါ်ငွေး(မြေနီကုန်း)တို့၏ တူမ၊ ဒေါ်မူမူသန်း၊ ဦးတိုးအောင်-ဒေါ်ယုယ(UK)၊ (ဒေါက်တာဦးသိန်းဦး)-ဒေါ်စုစုသန်း(UK)တို့၏ညီမ၊ ဦးခင်မောင်မြင့်၏ ချစ်လှစွာသောဇနီး၊ ကိုနန္ဒလင်း-မအေး ဥမ္မာအောင်(UK)တို့၏ ချစ်လှစွာသော မိခင်သည် ၂၅-၉-၂၀၁၃ (ဗုဒ္ဓဟူးနေ့) နံနက် ဝဝး၂၅နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၉-၂၀၁၃ (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဦးထွန်းလင်း (၄၃)နှစ်
နိုင်စာရေးကိရိယာ

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၈)ရပ်ကွက်၊ မဟာဆိုရှယ်လမ်း၊ အမှတ် (၃၂)နေ ဦးစိန်ပေါ-ဒေါ်ငွေးတို့၏သား၊ (ဦးကြည်လှ-ဒေါ်တင်ကြည်)တို့၏ သားသမက်၊ မောင်သန်းထွဋ်အောင် (Grade-IV-A၊ အထက-၅၊ ကမာရွတ်)၏ ဖခင်၊ ဒေါ်ဇင်ဇင်ခိုင်လှ၏ ချစ်လှစွာသောခင်ပွန်း ဦးထွန်းလင်းသည် ၂၅-၉-၂၀၁၃ (ဗုဒ္ဓဟူးနေ့) ညနေ ၃း၄၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၉-၂၀၁၃ (သောကြာနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်ကြေးမုံစာတည်းမှူး ၀၆၇-၃၆၁၂၆၊ တာဝန်မှူး ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊ မေးလ် themirror.npt@gmail.com၊ ရန်ကုန်ရုံးခွဲ အမှတ် ၇၇၊ ၅၂လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊ မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၂၉၉၄၂၇၊ ၀၁-၂၉၁၈၃၁၊ R/184

မြန်မာ့တပ်မတော်ရေးရာများအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်

နေပြည်တော်　　စက်တင်ဘာ　　၂၆

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အမေရိကန်နိုင်ငံ သမ္မတဟောင်း နိုဗယ်ငြိမ်းချမ်းရေးဆုရှင် Mr. Jimmy Carter ဦးဆောင်သော ဗြိတိန်နိုင်ငံ လန်ဒန်မြို့အခြေစိုက် The Elders အဖွဲ့ဝင်များအား ယနေ့နံနက် ၈ နာရီ ၃၅ မိနစ်တွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံသည်။

အဆိုပါ တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး အမေရိကန် သမ္မတဟောင်း နိုဗယ်ငြိမ်းချမ်းရေးဆုရှင် Mr. Jimmy Carter နှင့်အတူ ဖင်လန်နိုင်ငံသမ္မတဟောင်း နိုဗယ်ငြိမ်းချမ်းရေးဆုရှင် Mr. Martti Ahtisaari၊ နော်ဝေနိုင်ငံ ဝန်ကြီးချုပ်ဟောင်း Dr. Gro Harlem Brundtland နှင့် ဗြိတိန်နိုင်ငံ လန်ဒန်မြို့အခြေစိုက် The Elders အဖွဲ့မှ အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာ၌ ဒီမိုကရေစီအသွင်ကူးပြောင်းရေးတွင် ဒီမိုကရေစီကျင့်စဉ်များအတိုင်း ဆောင်ရွက်နေမှု၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ၏ အခန်းကဏ္ဍ၊ တပ်မတော်အနေဖြင့် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာ တပ်မတော်များနှင့် ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှု၊ ကုလသမဂ္ဂ ငြိမ်းချမ်းရေးတပ်ဖွဲ့များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်မှုဆိုင်ရာများနှင့် **စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမေရိကန်နိုင်ငံ သမ္မတဟောင်း နိုဗယ်ငြိမ်းချမ်းရေးဆုရှင် Mr. Jimmy Carter အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံနှင့် အင်ဂိုလာနိုင်ငံတို့ သံတမန်အဆက်အသွယ်ထူထောင်

နေပြည်တော်　　စက်တင်ဘာ　　၂၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် အင်ဂိုလာသမ္မတနိုင်ငံတို့သည် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းပါ မူကြီးများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတို့ကိုအခြေခံပြီး သံတမန်ဆက်သွယ်ရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်းတို့နှင့်အညီ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရေးကို ထူထောင်လိုသည့် ဆန္ဒရှိကြသည့်အားလျော်စွာ ၂၀၁၃ ခုနှစ် စက်တင်ဘာ ၁၉ ရက်မှ စတင်၍ နှစ်နိုင်ငံအကြား သံအမတ်ကြီးအဆင့်ဖြင့် သံတမန်အဆက်အသွယ် ထူထောင်ကြသည်။

နှစ်နိုင်ငံ သံတမန်အဆက်အသွယ် ထူထောင်သည့် ပူးတွဲကြေညာချက်ကို ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်နှင့် ကုလသမဂ္ဂဆိုင်ရာ အင်ဂိုလာအမြဲတမ်းကိုယ်စားလှယ်တို့သည် ၂၀၁၃ ခုနှစ် စက်တင်ဘာ ၁၉ ရက်တွင် နယူးယောက်မြို့၌ လက်မှတ်ရေးထိုးခဲ့ကြသည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့နိုင်ငံများနှင့် သံတမန်ဆက်ဆံမှုတိုးချဲ့ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ အင်ဂိုလာသမ္မတနိုင်ငံသည် မြန်မာနိုင်ငံ၏ (၁၁၄)နိုင်ငံမြောက် သံတမန်ဆက်ဆံရေး ထူထောင်သည့် နိုင်ငံဖြစ်သည်။

(သတင်းစဉ်)

စစ်တောင်းမြစ်ရေ ၂၄ နာရီအတွင်း စိုးရိမ်ရေမှတ်သို့ရောက်နိုင်

နေပြည်တော်　　စက်တင်ဘာ　　၂၆

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့၌ ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၁၃ စင်တီမီတာ (သုည ဒသမ ၄ ပေခန့်)တွင် ရောက်ရှိနေပြီး ယနေ့မွန်းတည့်မှနောက် ၂၄ နာရီအတွင်း စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

ယနေ့
မာတိကာ

ပျားတုပ်ခံရမှုကြောင့် တရုတ်နိုင်ငံတွင် လူ ၁၈ ဦးသေဆုံး
စာမျက်နှာ ✧ ၅

ကိုဝင်းဇော်ဦး ခွဲစိတ်ကုသမှုအောင်မြင်၍ ပြန်လည်ရောက်ရှိ
စာမျက်နှာ ✧ ၈

တနင်္သာရီမြစ်ရေ ဆက်လက်မြင့်တက်မှုကြောင့် တနင်္သာရီမြို့ပေါ်၌ ရေကြီးလျက်ရှိ
စာမျက်နှာ ✧ ၁၁

မကွေးတိုင်းဒေသကြီးရှိ ခေတ်မီဆီစက်လုပ်ငန်းမှ နှမ်းဆီမွှေးထုတ်လုပ်၍ ပြည်ပတင်ပို့

နေပြည်တော်　　စက်တင်ဘာ　　၂၆

သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် စက်တင်ဘာ ၂၃ ရက် မွန်းလွဲပိုင်းတွင် မကွေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်နှင့် မြေလတ်သား အထွေထွေရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်တို့ ပေါင်းစပ်ဆောင်ရွက်လျက်ရှိသော ခေတ်မီဆီစက်လုပ်ငန်းသို့ သွားရောက်ရာ အသင်းအတွင်းရေးမှူးက အသင်းအနေဖြင့် နှမ်းဆီမွှေးထုတ်လုပ်၍ ပြည်ပသို့ တင်ပို့ခြင်းလုပ်ငန်း၊ နှမ်းထုတ်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် အများပိုင်သမဝါယမအသင်းအဖြစ် ပြောင်းလဲ၍ တိုင်းဒေသကြီးအတွင်းရှိ အခြေခံနှင့် မြို့နယ်သမဝါယမအသင်းများ ပါဝင်နိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နှမ်းလှော်ဆီမွှေး ထုတ်လုပ်ခြင်း၊ အခွံချွတ်နှမ်းလှော်ထုတ်လုပ်ခြင်းနှင့် နှမ်းလှော်ယို ထုတ်လုပ်ခြင်း နည်းပညာများဖြင့် ထုတ်လုပ်ရောင်းချနိုင်ပြီဖြစ်၍ ၎င်းအတွက် လိုအပ်သော နှမ်းကုန်ကြမ်းများ လိုအပ်သလောက် စဉ်ဆက်မပြတ် ထုတ်လုပ်နိုင်ရေး အရေးကြီးကြောင်း၊ သို့ပါ၍ နှမ်းကုန်ကြမ်းများ စဉ်ဆက်မပြတ် ရရှိနိုင်ရေးအတွက် ကျေးရွာသမဝါယမအသင်းများနှင့် အသင်းသားများဖြင့် ညှိနှိုင်း၍ နှမ်းကန်ထရိုက် Farming ထူထောင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့အတူ ကုန်ချောဈေးကွက် စဉ်ဆက်မပြတ် ခိုင်မာရေးနှင့် တိုးချဲ့နိုင်ရေးအတွက်လည်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ပြင် အစဉ်တီထွင်ကြံဆနေရန် လိုအပ်သည့်အတွက် သုတေသနနှင့် ဖွံ့ဖြိုးရေးအဖွဲ့ငယ်ပါ ဖွဲ့စည်းပြီး နှမ်းစိုက်ပျိုးခြင်း၊ နှမ်းလှော်ဆီမွှေး ထုတ်လုပ်ခြင်း၊ အခွံချွတ်နှမ်းလှော်ထုတ်လုပ်ခြင်းနှင့် နှမ်းလှော်ယို ထုတ်လုပ်ခြင်းတို့ကို စဉ်ဆက်မပြတ် လေ့လာသုတေသနပြု မြှင့်တင်သွားရန်လိုကြောင်း၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖**

(၁၁၅) မိုင် ယာဉ်ရပ်နားစခန်းရှိ ကျူးကျော်ဈေးဆိုင်ခန်းများရှင်းလင်း သန့်ရှင်းသာယာလှပရေးအတွက် ဆက်လက်ဆောင်ရွက်

နေပြည်တော်　　စက်တင်ဘာ　　၂၆

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး(၁၁၅)မိုင်ယာဉ်ရပ်နားစခန်းရှိ ကျူးကျော်ဈေးဆိုင်ခန်းများ ရှင်းလင်းသွားပြီဖြစ်၍ သန့်ရှင်းသာယာလှပရေးကို ပြန်လည်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

အမြန်လမ်းမကြီး၏ ရန်ကုန်-နေပြည်တော်လမ်းပိုင်းကို ဖွင့်လှစ်ပြီးနောက် ယာဉ်များ ခေတ္တရပ်နား အပန်းဖြေနိုင်ရန် (၁၁၅)မိုင် ယာဉ်ရပ်နားစခန်းကို ယာဉ်ရပ်နားကွင်းများ၊ စားသောက်ဆိုင်ခန်းများဖြင့် စနစ်တကျတည်ဆောက်ဖွင့်လှစ်ပေးခဲ့သည်။

စတင်ဖွင့်လှစ်ခါစက ကျူးကျော်ဆိုင်ခန်းများ၊ ဈေးသည်များမရှိခဲ့သော်လည်း မကြာမီတွင် အနီးဝန်းကျင်မှ လာရောက်ရောင်းချသည့် ခေါင်းရွက်ဗျပ်ထိုးဈေးသည်များ ပေါ်ပေါက်လာခဲ့သည်။ ထို့နောက် ယာဉ်ရပ်နားကွင်းများ၊ **စာမျက်နှာ ၈ ကော်လံ ၅ သို့ ✳**

ကြော်ငြာစာမျက်နှာ အပိုပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ကြော်ငြာစာမျက်နှာ (က၊ ခ၊ ဂ၊ ဃ၊ င၊ စ၊ ဆ၊ ဇ) အပိုရှစ်မျက်နှာ ပါရှိပါသည်။

ဒစ်ဂျစ်တယ်ကင်မရာနှင့် လျှပ်စီးကြောင်းအန္တရာယ်

တင်ထက်ထက်ဇော်

ဓာတ်ပုံရိုက်လိုက်တဲ့အခါ ကင်မရာထဲမှ ထွက်လာသောအလင်းရောင်နှင့် လမ်းမပေါ်ဓာတ်တိုင်ရှိ ဗို့အားပြည့်လျှပ်စစ်စီးကြောင်းများ ရုတ်တရက် ထိတွေ့ခြင်းက ကင်မရာမင်း (ဓာတ်ပုံရိုက်သူ)ကို ဓာတ်လိုက်၍ အသက်ဆုံးရှုံးစေကြောင်း General Knowledge For All (ခေါ်) အင်တာနက်သတင်းမှာ ဇူလိုင် ၂၂ ရက် ၄ နာရီ ၄၃ မိနစ်တွင် ဖော်ပြသွားခဲ့ပါတယ်။

အိန္ဒိယနိုင်ငံ Maharashtra ပြည်နယ် Amravati တွင် လေ့လာရေးခရီးမှပြန်လာကြသော အင်ဂျင်နီယာ ပထမနှစ် ကျောင်းသားတစ်ဖွဲ့ဟာ မီးရထားစောင့်ဆိုင်းနေကြရင်း ရထားမလာခင် အမှတ်တရဓာတ်ပုံများကို ဟန်းဖုန်းများ၊ ဒစ်ဂျစ်တယ်ကင်မရာများနဲ့ရိုက်ကာ မှတ်တမ်းတင်ကြပါတယ်။ အဆိုပါအဖွဲ့မှ အသက် (၁၉)နှစ်အရွယ် ကျောင်းသားတစ်ယောက်ဟာ အုပ်စုလိုက်ဓာတ်ပုံအမှတ်တရ ရိုက်ယူချင်တာကြောင့် ဒစ်ဂျစ်တယ်ကင်မရာကိုင်ပြီး ရှေ့တိုးနောက်ဆုတ်ချိန်ရင်း သံလမ်းဘေးတစ်ဖက်တစ်ချက်ရှိ ဗို့အား ၄၀၀၀၀ ရှိတဲ့ လျှပ်စစ်ဓာတ်တိုင်အောက် ရောက်ရှိခဲ့ပါတယ်။ သူကင်မရာခလုတ်နှိပ်ပြီး ဓာတ်ပုံရိုက်လိုက်တယ်ဆိုရင်ပဲ ကင်မရာမှထွက်လာတဲ့ အလင်းရောင်နဲ့ ဓာတ်တိုင်ရဲ့ လျှပ်စစ်စီးကြောင်းတို့ထိတွေ့ပြီး ချက်ချင်းဆိုသလို သူ့လက်ချောင်းမှတစ်ဆင့် တစ်ကိုယ်လုံးလျှပ်စစ်စီးဝင်ကာ ဓာတ်လိုက်ခံရပါတော့တယ်။ တစ်စက္ကန့်အတွင်းမှာပဲ သူ့ကိုယ်တစ်ခြမ်းမီးစွဲလောင်သွားခဲ့ပါတယ်။ သူဘာကြောင့် ရုတ်တရက်သတိလစ်လဲကျသွားတာကို သူငယ်ချင်းများက အံ့သြနေကြပါတယ်တဲ့။ မွမ်ဘိုင်းမြို့ရှိ Keshvani ဆေးရုံ ရောက်တဲ့အထိ သတိမလည်လာသေးပါဘူး။ ပြင်းထန်တဲ့ ဓာတ်လိုက်ခံရမှုကြောင့် သူ့ခန္ဓာကိုယ်တွင်း ဇီဝဖြစ်စဉ် ရှုပ်ထွေးနေလို့ ဆရာဝန်များက မျှော်လင့်ချက်မရှိကြောင်း ပြောပါတယ်။ မကြာမီ သူကွယ်လွန်သွားခဲ့ပါတယ်။

ဓာတ်လိုက်ခံရပါက

အသက်ရှူလမ်းကြောင်း ကမောက်ကမဖြစ်ကာ ရုတ်တရက်လဲကျသွားခြင်း၊ ကြွက်သားများ ရှုံ့တွကျုံ့သွားခြင်း၊ လေသင်တုန်းဖြတ်သွားခြင်း၊ ခန္ဓာကိုယ်တွင်း ရေဓာတ်ဆုံးရှုံးသွားခြင်း၊ မီးလောင်ဒဏ်ရာရခြင်း (သို့မဟုတ်) အသားများကွဲအက်ခြင်း၊ သွေးခဲခြင်း၊ တစ်သျှူးများသေသွားခြင်း၊ နှလုံးနဲ့ ကျောက်ကပ်တို့ပျက်စီးသွားခြင်း၊ အသက်ဆုံးရှုံးခြင်း စသည်တို့ဖြစ်စေပါတယ်။

ဓာတ်လိုက်ခံရသူကို ရှေးဦးသူနာပြုစုနည်း

ဓာတ်လိုက်ခံရပါက ရုတ်တရက်တုန်/ခုန်စွာ ခံစားရသလို ဗို့အားပြင်းပါက ချက်ချင်းအသက်ဆုံးရှုံးသွားသည်အထိ ဖြစ်စေပါတယ်။
(၁) အကယ်၍ မိမိမျက်စိရှေ့မှာ ဓာတ်လိုက်ခံနေရသူကို မြင်တွေ့ရသောအခါ ထိုသူကို ချက်ချင်းသွားမထိပါနဲ့ဦး။ မိမိကိုယ်ကို လျှပ်စစ်စီးကြောင်း စက်ကွင်းမှလွတ်အောင် ဝေးရာသို့ အမြန်ခုန်ရှောင်လိုက်ပါ (သင်အန္တရာယ်ကင်းမှသာ ထိုဓာတ်လိုက်ခံနေရသူကို ကယ်တင်ပေးနိုင်မှာ ဖြစ်ပါတယ်)။ (၂) ဓာတ်လိုက်ခံနေရသူသည် မီးခလုတ်ကို လက်ကကိုင်လျက်တန်းလန်းဖြစ်နေပါလျှင် ထိုသူကို လျှပ်စီးကြောင်းပြတ်တောက်စေဖို့ မီတာပုံးရှိ ဖြူးကို အမြန်ဖြုတ်ချလိုက်ပါ။ အကယ်၍ အကြောင်းအမျိုးမျိုးကြောင့် မီတာပုံးရှိ ဖြူးကိုဖြုတ်ချဖို့ အဆင်မပြေခဲ့ရင် တံမြက်စည်းလက်ကိုင်အရိုး (သို့မဟုတ်) ရေမစိုသော ဝါး/သစ်သားတုတ် (သို့မဟုတ်) သတင်းစာစက္ကူ (သို့မဟုတ်) ကော်ပေတံ စသည့် လျှပ်စီးကြောင်းမကူးစေသော ပစ္စည်းတို့ဖြင့် ထိုသူကိုင်နေသော မီးခလုတ်ကို ပိတ်ပေးပါ။ (၃) လူနာလျှပ်စီးအန္တရာယ်မှ ကင်းလွတ်ကြောင်း သေချာသွားပြီဆိုမှသာ သင်သူ့ကို စတင်ထိတွေ့ကိုင်တွယ်ပါ။ (၄) လူနာအသက်ရှူ မရှူ စစ်ဆေးပါ။ သွေးခုန်နေသလား စစ်ဆေးပါ။ အကယ်၍ အသက်ရှူနေတယ်၊ သတိမလစ်ဘူးဆိုရင် ထိုသူ၏ခန္ဓာကိုယ်အနှံ့ ဒဏ်ရာဒဏ်ချက် ရှိ၊ မရှိ စစ်ဆေးပါ။ အမြင်/အကြားအာရုံ ကောင်း၊ မကောင်း စကားပြောကြည့်ပါ။ မီးလောင်ဒဏ်ရာ ခပ်သေးသေးဆိုရင် အပူလောင်ပျောက်ဆေးတစ်ခုခု လိမ်းပေးနိုင်ပါတယ်။ မီးလောင်ဒဏ်ရာကြီးပါက ကြမ်းကြမ်းတမ်းတမ်း မကိုင်မိပါစေနှင့်။ လူနာတင်ယာဉ်လာတဲ့အထိ စောင့်ပါ။ (၅)ဓာတ်လိုက်၍ ရုတ်တရက်လဲကျခြင်းကြောင့် ခေါင်းကွဲခြင်း၊ နဖူးပေါက်ခြင်း၊ ခြေ/လက် ကျိုးပဲ့ခြင်း၊ ခန္ဓာကိုယ်မှာ သွေးထွက်သံယိုအနာတရဖြစ်ခြင်းတို့အတွက် လူနာတင်ကားမလာခင် သွေးထွက်မလွန်အောင် တတ်ကျွမ်းနားလည်သလောက်ပြုစုပါ။ (၆) များသောအားဖြင့် ဓာတ်လိုက်ခံရတဲ့အခါ သတိလစ်မေ့မြော၍ နှလုံးခုန်ရပ်တန့်သွားစေလို့ သူ့နှလုံး ပြန်ခုန်လာစေပြီး အသက်ရှူနိုင်အောင် CPR (ခေါ်) နှလုံး၊ အဆုတ်တို့ကို ပြန်လည်အလုပ်လုပ်စေတဲ့ ရှေးဦးသူနာပြုနည်းဖြင့် ပြုစုပါ။ (၇) အရေးပေါ်လူနာတင်ယာဉ်မလာမချင်း လူနာကို တခြားနေရာသို့ ရွှေ့ပြောင်းပေးဖို့ မကြိုးစားပါနဲ့၊ အဘယ့်ကြောင့်ဆိုသော် သင်ရဲ့မကျွမ်းကျင်မှုက ထိုလူနာကို နာကျင်မှုဒဏ်ရာ ပိုဖြစ်စေတတ်လို့ပါ။ (၈) လူနာတင်ယာဉ် မလာမချင်း လူနာအနားမှာ စောင့်ကြည့်ပေးပြီး စောင်ပါးပါးခြုံထားပေးပါ။ (၉) ဆေးရုံရောက်သွားတဲ့အခါမှာ သက်ဆိုင်ရာဆရာဝန်များက လိုအပ်သလို နှလုံး ECG ရိုက်ခြင်း၊ သွေးပေါင်ချိန်စစ်ဆေးခြင်း၊ CT scan ဆွဲခြင်း၊ MRI စစ်ဆေးခြင်း စသည်ဖြင့် လိုအပ်သလို ပြုစုပေးပါလိမ့်မယ်။

ကာကွယ်နည်း

ကာကွယ်ခြင်းက ကုသခြင်းထက်ပိုမိုထိရောက်လို့ နောင်ရေးစိတ်အေးရအောင် မိမိအိမ်ရှိ ဝါယာကြိုးများနဲ့ ပလပ်ပေါက်များ ပေါက်ပြဲမှု ရှိ၊ မရှိ စစ်ဆေးပါ။ အိမ်ရှိမိသားစုဝင်များအားလုံးကို မီးခလုတ်နဲ့ လျှပ်စစ်ပစ္စည်းများအား အန္တရာယ်ကင်းစွာ ကိုင်တွယ်ပုံအကြောင်း သတိပေးပါ။ ကလေးငယ်များကို မီးခလုတ်၊ ပလပ်ပေါက်များ ဆော့ကစားခြင်းမပြုရန်နှင့် လျှပ်စစ်အန္တရာယ် လွန်စွာကြောက်စရာကောင်းကြောင်း သင်ပြပါ (ဖြစ်နိုင်ရင် ဓာတ်လိုက်စေနိုင်သည့် ပစ္စည်းများကို ကလေးတွေ မတွေ့ထိနိုင်တဲ့နေရာမှာ ထားပါ)။

တိုက်ကြီးမြို့နယ်တွင် နဂါးမောက်ပင်များ စိုက်ပျိုးအောင်မြင်

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်တွင် နဂါးမောက်ပင်များ စိုက်ပျိုးအောင်မြင်လျက်ရှိကြောင်း သိရသည်။ နဂါးမောက်ပင်စိုက်ပျိုးရာတွင် ရှေးဦးစွာ အမြင့် ငါးပေ၊ ဖြတ် လေးလက်မရှိသော ကွန်ကရစ်တိုင် (သို့မဟုတ်) သစ်သားတိုင်များကို ပင်ခြား ခြောက်ပေ၊ တန်းခြား ငါးပေ အကွာစိုက်ပါ။ တိုင်ခြေပတ်လည်တွင် နှစ်ပေပတ်လည်၊ နှစ်ပေအနက်ကျင်းများတူးပြီး မြေဆွေးများထည့်ရပါမည်။ မြေတွင်းပိုးများ ကာကွယ်နိုင်သော အော်ဇင်းကဲ့သို့ ခြသတ်နိုင်သောဆေး စားပွဲတင်ဇွန်း တစ်ဇွန်းထည့်ပြီး ငါးရက်ခန့် မြေနှပ်ရပါမည်။ ထိုကျင်းများတွင် နဂါးမောက်ပင် တစ်ပေခွဲအရွယ်ရှိသော အပင်များကို ကွန်ကရစ်တိုင် တစ်တိုင်ပတ်လည်တွင် လေးပင်နှုန်းစိုက်ပါ။ မြေကြီးကို သေချာစွာဖိရပါမည်။ တိုင်တွင် တွယ်ကပ်နိုင်ရန် နဂါးမောက်ပင်ကို ကြိုးချည်ထားပါ။ ကျောက်တိုင်ထိပ်တွင် သစ်သားတန်းများ ထည့်ပေးရပါမည်။ နွေရာသီတွင် ရေမှန်မှန်လောင်းပေးပါ။ အပင်မှအတက်များ ထွက်လာသောအခါ မြေသြဇာအဖြစ် တစ်တိုင်လျှင် တီဆူပါ နို့ဆီဘူး နှစ်ဘူး၊ နွားချေး၊ ဝက်ချေး တစ်ပြည်၊ ပုလဲနို့ဆီဘူး တစ်ဘူး ရောမွှေပြီး ကျွေးရပါမည်။

တစ်နှစ်သားအရွယ်ရောက်သောအခါ အဖူးအပွင့်များ ထွက်ကာ သီးကင်းဝင်စပြုပါသည်။ များသောအားဖြင့် ဧပြီလကုန်နှင့် မေလဆန်းပိုင်းတွင် စတင်သီးကင်းဝင်သည်။ တစ်နှစ်သားအရွယ်တွင် သီးကင်းနည်းပြီး တစ်ပင်လျှင် ၁၀ လုံးခန့် သီးသည်။ နှစ်ကြာလာသည်နှင့်အမျှ အသီးပိုသီး၍ အသီးလည်းကြီးလာသည်။ နဂါးမောက်သီးကောင်းမွန်စေရန် အပင်မှထွက်သော အချို့အကိုင်းအခက်များကို ဖယ်ရှားပေးရပါမည်။ နဂါးမောက်ပင်များသည် မျိုးကိုတစ်ခါဝယ်ရပြီး ဆက်လက်စိုက်ပျိုးရန်အတွက် မျိုးကို မိမိအပင်မှ တစ်လက်မခွဲကိုင်းများဖြတ်၍ စိုက်ပျိုးနိုင်သောကြောင့် အလွယ်တကူစိုက်ပျိုးနိုင်သည်။ နဂါးမောက်ပင်များ စိုက်ပျိုးခြင်းဖြင့် ခြံစိုက်တောင်သူများ ဝင်ငွေကောင်းလျက်ရှိပြီး ခြံကြီးများတွင် နဂါးမောက်ပင်များကို ကွန်ကရစ်တိုင် ၃၀၀ မှ ၁၈၀၀ အထိ တစ်တိုင်လျှင် လေးပင်နှုန်းစိုက်ပျိုးလျက်ရှိပြီး ထွက်ရှိလာသော နဂါးမောက်သီးများကို တစ်ကီလိုလျှင် ၂၀၀၀ နှုန်းဖြင့် အရွယ်စုံ နဂါးမောက်သီးများကို တစ်လုံးလျှင် ကျပ် ၅၀၀မှ ၁၀၀၀ အထိ ရောင်းရကြောင်း သိရသည်။ နဂါးမောက်သီးသည် အဖြူ၊ အနီ၊ အဝါ သုံးမျိုးရှိရာ အနီသီးကို ပို၍နှစ်သက်ကြသည်။ နဂါးမောက်သီးစားခြင်းဖြင့် သွေးတိုးရောဂါ သက်သာစေသည်။

ယခုအခါ ဈေးကွက်ဝင်လူကြိုက်များသည့် နဂါးမောက်ပင်ကို တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ထွန်းလှိုင်(မြိုင်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
[illegible] ဝယ်ယူနိုင်ရေးအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
[illegible]

လှိုက်လှဲစွာဝမ်းမြောက်ကြိုဆိုခြင်း

IKBZ Insurance (အပြည်ပြည်ဆိုင်ရာကမ္ဘောဇအာမခံလုပ်ငန်း) ၏

အထက်မြန်မာပြည်ရုံးချုပ် ကို ၂၄-၉-၂၀၁၃ရက်နေ့တွင်

မန္တလေးတိုင်းဒေသကြီး-မန္တလေးမြို့ ၌ အောင်မြင်စွာဖွင့်လှစ်ခဲ့ခြင်းအတွက်

အထူးဂုဏ်ယူဝမ်းမြောက်ကြိုဆိုပါကြောင်းနှင့်တိုးတက်အောင်မြင်ပါစေကြောင်း

ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဥက္ကဋ္ဌနှင့်အလုပ်အမှုဆောင်အဖွဲ့
မန္တလေးတိုင်းဒေသကြီး၊ ကျောက်မျက်ရတနာ
လုပ်ငန်းရှင်များအသင်း

ပိုးထည်ချစ်သူများအတွက် သတင်းကောင်း
ပိုးထည်

GIVE YOUR CHILD AN EDUCATION THAT THEY CAN RELY ON
FOR THE REST OF THEIR LIVES
• Pre-School • Primary
• Secondary • IGCSE/'A' level
• Sat-Sun 'WISE' Classes
"Fit Brains Gain More"
BRAINWORKS
K-12 INTEGRATED SCHOOL
An ISO 9001:2008 and 14001:2004 Certified Institution

TOSHIBA
Leading Innovation >>>
Toshiba
တစ်ကျပ်သား
ရွှေဆွဲပြား ကံစမ်းမဲ
+
ချက်ချင်းရယူနိုင်သော
အထူးလက်ဆောင်
FREE
FREE
DVD Player
FREE
Electric Fan
FREE
Cap
FREE
1.8L
Rice Cooker
FREE
Coffee Maker
FREE
Cap

CAPITAL hypermarket
3rd ~ 13rd Oct 2013
FURNITURE & BEDDING FAIR
ပရိဘောဂနှင့် အိပ်ခန်းအသုံးအဆောင်ပစ္စည်းများ သီတင်းကျွတ်အကြို
အထူးဈေးရောင်းပွဲတော်
SWEETY HOME
PWINT OO
GoldCoil
Eagle
Yangon No.14-E, Min Nandar Road, Dawbon Township, Yangon. Ph : 553 138, 551 533 Fax : 553 134
Nay Pyi Taw No.2, Yarzathingaha Rd., Deckkhina Thiri Township (Hotel Zone-1), Nay Pyi Taw. Ph : + 067 422 070 Fax : +67 422 073

RICH LIFE
Construction & Decoration
OUR ART IS TIMELESS DESIGN
Hot Line 09 2501 90379, 09 420 245116, 09 420 255300
Bldg 5 Junction Square Yangon

တရားမဝင်ကုန်စည်များ ဖမ်းဆီးရမိ

ပဲခူး စက်တင်ဘာ ၂၆

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် စစ်တောင်းတံတားအဟောင်း အသစ်ဆုံရာ လမ်းဆုံတွင် စားသုံးသူအကာအကွယ်ပေးရေးနှင့် တရားမဝင်ကုန်သွယ်မှုတားဆီးနှိမ်နင်းရေးအဖွဲ့ Mobile Team-2 မှ မြဝတီ-ရန်ကုန်သို့ပြေးဆွဲသည့် ယာဉ်များပေါ်မှ တရားမဝင်ကုန်စည်ပစ္စည်းမျိုးစုံ ၂၉မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၉၁၂၄၄၀၀) ဖမ်းဆီးရမိကြောင်း သိရသည်။

"ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဉပေဒအရ ပစ္စည်းသိမ်းတယ်၊ ဒဏ်ကြေးဆောင်ပြီး ပြန်ရွေးတယ်၊ ပစ္စည်းသယ်လာတဲ့လူကို အရေးယူလို့မရဘူး။ ပြစ်ဒဏ်က ဒဏ်ကြေးဆိုတော့ ဘယ်သူမှ မကြောက်ဘူး"ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။

တရားမဝင်ကုန်သွယ်မှုတားဆီးရေးကော်မတီမှ ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဉပဒေဖြင့် ၂၀၀၄ ခုနှစ်မှစ၍ အရေးယူခဲ့ခြင်းဖြစ်ပြီး အဆိုပါ ဉပဒေပြစ်ဒဏ်များသည် ပြောင်းလဲလာသည့် ခေတ်စနစ်နှင့် မညီတော့သောကြောင့် စက်တင်ဘာ ၁၆ ရက်မှစ၍ တရားမဝင်ကုန်သွယ်မှုများကို ပို့ကုန်သွင်းကုန် ဉပဒေ ၂၀၁၂ ဖြင့် စတင်အရေးယူမည်ဖြစ်ပြီး တရားမဝင်ကုန်သွယ်မှုကို တရားစွဲဆိုသွားမည်ဟု သိရသည်။

"ပစ္စည်းကို သိမ်းမယ်၊ သယ်လာတဲ့ကားကိုလည်း သိမ်းမယ်၊ လူကိုလည်း တရားစွဲမယ်၊ ဒီ့အပြင် နောက်ကွယ်က စီမံခန့်ခွဲသူကိုလည်း အရေးယူမယ်၊ ဉပဒေအရ အမြင့်ဆုံးပြစ်ဒဏ်မှာ ထောင်ဒဏ် သုံးနှစ်ဖြစ်တယ်၊ ဒဏ်ငွေလည်းပါဝင်မယ့်အပြင် ပြစ်ဒဏ် နှစ်မျိုးလုံးဖြစ်စေ၊ တစ်မျိုးတည်းဖြစ်စေ ချမှတ်နိုင်ပြီး ကျူးလွန်တဲ့အခြေအနေပေါ်မူတည်ပြီး အရေးယူသွားမှာဖြစ်တယ်။ တင်ပို့တင်သွင်းခြင်းဆိုင်ရာတွေနဲ့ပတ်သက်လို့ အလွဲ၊ အမှား၊ အပိုစတဲ့ စစ်ဆေးတွေ့ရှိမှုတွေကို ပင်လယ်ရေကြောင်းအကောက်ခွန် ဉပဒေအရ အရေးယူမှာဖြစ်တယ်" ဟု Mobile Team-2 မှ တာဝန်ရှိသူတစ်ဦးက ပြောကြားကြောင်း သိရသည်။

သုလင်း(ဟံသာမြေ)

ဒန့်သလွန်ရွက်သတ္တုရည်၏ အစွမ်းထက်ပုံ

ကြည်လွင်မြင့်(မုဒြာ)

ဒန့်သလွန်ရွက်သည် အိမ်ရှင်မတို့အကြိုက် မီးဖိုချောင်သုံးဟင်းချက်စရာဖြစ်သည်။ မိုးရာသီတွင် ရွက်နုများ လိုင်လိုင်ထွက်သဖြင့် ဟင်းချိုချက်သောက်ကြသည်။ ကြက်သွန်ဖြူ ပုစွန်ခြောက်တို့ဖြင့်ချက်သော ဒန့်သလွန်ရွက်ဟင်းချိုသည် နူတ်မြိန်စရာဖြစ်သည့်အပြင် အစာကိုကြေစေသည်။ ထို့အပြင် ထူးခြားသော ဒန့်သလွန်ရွက်အာနိသင်မှာ 'သွေးတိုးရောဂါ' မှကာကွယ်ပေးခြင်းဖြစ်သည်။

ယခုမိုးရာသီတွင် မိုးမိခြင်းကြောင့် နှာစေးခြင်း၊ ခေါင်းအုံ ခေါင်းကိုက်ခြင်း၊ မိုးအုံ့လျှင် မျက်ရိုးကိုက်ခြင်းစသည့် အာဂန္တုဝေဒနာများဖြစ်လေ့ရှိသည်။ သာမန်ဉတုကြောင့်ဖြစ်သော အဖျားအနာဝေဒနာလေးများကို အနောက်တိုင်း ဆေးအပြင်းများသောက်မည့်အစား ရိုးရာဆေးမြီးတိုဖြင့် ကုသပျောက်ကင်းလျှင် ငွေကုန်ကြေးကျနည်းသဖြင့် စမ်းသပ်ကြည့်သင့်သည်။

မိုးမိခြင်း၊ ရာသီဉတုပျက်ခြင်း၊ လေစိမ်းများတိုက်ခြင်းတို့ကြောင့်ဖြစ်သော ခေါင်းအုံခေါင်းကိုက်၊ မျက်ရိုးကိုက်ဝေဒနာကို လက်တွေ့လွယ်ကူစွာပျောက်ကင်းနိုင်သောနည်းမှာ ဒန့်ဒလွန်ရွက်သတ္တုရည်ဖြင့် မျက်စဉ်းခတ်ပေးခြင်းဖြစ်သည်။ သတ္တုရည်ဆိုသော ဗိန္ဒောဆေးအသုံးအနှုန်းမှာ အရွက်ကိုရေစင်ကြယ်စွာဆေးပြီး လက်ဖြင့်ဖြစ်စေ၊ ပိတ်စဖြင့် ထုပ်၍ဖြစ်စေ ညှစ်ယူရရှိသောအစိမ်းရည်ဖြစ်သည်။ ဒန့်ဒလွန်ရွက်လက်တစ်ဆုပ်ခန့်ကို သန့်စင်သောငရုတ်ဆုံတွင် အနည်းငယ်ညက်အောင် ထောင်းပါ။ ထို့နောက် မိမိလက်ကို စင်ကြယ်အောင်ဆေးကြောပြီး ထောင်းထားသောအရွက်ကို ဆုပ်၍ညှစ်ချလျှင် သတ္တုရည်ကိုရရှိနိုင်ပါသည်။

ရှေးအခါက တောရွာများတွင် ဗိန္ဒောဆရာများသည် မိုးမိပြီးဖျားသူ၊ ငှက်ဖျားဟောင်းပြန်ထပြီးဖျားသူ၊ ချမ်းတုန်ပြီး ဖျားသူများကို ငန်းဆေးဟုခေါ်သည့် အဖျားပြတ်ဆေးများကို ကွမ်းရွက်ပြုတ်ရည်စသည့်ဖြင့်တိုက်သည့်အပြင် အဖျားကြောင့် မျက်စိမဖွင့်နိုင်၊ ခေါင်းအုံခေါင်းကိုက်ဖြစ်နေသူကို ဒန့်သလွန်ရွက်သတ္တုရည်ဖြင့် မျက်စဉ်းခတ်ပေးခြင်းဖြင့် လျင်မြန်စွာသက်သာနိုင်ကြောင်း သိရှိရသည်။ မျက်စိသည် ဦးနှောက်နှင့်အလွန်နီးကပ်စွာဆက်သွယ်သော အာရုံကြောများရှိသဖြင့် မျက်စဉ်းခတ်ပေးခြင်းသည် ဦးနှောက်ကိုနှိုးဆွပေးရာရောက်ပြီး မျက်ရည်ပူများကျသွားသောအခါ အလင်းကြောများပွင့်ပြီး အဖျားနှင့်ခေါင်းကိုက်ခြင်း၊ မျက်ရိုးကိုက်ခြင်းများပါ သက်သာသွားသည်ဟု ဆိုသည်။

ဒန့်သလွန်ရွက်သတ္တုရည်၏ နောက်တစ်မျိုးဆေးဖက်အသုံးဝင်ပုံမှာ အဖျားရက်ရှည်ပြီးနောက် ချောင်းခြောက်ဆိုးဝေဒနာအတွက် ဒန့်သလွန်ရွက်လက်တစ်ဆုပ်ကိုထောင်းပြီး အရည်ညှစ်ယူသောအခါ ဆား(အိမ်သုံးဆားကြမ်း) အနည်းငယ် ထည့်ထောင်းရသည်။ ညက်သောအခါ ပိတ်စဖြင့်ထုပ်၍ဖြစ်စေ၊ လက်သန့်သန့်ဖြင့် ညှစ်၍ဖြစ်စေ အရည်ကို ဟင်းစားဇွန်းသုံးဇွန်းရအောင်ယူပြီး နံနက် တစ်ကြိမ်၊ နေ့လယ်တစ်ကြိမ်၊ ညအိပ်ရာဝင်ခါနီးတစ်ကြိမ် တိုက်ပေးလျှင် ချောင်းဆိုးဝေဒနာသက်သာပျောက်ကင်းစေနိုင်သည်။

ကလေးငယ်များတွင်ဖြစ်သော ကြက်ညှာချောင်းဆိုးဟုခေါ်သော မျက်စိများနီရဲအောင်ဆိုးသည့်ချောင်းဆိုး ရောဂါကိုလည်း ဒန့်သလွန်ရွက်ထောင်းပြီး အရည်ကို ဆားခတ်တိုက်ခြင်းဖြင့် သက်သာစေနိုင်သည်။ သို့သော် ဆားစိမ်းကို အသုံးမပြုဘဲ အိမ်သုံးဆားကို သံဒယ်အိုးတွင်လှော်ထားသောဆားကို သုံးလျှင် ပိုကောင်းသည်။ အချို့ တောရွာများတွင် သံဒယ်အိုးမရှိလျှင် ဆားကိုစလူရွက်ဖြင့် ထုပ်၍ ဆားမီးဖုတ်ပြုလုပ်ကာ သံပရာရည်၊ ဒန့်သလွန် ရွက်သတ္တုရည် နှစ်မျိုးပေါင်းစပ်၍ တိုက်ခြင်းဖြင့်လည်း ကြက်ညှာချောင်းဆိုးရောဂါပျောက်ကင်းစေနိုင်ကြောင်း တင်ပြအပ်ပါသည်။ ။

မန္တလေးဒေသကောလိပ် (ရတနာဘုံမှီနယ်မြေ) မှာ
ပညာရင်နို့ အတူသောက်စို့ခဲ့ကြဖူးတဲ့ သူငယ်ချင်းတို့ရေ...

၂၀၁၄ ဆိုရင် သူငယ်ချင်းတို့နဲ့ မဆုံဆည်းဖြစ်ခဲ့တာ အနှစ် ၃၀ ကျော်ခဲ့ပြီမို့ လာမယ့် ဇန်နဝါရီ ၅ ရက် ၂၀၁၄ မှာ ကိုယ်တို့ရဲ့ ဒေသ ဆရာ၊ ဆရာမတွေကို ပူဇော်ကန်တော့ရင်း မိတ်ဆုံညစာစားပွဲမှာ ပြန်ဆုံကြရအောင် ....

အာစရိယပူဇော်ပွဲ နှင့် မိတ်ဆုံညစာစားပွဲကို အားလုံး သိုက်သိုက်ဝန်းဝန်း တက်ရောက်ကြဖို့ ဖိတ်ကြားပါတယ်...

အလှူငွေ ထည့်ဝင်ချင်ရင် ယာယီ ဖြစ်မြောက်ရေး ကော်မတီကို ဆက်သွယ် လှူဒါန်းနိုင်ပါတယ် ...

ကျော်မင်း	(0234217)	သက်နိုင်ထွန်း	(092001311)	ဇော်မျိုးဦး(ဗိုဇော်)	(095114994)	မေမိုးလွင်	(095049572)
တင်ထွန်း	(092005859)	တင်လတ်	(092044382)	စိန်မင်း(အရွှတ်)	(092000426)	ခင်မေမင်း	(09403708282)
မျိုးသန့်	(092007508)	နောင်ဦး	(09400636566)	ညွန့်ဇော်	(092001279)	နန်းသန်းစိန်	(092002818)
တင်လွင်	(0943060713)	ခင်ဇော်(ဟာကျီ)	(0947129240)	မောင်မောင်တိုး	(092051874)	စိုးဝင်းမာ	(092030307)
ခင်မောင်ဇော်	(092005925)	ကျော်ဦး	(092044077)	ကိုကိုကြီး	(096500625)	ခင်မာလာ	(092030513)
သိန်းဆောင်	(092016167)	စောဝင်းနိုင်	(0943012863)	ခင်မောင်ထွေး	(092000124)	ခင်မြို့ဆောင်	(092005305)

Win & San
Diamonds & Fine Jewelry

သိတင်းကျွတ်ပွဲတော်အရောင်းမြှင့်တင်ခြင်းဖိတ်ကြားလွှာ

Win & San Diamonds and Fine Jewelry မှ "သီတင်းကျွတ်ပွဲတော်" အတွက် အထူးအစီအစဉ်အဖြစ် ဖြူသန့်စိန်များဖြင့်ပြုလုပ်ထားသော စက်တည် လက်သည် ဒီဇိုင်းအသစ်အဆန်းများ ဖြူသန့်စိန်အကြေဆိုဒ်မျိုးစုံနှင့်အတူ မြန်မာ့ဘွားဘွက်ကျောက်မျက်ရတနာမျိုးစုံဖြင့် ပြုလုပ်ထားသော လက်ဝတ်ရတနာများ နိုင်ငံတကာအသိအမှတ်ပြုလက်မှတ်ပါ တစ်လုံးစိန်များကို မိတ်ဆွေဟောင်း မိတ်သစ်များအတွက် အထူးလျှော့ဈေး (Discount 12% to 30%) ဖြင့် ရောင်းချမည်ဖြစ်ပါ၍ (28.9.13 မှ 30.9.13) (၃) ရက်တိုင်တိုင် ရောင်းချပေးသွားမည်ဖြစ်ပါသဖြင့် ကြွရောက်အားပေးပါရန် ခင်မင်လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

❖ ဖိတ်စာမရောက်ရှိသော မိတ်ဟောင်း မိတ်သစ်များလည်း လာရောက်ကြည့်ရှုအားပေးနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။ ❖

Show Room (1) ◆ အမှတ် (၃၈-C) အောင်မင်းခေါင်ဘုရားလမ်း ၁၀-ရပ်ကွက် ကမာရွတ်မြို့နယ် ရန်ကုန်မြို့
Ph : 502977, 504679 , 525257, 09-500-6685, 09-506-2773

First Choice Travels & Tours

ကိုရီးယား Drama Tour

OCT 19 | OCT 19, NOV 9,23 | OCT 19, NOV 9,23 | OCT 19, NOV 7,21 | OCT 20, NOV 8,22

BAGAN

Bagan School of Business & Hospitality

American Hotel & Lodging Educational Institute

Global Academic Partner of American Hotel & Lodging Educational Institute

AHLA Basic Certification Courses:
(2 months class room and optional 2 months On Job Training)
- Guestroom Attendant
- Front Desk Representative
- Restaurant Server

AHLA Supervisory Courses Leading to Specialization and Diploma:
(2 months class room and optional 2 months On Job Training)
- Accounting for Hospitality Manager
- Supervision in Hospitality Industry
- Managing Hospitality Human Resources
- Managing Service in Food & Beverage Operations
- Managing Front Office Operations
- Managing House Keeping Operations
- Hospitality Sales & Marketing

Register Now

Inya Lake Hotel , 37 Kaba Aye Pagoda Road

Phone (09) 510-825-10 , (09) 910-520-52, (01) 661-106
Email contact@bagansbh.com, admin@bagansbh.com

TUN FOUNDATION BANK LIMITED VACANCY ANNOUNCEMENT

(1) Hardware Engineer — 2 posts
(2) Network Engineer — 2 posts
(3) IT Assistant — 2 posts
(4) IT Technician — 2 posts

မှုယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးကိုရှောင်ရှားကြပါ

STI Education

Bachelor of Engineering(BE)

Civil and Architectural Engineering
Electronic Engineering
Telecommunication
Computer Engineering

2014 NOVEMBER INTAKE

STI NEW CAMPUS www.stiedu.net
Block-10, MICT Park, Hlaing Campus, Yangon. TEL: 09 2500 84451, 09 3170 2299, 507151/52

သာယာ မြန်မာစာလုံးပေါင်းသတ်ပုံ

မန်နေဂျာရာထူးအလိုရှိသည်

The Conjuring

RC-1
ပညာသင်ကျောင်း

"MILLENNIUM"

MILLENNIUM HOTEL

ဝန်ထမ်းအမြန်အလိုရှိသည်

သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ကုသရေးနှိုးဆော်ချက်

သွေးလွန်တုပ်ကွေးရောဂါသည် ရေကြည်ရေသန့်တွင် ပေါက်ပွားသော အေးဒီးစ်(ခေါ်) ခြင်ကျား(ခြင်ပုန်း)အကိုက်ခံရခြင်းကြောင့် ကူးစက်ဖြစ်ပွားသော ရောဂါဖြစ်သည်။

သွေးလွန်တုပ်ကွေးရောဂါသည် အသက်အရွယ်မရွေး၊ ကလေး လူကြီး အားလုံးတွင် ဖြစ်ပွားနိုင်ပါသည်။ အသက်(၁၅)နှစ်အောက် ကလေးများတွင် ပိုမိုဖြစ်ပွားပြီး သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားလျှင် စောစီးစွာ မကုသပါက အသက်သေဆုံးနိုင်သဖြင့် အချိန်မီ ကာကွယ်ကုသရန် အထူးလိုအပ်ပါသည်။

သို့ဖြစ်၍ ခြင်ကျား(ခေါ်)ခြင်ပုန်း မပေါက်ပွားစေရန်နှင့် မိမိတို့ ရင်သွေးငယ်များ ခြင်ကိုက်မခံရစေရန် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ကြရန် နှိုးဆော်အပ်ပါသည်-

၁။ ကလေးများအား အကျႌလက်ရှည်၊ ဘောင်းဘီရှည် ဝတ်ဆင်ပေးပါ။
၂။ ကလေးများ အိပ်သည့်အခါတိုင်း နေ့/ည မရွေး ခြင်ထောင်ဖြင့် အိပ်ပါ။
၃။ လေကောင်း၊ လေသန့်နှင့် အလင်းရောင်ရရှိစေရန် ပြတင်းပေါက်များ ဖွင့်ထားပါ။
၄။ အိမ်တွင်း၊ အိမ်ပြင် ပတ်ဝန်းကျင်သန့်ရှင်းစွာထားပါ။
၅။ အိမ်ပတ်ဝန်းကျင်ရှိ ရေဝပ်နိုင်သော ချိုင့်ခွက်များတွင် ပိုးလောက်လမ်း မပေါက်ပွားနိုင်အောင် မြေဖို့ပါ။
၆။ ရေသိုလှောင်သည့် ရေစည်၊ ရေအိုးများ၊ ရေလှောင်ကန်များတွင် ပိုးလောက်လမ်း မပေါက်ပွားစေရန် လုံခြုံစွာ ဖုံးအုပ်ထားပါ။
၇။ ဘုရားစင်၊ နတ်စင်များမှ ပန်းအိုးများနှင့် အလှုပန်းအိုးများ၊ ရေအိုးများကို ပိုးလောက်လမ်းများ ကင်းစင်စေရန် နေ့စဉ်တိုက်ချွတ်၍ ရေလဲလှယ်ပေးပါ။
၈။ ဘူးခွံ၊ ပုံးခွံ၊ တာယာဟောင်းများ၊ အိုးခြမ်းပဲ့၊ ပလတ်စတစ်အိတ်၊ အုန်းမှုတ်ခွက် စသည့် မိုးရေတင်ကျန်နိုင်သော နေရာများတွင် ပိုးလောက်လမ်းများ ပေါက်ပွားနိုင်၍ မီးရှို့ခြင်း၊ မြေမြှုပ်ခြင်းပြုလုပ်၍ ရှင်းလင်းပါ။
၉။ ကျန်းမာရေးဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော သွေးလွန်တုပ်ကွေး ကာကွယ်ရေးလုပ်ငန်းများ၌ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါ။
၁၀။ ရပ်ကွက်/ကျေးရွာများအတွင်း သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေး လုပ်ငန်းများဖြစ်သည့် (ဖုံး၊ သွန်၊ လဲ၊ စစ်)လုပ်ငန်းများကို ပြည်သူလူထုမှ နေ့စဉ်၊ အပတ်စဉ် ပူးပေါင်းဆောင်ရွက်ပါ။

သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသည်ဟု သံသယရှိသော ကလေးများကို ဆေးရုံ၊ ဆေးခန်းများသို့ အချိန်မီ ပို့ဆောင်ဆေးကုသမှု ခံယူရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန